# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အနိုင်မယူ ဆုံးရှုံးမှုမရှိ**

တိုက်ခိုက်ရာ၌ အောင်နိုင်သူ၊ ကျရှုံးသူဟူ၍ ရှိရမြဲဖြစ်၏။ နိုင်သူသည် ရန်ကိုပွားစေ၏။ ရှုံးသူသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရ၏။ နှစ်ဦးနှစ်ဖက်စလုံးအဖို့ အကျိုးမဲ့သည်သာဖြစ်၏။ လောဘ၊ ဒေါသ၊ မာန စသော ကိလေသာငြိမ်းပြီးသူတို့အဖို့မူ မည်သူ့ကိုမျှ အနိုင်မယူ၊ အနိုင်မယူသဖြင့် ဆုံးရှုံးမှုမရှိ၊ ဆုံးရှုံးမှုမရှိသဖြင့် ချမ်းသာစွာနေရ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၁)


၁၃၇၈ ခုနှစ် ပြာသိုလကွယ်၊ သောကြာနေ့။ Friday, 27 January 2017 (၈၈၁၉)


# ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဩဝါဒခံယူ



မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင်ဆရာတော်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ သွားရောက်ဖူးမြော်စဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်တို့နှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တ အဂ္ဂိယအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲသို့ တက်ရောက်သည်။

ဩဝါဒခံယူပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြသည့် ဆရာတော်ကြီးများအား

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# ရန်ကုန်မြို့ပတ်ရထား မြန်နှုန်းမြှင့်ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့ပတ်ရထားခရီးစဉ် မြို့တစ်ပတ်ခရီးစဉ်ပြေးဆွဲမှုကို မြန်နှုန်းမြှင့်မည်ဖြစ်ပြီး ကြာမြင့်ချိန်ကို လျှော့ချသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဂျပန်နိုင်ငံ JICA အဖွဲ့၏ ပူးပေါင်းကူညီထောက်ပံ့မှုနှင့်အတူ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအရ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး ရထားပြေးဆွဲမှုမြန်နှုန်းမြှင့်တင်ရန်နှင့် ရန်ကုန်မြို့ပတ်ခရီးစဉ်၏ ပြေးဆွဲမှုကြာမြင့်ချိန်ကို လျှော့ချသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့ပတ်ရထားများ ပြေးဆွဲမှုနှုန်းသည် တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းဖြင့် ပြေးဆွဲနေရာမှ ကီလိုမီတာ ၄၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး မြန်နှုန်းမြှင့်ပြေးဆွဲမှုတွင် ရထားလမ်းတစ်လျှောက် အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလှုပ်ရှားမှုများကို ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်ဘူတာကြီး၊ အင်းစိန်ဘူတာ၊ ကြည့်မြင်တိုင်ဘူတာနှင့် မလွကုန်းဘူတာတို့တွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖





KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြေကြားမှု

# ပြည်သူလူထုပူးပေါင်းပါဝင်မှုအောင်မြင်

မိသားစုတစ်စု ဖွံ့ဖြိုးတိုးတက်ရန် မိသားစုဝင်တိုင်း ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှု လုပ်သမျှကိစ္စများ အောင်မြင်မည်ဟု ထပ်တလဲလဲပြောကြားခဲ့ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာသို့ရောက်ရှိစဉ် ဒေသခံပြည်သူများအား ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် အားလုံးနှင့်သက်ဆိုင်သည့် ပြည်သူလူထု၏တာဝန်နှင့်လုပ်ဆောင်ရမည့် သဘောတရားကို ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိပြည်သူအများစု အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူအများစုအနေဖြင့် အစဉ်အဆက် အုပ်ချုပ်ခံများအဖြစ်သာ မိမိအလုပ်မိမိလုပ်ကိုင်ကာ သင့်သလိုနေထိုင်တတ်ကြသည်။ တိုင်းပြည်၊ မြို့ရွာအရေးအရာများသည် မိမိတို့နှင့်မဆိုင်၊ အုပ်ချုပ်သူလူတန်းစားများ၏ အလုပ်သာဖြစ်သည်ဟု အများအားဖြင့် ခံယူထားကြသည်။

နိုင်ငံတစ်နိုင်ငံမှာ မိသားစုတစ်စုနှင့်အလားတူပြီး မိသားစုတစ်စု၏ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးစသည်တို့ကောင်းမွန်ရေး၊ ညီညီညွတ်ညွတ် စုပေါင်းနေထိုင်ရေးသည် အုပ်ထိန်းသူမိဘတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ မိသားစုဝင်တိုင်းတွင် တာဝန်ရှိပါသည်။ မိဘမည်မျှကြိုးစားကြိုးစား သားသမီးမကြိုးစားလျှင် အချည်းနှီးဖြစ်သကဲ့သို့ သားသမီးမည်မျှကြိုးစားကြိုးစား မိဘ၏ပူးပေါင်းပါဝင်ကူညီအားပေးမှုမရှိလျှင်လည်း အချည်းနှီးပင် ဖြစ်သည်။

ထို့ကြောင့် မိသားစုတစ်စုတွင် မိဘအပါအဝင် မိသားစုဝင်တိုင်း တာဝန်ရှိသလို အသိစိတ်ဓာတ်ရှိရမည်ဖြစ်သည်။ သို့ရာတွင် လက်ဦးဆရာမိဘသည် အထူးအရေးကြီးပြီး မိဘများက တာဝန်သိသည့်စိတ်ဓာတ်ရှိမှ သားသမီးများမှာလည်း တာဝန်သိသော သားသမီးများအဖြစ် ရှင်သန်ကြီးပြင်းလာမည်ဖြစ်သည်။ တာဝန်သိသောမိဘ၏ ဦးဆောင်မှုအောက်တွင် အတူတကွတစည်းတလုံးတည်းနေထိုင်မှ သာယာချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည်လည်း ဤသို့ပင်ဖြစ်သည်။ အုပ်ချုပ်သူအစိုးရသည် မိဘသဖွယ်အဖြစ် ကျင့်ကြံပြုမူလုပ်ကိုင်ရမည်ဖြစ်ပြီး သားသမီးများတည်းဟူသော ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်ကာ ပံ့ပိုးကူညီပေးရမည့် တာဝန်ရှိပေသည်။ သားသမီးများတည်းဟူသော ပြည်သူလူထုသည် အစိုးရတည်းဟူသော မိဘက ဆောင်ရွက်ပေးမှုများကို အကောင်းဆုံးဖြစ်အောင် အသုံးချနိုင်ရေးတာဝန်ရှိသည်။ ထိုမျှသာမက မိမိတို့၏လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ဖြစ်နိုင်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြောရဲဆိုရဲရှိရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကိုယူခဲ့ရသောကာလမှာ တစ်နှစ်ပင်မပြည့်သေး၍ သက်တမ်းနုနယ်သေးသည်ဟု ဆိုနိုင်သည်။ သို့သော်လည်း ပြည်သူလူထု၏လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးလျက်ရှိသလို လိုအပ်ချက်များ၊ အားနည်းချက်များ၊ အခက်အခဲများလည်း ရှိကောင်းရှိနိုင်ပေသည်။ ပြည်သူလူထု၏အရေးကိစ္စများကို ဆောင်ရွက်ရာ၌ မိဘသဖွယ်ဖြစ်သည့် ခေါင်းဆောင်များအားနည်းချက်မရှိစေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထက်ပါခရီးစဉ်တွင် "ပြည်သူလူထုကလည်း ပြောသင့်တာကိုပြောပါ၊ ကိုယ်လုပ်သင့်တာကိုလည်း လုပ်ပါ၊ ဒါပေမယ့် သည်းခံသင့်တဲ့နေရာမှာလည်း သည်းခံပါ၊ သည်းမခံသင့်တဲ့ နေရာမှာတော့ သည်းမခံပါနဲ့"ဟု ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ပြောကြားချက်သည် မိဘသဖွယ်ဖြစ်ရမည့် ခေါင်းဆောင်များနှင့် သားသမီး သဖွယ်ဖြစ်သည့် ပြည်သူလူထုတို့ လုပ်ဆောင်ရမည့် တာဝန်များကို အထင်အရှားသိမြင်နိုင်အောင် ပြောကြားခဲ့ခြင်းဖြစ်ရာ မိမိတို့အလိုရှိရာပန်းတိုင်သို့ရောက်ရှိနိုင်ရေး၊ မျှော်လင့်ချက်များပြည့်ဝရေးအားလုံးပွင့်လင်းမြင်သာစွာ အတူလက်တွဲပြီး အလုပ်ဖြင့် သက်သေပြကြရန် လိုအပ်ပါသည်။ ။




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အဏ္ဏဝါခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လေ့လာကြည့်ရှုစဉ်။

## ထိုင်း-မြန်မာနှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး အဏ္ဏဝါခရီးသွားလုပ်ငန်းလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ထိုင်း-မြန်မာ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံတောင်ပိုင်းတွင် အဏ္ဏဝါခရီးသွားလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောအတွေ့အကြုံနှင့် နည်းလမ်းများ ရရှိနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ရောက်ရှိလျက်ရှိရာ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဖူးခက်မြို့ The Naka Phuket Hotel , Wiwa Wedding Chapet ခန်းမ၌ ကျင်းပသည့် Promotion and Investment in Hospitality and Tourism Industry အစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါအစည်းအဝေးသို့ Ministry of Tourism and Sports Thailand မှ အမြဲတမ်းအတွင်းဝန် Mr. Sawettarwon Pong Panu နှင့် Chief of International affairs Ms.Urairat Naotanworn၊ ထိုင်း-မြန်မာနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဖူးခက်မြို့ရှိ Phuket Boat Lagoon (yacht club) သို့လည်းကောင်း၊ Ao Po Grand Marina နှင့် Phuket Yacht Haven သို့လည်းကောင်း သွားရောက်ကာ စက်တပ်ရွက်လှေကြီးများ (Super Yachts) ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Koa luk ရှိ Casa dela flora ကမ်းခြေဟိုတယ် တည်ဆောက်ထားရှိမှုအခြေအနေများနှင့် ခေါင်လတ်ဆိပ်ခံတံတားမှ ပင်လယ်ပြင်သို့ သွားရောက်လည်ပတ်၍ ရေအောက်အလှရှုခင်းများ လေ့လာခံစားကြမည့် ခရီးသွားဧည့်သည်များ ဆင်း၊ တက်လှုပ်ရှားနေမှုကို ဒေသခံလုပ်ငန်းရှင်များနှင့်အတူ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## စာကြည့်တိုက်များဖောင်ဒေးရှင်းဖွဲ့စည်းရေး စည်းဝေး

**ပဲခူး ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးငြိမ်းသူ (ကြို့ပင်ကောက်)က အစည်းအဝေး ကျင်းပရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ ဒေါ်အိကေသွယ်မင်းက အသင်းဝင်တိုးပွားရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## လူမှုအခြေပြုစာကြည့်တိုက်ဝန်ဆောင်မှု စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဒေးဒရဲ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသားလူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာကြည့်တိုက်သို့ လာရောက်ကာ ပညာရှာမှီးလိုစိတ်များ တိုးပွားလာစေရန် ရည်ရွယ်၍ စာကြည့်တိုက်မှာပညာရှာ ခေါင်းစဉ်ဖြင့် လူမှုအခြေပြုစာကြည့်တိုက်ဝန်ဆောင်မှု အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အထက(၁)၊ အထက(၂)နှင့် အထက(ခွဲ)မြို့မတို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

## လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စီမံကိန်းစက်ဝန်း အစည်းအဝေးကျင်းပ

**ဘီးလင်း ဇန်နဝါရီ ၂၆**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စီမံကိန်းစက်ဝန်းကို လိပ်ခုံးကျေးရွာ၌ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးတို့ကို ဇန်နဝါရီ တတိယပတ်က စတင်ကျင်းပလျက်ရှိရာ ကျေးရွာ၏ အမှန်တကယ်လိုအပ်လျက်ရှိသော စီမံကိန်းလုပ်ငန်းခွဲ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းကို တက်ရောက်လာသော ရွာသူ ရွာသားများက ပူးပေါင်းပါဝင်ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ လိပ်ခုံးကြီးကျေးရွာမှ ဒေသခံ စုစုပေါင်း ၂၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

ပင်လုံစိတ်ထား . . . အစဉ်နှီးကြား
ကြိုးစားဆောင်ရွက် . . . တိုင်းပြည်အတွက်

မြေကြားမှု
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြေကြားမှု Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



ဆရာတော်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ **နိုင်ငံတော်သမ္မတမှ**

တစုတဝေးတည်း ဖူးမြော်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူလိုပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အတုလကာရီ ဆင်မင်းကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက မြတ်စွာဘုရားဟောကြားတော်မူခဲ့သော "ရာဇအပရိဟာနိယ"ခေါ် အစိုးရမင်းတို့၏ မဆုတ်ယုတ်မပျက်စီးကြောင်း တရားတော်နှင့် အစိုးရမင်းများ လိုက်နာကျင့်သုံးအပ်သော "ဒသရာဇဓမ္မ"ခေါ် မင်းကျင့်တရားဆယ်ပါးတို့နှင့်စပ်လျဉ်းသည့် သမ္မောဒနီယဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ဗြိတိန်နိုင်ငံ အောက်လွှတ်တော်၏ မေးခွန်း အမေးအဖြေကဏ္ဍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဇန်နဝါရီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လန်ဒန်မြို့ရှိ Park Plaza Westminster Bridge Hotel ၌ ဗြိတိန်နိုင်ငံ One Brick Court မှ Sir Edward Garnier, QC Barrister, MP နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် အစည်းအဝေးခန်းမအတွင်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်၏ မေးခွန်း အမေးအဖြေကဏ္ဍတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ မေးခွန်းများ ဖြေကြားနေမှုကို တက်ရောက်ကြည့်ရှုလေ့လာသည်။

ထိုသို့လေ့လာစဉ် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက မိမိနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုကြောင်း ကြေညာသည်။ ဆက်လက်၍ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mrs. Theresa May ကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အသိအမှတ်ပြု ကြိုဆိုကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံမှုနှင့် လေ့လာမှုများတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဦးစိုင်းစံသိန်း၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

အသိပညာပေးပြောကြားခြင်းတို့ကို တစ်ပတ်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် ၄၆ ကီလိုမီတာ ရှည်လျားပြီး မြို့ပတ်ဘူတာစဉ် ၃၈ ဘူတာရှိကြောင်း သိရသည်။ မြို့ပတ်ရထားခရီးစဉ် မြို့တစ်ပတ်ပြေးဆွဲမှု ကြာမြင့်ချိန်သည် မိနစ် ၁၇၀ ခန့် ရှိနေရာမှ မြန်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုနှင့်အတူ လာမည့် ၂၀၂၂ ခုနှစ်တွင် တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေပြီး မြို့တစ်ပတ် ကြာမြင့်ချိန်ကို မိနစ် ၁၁၀ ခန့်သာ ကြာမြင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ရထားနှင့်ပတ်သက်သောအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံလဲလှယ်ခြင်း၊ ရထားတွဲအသစ်များ ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိ ရန်ကုန်ဘတ်စ်ကားစနစ်သစ် ပြောင်းလဲမှုတွင် မြို့ပတ်ရထားများ တိုးမြှင့်ပြေးဆွဲနိုင်ရေးအတွက် တွဲဆိုင်း နှစ်ဆိုင်းဖြင့် အထူးရထား ပြေးဆွဲပေးလျက်ရှိသည်ဟု သိရသည်။ ယင်းအပြင် ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများတွင် အန္တရာယ်ကင်းစေရန် အလိုအလျောက် အော်တိုစနစ်သုံး ဂိတ်များ တပ်ဆင်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယင်းသို့ ပြုလုပ်လာနိုင်ခြင်းဖြင့် လက်ရှိပြေးဆွဲနေသော မြို့ပတ်ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနိုင်မည်ဖြစ်ပြီး လက်ရှိတွင် ရထားတစ်စင်းနှင့်တစ်စင်း အချိန်ကွာဟချိန် အနည်းဆုံး ၁၅ မိနစ်မှ အကြာဆုံး ၄၅ မိနစ်အထိ ကွာဟနေရာမှ လာမည့် ၂၀၂၂ ခုနှစ်တွင် ၁၀ မိနစ်မှ ၁၂ မိနစ်အတွင်းသာ ကွာဟရန် ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း မြန်မာ့မီးရထား တိုင်း(၇) ရန်ကုန်တိုင်းဒေသကြီးမှ သိရသည်။ **သတင်း-ဝဝ၁၊ ဓာတ်ပုံ-စိုးဝင်း**

## တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် (၅)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ရေ ၃၇၉၇<br>ဗိုလ်မှူးတင့်လွင်စိုး | အစား | ကြည်း ၁၇၅၄၇<br>ဗိုလ်မှူးကြီးစိုးဝင်း |
| (၂) | ရေ ၄၀၃၈<br>ဗိုလ်မှူးအေးမင်းစိုး | အစား | ကြည်း ၁၉၅၀၄<br>ဗိုလ်မှူးကြီးနေလင်း |
| (၃) | ရေ ၄၁၀၈<br>ဗိုလ်မှူးသီဟဇော် | အစား | ကြည်း ၁၉၅၄၆<br>ဗိုလ်မှူးကြီးမြင့်ချို |
| (၄) | ရေ ၄၁၁၁<br>ဗိုလ်မှူးကျော်သူရ | အစား | ကြည်း ၁၅၁၉၁<br>ဗိုလ်မှူးကြီးကြည်ရွှေ |
| (၅) | လေ ၂၅၅၂<br>ဗိုလ်မှူးနေလင်းအောင် | အစား | ကြည်း ၁၇၉၈၉<br>ဗိုလ်မှူးကြီးခင်မောင်ချို |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၆)နှင့် ၂၆-၂-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၇/၂၀၁၆)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၆၉၃<br>ဗိုလ်မှူးတင်အောင်မိုး | အစား | ကြည်း ၁၈၃၉၉<br>ဗိုလ်မှူးကြီးသန်းဌေး |
| (၂) | ကြည်း ၅၂၂၇၇<br>ဗိုလ်ကြီးမင်းမင်းသိန်း | အစား | ကြည်း ၁၈၈၄၀<br>ဗိုလ်မှူးကြီးအုန်းချို |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သမ္မတနိုင်ငံတည်ထောင်မှု (၆၈)နှစ်မြောက် အထိမ်းအမှတ်စစ်ရေးပြပွဲ၌ အိန္ဒိယနိုင်ငံ စစ်အင်အားပြသ

**နယူးဒေလီ ဇန်နဝါရီ ၂၆**



အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၈)နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြပွဲအခမ်းအနားကို မြို့တော်နယူးဒေလီတွင် ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည်။ အိန္ဒိယနိုင်ငံသည် ယင်း၏ စစ်အင်အားနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့ကို ထုတ်ဖော်ပြသနိုင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စစ်ရေးပြအခမ်းအနားသို့ သမ္မတ ပရာနပ်မူခါဂျီး၊ ဒုတိယသမ္မတ ဟာမစ် အန်ဆာရီ၊ ဝန်ကြီးချုပ်နရိန္ဒြာမိုဒီနှင့် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီ အိမ်ရှေ့မင်းသား မိုဟာမက်ဆင် ဇေယက်အယ်လ်နာယန်တို့ တက်ရောက်ကြသည်။ အဘူဒါဘီ အိမ်ရှေ့မင်းသားသည် ယခုနှစ်ကျင်းပသော စစ်ရေးပြအခမ်းအနားသို့ ဖိတ်ကြားခံရသည့် ဧည့်သည်များ၏ အကြီးအကဲအဖြစ် တက်ရောက်ခြင်းဖြစ်သည်။

စစ်ရေးပြအခမ်းအနား အစပြုမှုအဖြစ် အိန္ဒိယလေတပ်မှ ရဟတ်ယာဉ်များက အလှပြ ပျံသန်းခဲ့ကြသည်။ ယင်းနောက် အိန္ဒိယတပ်မတော်မှ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင် စစ်သည်များက ချီတက်လိုက်ပါလာကြသည်။

စစ်ရေးပြအခမ်းအနားတွင် အရေးကြီးပုဂ္ဂိုလ်များ၏ လုံခြုံရေးကို တာဝန်ယူပြီး အထူးစစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသော အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့က ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခဲ့သည်။

**ဆင်ဟွာ။**

# မက္ကဆီကိုနှင့်ထိစပ်နေသော နယ်စပ်တွင် စည်းရိုးကာရံရေး ဒေါ်နယ်ထရန့် အမိန့်ထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း၏ ရွေးကောက်ပွဲ ကတိကဝတ်နှင့်အညီ မက္ကဆီကိုနိုင်ငံ နယ်စပ်နှင့်ထိစပ်နေသောနေရာတွင် နယ်စပ်စည်းရိုးတစ်ခု တည်ဆောက်ရန်အတွက် သမ္မတအမိန့်စာလွှာကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို တားဆီးနိုင်ရန် မက္ကဆီကိုနှင့်ထိစပ်နေသော နယ်စပ်ဒေသတွင် ခြံစည်းရိုးကာရံမည်ဆို၏။

အမေရိကန်ပြည်ထောင်စုအတွင်း ဥပဒေမဲ့ နေထိုင်လျက်ရှိသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၁၁ သန်းခန့်ရှိသည်ဟု ပြည်ထဲရေးဌာန၏ စာရင်းအင်းကိန်းဂဏန်းများအရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ ဒုက္ခသည်များ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုကို ပိတ်ပင်တားဆီးသည့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးရန်စီစဉ်လျက်ရှိကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

ယခုလောလောဆယ်အချိန်တွင် သမ္မတထရန့်က ကမ္ဘာတစ်ဝန်းမှ ပြည်သူများ အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာခြင်းကို ယာယီတားမြစ်ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၆ ရက်ထုတ် 'သည်နယူးယောက်တိုင်းမ်' နှင့် အခြားသတင်းစာများက ဆီးရီးယားနိုင်ငံအပါအဝင် အခြားခြောက်နိုင်ငံမှ ပြည်သူများ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုကို ပိတ်ပင်ရန် သမ္မတထရန့်က တရားဝင်ကြေညာချက်တစ်ရပ် ထုတ်ပြန်မည်ဖြစ်သည်ဟု ရေးသားထားသည်။

ယင်းထုတ်ပြန်ကြေညာချက်ကြောင့် အမေရိကန်နိုင်ငံ၏ ဒုက္ခသည်များ ကြည့်ရှုစောင့်ရှောက်ရေး အစီအစဉ်ကို အနည်းငယ် ထိခိုက်နိုင်ဖွယ်ရှိသည်။

အဆိုပါသဘောတူညီမှုကို လက်မှတ်ရေးထိုးပြီးနောက် 'ယနေ့က အစပြုပြီး အမေရိကန်နိုင်ငံသည် ၎င်း၏ ပိုင်နက်နယ်မြေများကို ပြန်လည်ပိုင်ဆိုင်ခွင့်ရပြီ' ဟု သမ္မတထရန့်က ဆိုသည်။ ထို့နောက် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူများနှင့် အခြားပြစ်မှုကျူးလွန်သူများအား ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၅ ရက်တွင် လက်မှတ်ရေးထိုးလိုက်သော သမ္မတအမိန့်စာလွှာများအရ ထိန်းသိမ်းရေးစခန်းများကို ပိုမိုဖွင့်လှစ်သွားရန်၊ နယ်ခြားဒေသကင်းလှည့်စောင့်ကြပ်ရေးတပ်ဖွဲ့ဝင်များကို အင်အားထောင်ချီတိုးမြှင့်သွားရန်၊ ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးဥပဒေများကို လိုက်နာခြင်းမရှိသည့်မြို့ကြီးများအား ဗဟိုအစိုးရအဖွဲ့က ရန်ပုံငွေထောက်ပံ့ပေးမှု ဆိုင်းငံ့သွားရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထရန့်အစိုးရအဖွဲ့သည် ယခုရက်သတ္တပတ်နှောင်းပိုင်းတွင် သမ္မတအမိန့်များကို ဆက်လက်ထုတ်ပြန်သွားရန်ရှိကြောင်း၊ အကြမ်းဖက်မှုများကို တားဆီးနိုင်ရေးအတွက် မွတ်စလင်အများစုနေထိုင်သော နိုင်ငံများမှ ဝင်ရောက်လာသည့် ဒုက္ခသည်များကို ကန့်သတ်ထိန်းချုပ်နိုင်မည့် ညွှန်ကြားချက်လည်း ပါဝင်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ထိုစဉ်အတွင်း နယ်စပ်စည်းရိုးကာရံမှုအတွက် ကုန်ကျစရိတ်ကို ပေးမည်မဟုတ်ဟု မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနေတိုက ပြောကြားသည်။

နယ်စပ်စည်းရိုးကာရံမှုအတွက် ကုန်ကျငွေအရပ်ရပ်ကို မက္ကဆီကိုနိုင်ငံက အပြည့်အဝ ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု ထရန့်က ထပ်တလဲလဲ ပြောကြားခဲ့သည်။

ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန်သို့ သွားရောက်မည့်ခရီးစဉ်ကို မက္ကဆီကိုသမ္မတက ပြန်လည်ဖျက်သိမ်းဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှုများလည်း ပေါ်ထွက်လျက်ရှိသည်။

**ရိုက်တာ။**



# မြောက်ကိုရီးယားသို့ ပို့ကုန်အဖြစ် တင်ပို့မှုပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းများစာရင်း တရုတ်နိုင်ငံကြေညာ

**ပေကျင်း ဇန်နဝါရီ ၂၆**



မြောက်ကိုရီးယားနိုင်ငံသို့ ပို့ကုန်အဖြစ် တင်ပို့မှုပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းများစာရင်းကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ ယင်းစာရင်းတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်မည့် ကုန်ပစ္စည်းများနှင့် နည်းပညာများ ပါဝင်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်သော ပိတ်ဆို့မှုများအား လိုက်နာပါမည်ဟူသော တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို ပြသနိုင်ရန်အတွက်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှာကဲ့သို့ တရုတ်နှစ်သစ်ကူးကာလအတွင်း မြောက်ကိုရီးယားက နျူကလီးယား စမ်းသပ်မှုပြုလုပ်ခြင်းမပြုရန် သတိပေးလိုသည့်အတွက် လည်းကောင်း ယင်းသို့ ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက ပြောကြားကြသည်။

အရပ်ဘက်တွင်ရော စစ်ဘက်တွင်ပါ နှစ်မျိုးစလုံး အသုံးပြုနိုင်သည့် နည်းပညာများနှင့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံက တင်ပို့ခြင်းမပြုရန် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ညွှန်ကြားထားသည်။

နျူကလီးယား ဒုံးကျည်များ၊ ဓာတုလက်နက်များ တီထွင်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သော ပစ္စည်းများနှင့် ကိရိယာများကို လည်းကောင်း၊ ရေ့ကက်ဒုံးကျည်များ သို့မဟုတ် မောင်းသူမဲ့လေယာဉ်များ၊ မြန်နှုန်းမြင့် ဗီဒီယိုကင်မရာများ၊ ရေငုပ်သင်္ဘောများ၊ အာရုံခံကိရိယာများ၊ ဆက်သွယ်ရေး ကိရိယာများနှင့် လေဆာ ကိရိယာများနှင့် ဆက်နွှယ်မှုရှိသော ကွန်ပျူတာ ဆော့ဝဲလ်များကိုလည်းကောင်း မြောက်ကိုရီးယားသို့ တင်ပို့ခွင့်မရှိစေရဟု ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ အမျိုးသားကာကွယ်ရေးဆိုင်ရာ သိပ္ပံ၊ နည်းပညာနှင့် စက်မှုလုပ်ငန်းရေးရာ နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့၊ တရုတ်အဏုမြူစွမ်းအင် အာဏာပိုင်အဖွဲ့နှင့် ကုန်ပစ္စည်းဝယ်ယူရေး အုပ်ချုပ်မှုအဖွဲ့တို့ကပူးတွဲလျက် ပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းများ အမျိုးအမည်စာရင်းကို ကြေညာထားသည်။

**ဆင်ဟွာ။**

# သက်တမ်းရင့် လေကြောင်းကာကွယ်ရေးစနစ်များကို အစားထိုးရေးဆုံးဖြတ်ချက် ဂျာမနီချမှတ်ရန် နီးစပ်လာ

**ဘာလင် ဇန်နဝါရီ ၂၆**

ဂျာမနီနိုင်ငံသည် ကာလသက်တမ်းရင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များအား အစားထိုးသွားမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရန် နီးစပ်လာပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်များ တပ်ဆင်မည့် ဆုံးဖြတ်ချက်အရ ယူရိုသန်း ၄၆၀ တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းဝယ်ယူရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် လမ်းပွင့်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် စစ်လက်နက်ပစ္စည်းဝယ်ယူရေး အစီအစဉ်၏ ဒုတိယအဆင့်အရ နောက်ထပ်ယူရိုငွေ နှစ်ဘီလီယံကို ထပ်မံသုံးစွဲရန် ခွင့်ပြုပေးဖွယ်ရှိကြောင်း အမည်မဖော်သူ ကာကွယ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။ လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်များအတွက် လေဆာများနှင့် ရေဒါများကို နောက်ပိုင်းတွင် ဝယ်ယူသွားမည်ဆို၏။

လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်များ ဝယ်ယူရေးကိစ္စကို ကာကွယ်ရေးဝန်ကြီးဌာနက ကနဦး လေ့လာသုံးသပ်နေဆဲဖြစ်ပြီး ဆုံးဖြတ်ချက် ချမှတ်ရခြင်းမရှိသေးဟု ဆိုသည်။

တာလတ်ပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများ၏ အဆိုပြုချက်များကို အစိုးရအဖွဲ့က လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

ဥရောပနိုင်ငံများ လုံခြုံရေးအတွက် တာတိုလေကြောင်းရန် ကာကွယ်ရေးလက်နက်များ လိုအပ်နေသည်ဟု ဂျာမနီနှင့် အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက လွန်ခဲ့သည့်နှစ်တွင် အတည်ပြုပြောကြားခဲ့ကြသည်။ မောင်းသူမဲ့လေယာဉ်များ၏ ဘေးအန္တရာယ်ကို ကာကွယ်ရန် ဆောင်ရွက်ရမည်ဟု ဆိုသည်။

ရုရှားက ခရိုင်းမီးယားဒေသကို ယင်း၏ပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ပြီးနောက် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံအချို့မှာ လေကြောင်းရန် ကာကွယ်ရေးအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ကြရပြီး ဥရောပလုံခြုံရေးအတွက် ဂျာမနီ၏ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး ဆေးရုံအုပ်ချုပ်ရေးဥပဒေ္ဒသကအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(၆၂)လမ်း၊ (၁၃ × ၁၇)လမ်းကြားရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆေးရုံအုပ်ချုပ်ရေး ဥပဒေ္ဒသကအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဆေးရုံအုပ်ချုပ်ရေးဥပဒေ္ဒသကအဖွဲ့ ဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ ဦးဝင်းမောင်လှနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)၊ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က လုပ်ငန်းလွှဲပြောင်းလက်ခံမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးတွင် သံဃာတော်အရှင်သူမြတ်တို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းစောင့်ရှောက်ကုသိုလ်ယူခြင်းဖြင့် သာသနာပြုကုသိုလ်ထူးကို ရယူဆောင်ရွက်ခြင်းသည် အမျိုးဘာသာသာသနာကို စောင့်ရှောက်ခြင်းပင်ဖြစ်၍ ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးအတွက် ဦးစိန်မြင့်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်စန်းကြူ (အဆင့်မြင့်ဒုံးပျံဂျုံစက်နှင့် ဒိုင်းမွန်းစတားကုမ္ပဏီ)မိသားစုက အလှူငွေကျပ်သိန်း ၂၀၀၊ ဦးလှထွန်း-သီဟသုဓမ္မသိင်္ဂီဒေါ်စန်းစန်းဝေ(ရှမ်းပျို့မယ်တိုင်းရင်းဆေး)မိသားစုက အလှူငွေကျပ်သိန်း ၁၀၀၊ ခင်ပွန်းဦးသက်ရင် ကွယ်လွန်(၁၇)နှစ်ပြည့်အား ရည်စူး၍ သီဟသုဓမ္မသိင်္ဂီဒေါ်စန်းစန်း (ရွှေပြည်သာ ကျောက်စိမ်း ကျောက်မျက်ရောင်းဝယ်ရေး)မိသားစုက ကျပ်သိန်း ၃၀ လှူဒါန်းကြရာ စုစုပေါင်းအလှူငွေကျပ်သိန်း ၃၃၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ဆက်လက်၍ ဆေးရုံအဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

**မန္တလေး ဇန်နဝါရီ ၂၆**

ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက် မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ညောင်ဦးမြို့မှတစ်ဆင့် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ဧည့်သည်တော်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် အကွက်(၅၄)ရှိ ဖောင်တော်ဦးဘုန်းတော်ကြီး ပညာသင်ကျောင်းသို့ သွားရောက်လေ့လာကြရာ ကျောင်းအုပ်ဆရာတော်ကြီးနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြပြီး ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်သည် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးသည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် မဟာလောကမာရဇိန်စေတီကုသိုလ်တော်ဘုရားသို့ သွားရောက်၍ အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် မန္တလေးတောင်ရသေ့ကြီး ဦးခန္တိတန်ဆောင်းနှင့် ဂေါတမဗုဒ္ဓ၏ အရိုးဓာတ်တော် အပူဇော်ခံဌာနသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဦးခန္တိကျောင်းတိုက်ရှိ နာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာများ ဆက်ကပ်လှူဒါန်း၍ အင်္ဂါထောင့်ရှိ ဂြိုဟ်ပြေနံ့ပြေဘုရား၌ ရေသပ္ပာယ်ကြသည်။ ယင်းနောက် မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှုခင်းအလှတို့ကို မန္တလေးတောင်တော်ပေါ်မှ ကြည့်ရှုလေ့လာကြပြီး မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားနှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၄၉)လမ်းထောင့်ရှိ အကောက်ခွန်သင်တန်းကျောင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်**(အောက်ပုံ)**တို့က အမှာစကားပြောကြားကြသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံ ပြတင်းတစ်ပေါက်စနစ် ASEAN Single Window တို့ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ရာ ယင်းစနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာ့အကောက်ခွန်၏ထုတ်ကုန်/သွင်းကုန်လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ JICA ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာအလိုအလျောက်နည်းသုံးကုန်စည်ရှင်းလင်းရေးစနစ် MACCS ကို စတင်ကျင့်သုံးနေပြီဖြစ်ရာ ယင်းစနစ်သည် အဂတိတရားကင်းရှင်းစေပြီး ပွင့်လင်းမြင်သာသည့်စနစ်ဖြစ်သောကြောင့် ရန်ကုန်ဧရိယာတွင်သာမက နယ်စပ်ဂိတ်များတွင်လည်း အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကောက်ခွန်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက တိုက်တွန်းပြောကြားသည်။

ထို့နောက် (၂၆)ကြိမ်မြောက် အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ ဆုများ ချီးမြှင့်ပေးအပ်ခဲ့ရာ အခြားအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ရေး/ဖြေ စာမေးပွဲအကောက်ခွန်မှူး၊ ဒုတိယအကောက်ခွန်မှူး အဆင့်တွင် ဆုရရှိသူများ၊ ပြန်တမ်းဝင်အဆင့် ရေး/ဖြေ စာမေးပွဲတွင် ဆုရရှိသူများ၊ ငါးကြိမ်နှင့်အထက် သွေးလှူဒါန်းခဲ့သော ဝန်ထမ်းများ၊ ဌာနခွဲအလိုက် ပေးအပ်သော တာဝန်ကို တက်တက်ကြွကြွ ကျေပွန်စွာ အကောင်းဆုံး ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၊ နိုင်ငံခြားသားများအား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းတွင် ထူးချွန်ဆုများ ရရှိခဲ့သည့် ဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်သော အရာထမ်းငယ် အခြေခံသင်တန်းတွင် ထူးချွန်ဆုများရရှိခဲ့သည့် ဝန်ထမ်းများ၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိခဲ့သည့် ဝန်ထမ်းများ၊ အာဆီယံ ချန်ပီယံရှစ်ခြင်းလုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဝန်ထမ်းများအား သက်ဆိုင်ရာတာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း - ဆုနှင်းလှဲ့**
**ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)**






နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ခင်အောင်၏ လမ်းညွှန်မှုနှင့်အတူ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး လေးစိုးက အနီးကပ်ကြီးကြပ်၍ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်ပါဝင်သော ထုံးဘိုမြို့မရဲစခန်းမှူး၊ ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးမင်းတို့ ပူးပေါင်းသောအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက်က ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်ရှိ အထက (၂၀)ကျောင်းသို့ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်ရာ ကျောင်းအုပ်ကြီး ဦးခင်မောင်သက်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၅၀ ခန့် ကြည့်ရှုလေ့လာကြစဉ်။

**ကိုကိုရှူပ(နေပြည်တော်)**

# ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၂၆**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေ ၁၉၅ ဒသမ ၄၇၅ သန်းဖြင့် Royal Ayar Company မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မရှိ မြို့ချောင်းကျေးရွာနှင့် အမှတ်(၁၅)ရပ်ကွက်ကို ဆက်သွယ်သည့်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေးနှင့် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်တို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းပြီးစီးပါက မြို့ချောင်းကျေးရွာနှင့် အမှတ်(၁၅)ရပ်ကွက်ရှိ အိမ်ခြေ ၁၂၂၀ နှင့် လူဦးရေ ၇၀၀၅ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စေပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဋ္ဌ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# ပိုမိုကောင်းမွန်သည့် ကုန်စည်စီးဆင်းမှုဆီသို့

တွေ့ဆုံမေးမြန်း - အောင်နိုင်(သတင်းစဉ်)
ဓာတ်ပုံ - အေးသန်း (သတင်းစဉ်)

**မြန်မာနိုင်ငံ၏ ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးတိုးတက်မှုရှိသော်လည်း အခွန်အခများ လေလွင့်ဆုံးရှုံးနေခြင်း၊ အကျင့်ပျက်ခြစားမှုများကြောင့် ကုန်စည်စီးဆင်းရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ ကုန်သည်များအတွက် အခက်အခဲများရှိနေခြင်းစသည့်ကိစ္စရပ်များအပေါ် အစိုးရသစ်အနေဖြင့် မူဝါဒအသစ်များချမှတ်ပြီး ပြုပြင်ပြောင်းလဲ မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ယမန်နေ့က ကျင်းပသည့် "တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးစီမံချက် နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး"သည်လည်း မြင်သာထင်ရှားသည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။**

**ထို့ကြောင့်လည်း အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း**
**(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

တရားမဝင် ကုန်စည်တင်သွင်းရောင်းဝယ်မှုက မြန်မာနိုင်ငံအတွက် အများကြီး နစ်နာမှုရှိတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေတွေ၊ သာမန်အနေအထားမှာ မြောက်မြားစွာ ဆုံးရှုံးနေတယ်။ တင်သွင်းတဲ့ ကုန်ပစ္စည်းတွေကလည်းပဲ ပြည်တွင်းမှာရှိတဲ့ စားသုံးသူ ပြည်သူလူထုတွေအားလုံး စားသုံးဖို့မသင့်တဲ့ စားသောက်ကုန်တွေပါတယ်။ သုံးစွဲဖို့ မသင့်တဲ့ ကုန်ပစ္စည်းတွေပါတယ်။ အရည်အသွေးမပြည့်တဲ့ ကုန်ပစ္စည်းတွေပါတယ်။ ဒီပစ္စည်းတွေကို ပြည်သူတွေက ရတဲ့နေရာက ဝယ်ယူပြီးတော့ မှီခိုသုံးစွဲနေရတဲ့အခါ သူတို့အတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး အစစ နစ်နာမှုတွေရှိတယ်။

နောက်တစ်ချက်က ဒီလိုကုန်စည်တွေ စီးဆင်းမှုနဲ့ အတူ အရေးကြီးတဲ့ မူးယစ်ဆေးဝါးတွေ၊ လက်နက်လိုပစ္စည်းတွေလည်း ပါနေတာပဲ၊ ဒါကလည်း နိုင်ငံရဲ့ လုံခြုံရေးအတွက် အရေးကြီးတယ်။ နိုင်ငံရဲ့ အနာဂတ်လူငယ်တွေအတွက် အရေးကြီးတယ်။ မြောက်မြားစွာပမာဏကြီးမားတဲ့ ကုန်စည်တွေ စီးဆင်းနေတဲ့အခါကျတော့ ပြည်တွင်းမှာရှိတဲ့ ပြည်တွင်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအတွက် သူတို့ရဲ့ ဈေးကွက်၊ သူတို့ရဲ့ လုပ်ငန်းမှာ စီမံနိုင်စွမ်းအား မရှိတာက တစ်ပိုင်း၊ ကြီးမားတဲ့ပမာဏတွေ၊ ထုထည်တွေကို ပြန်ပြီးတော့ မှီအောင်ထုတ်လုပ်ဖို့က သူတို့အတွက် အခက်အခဲရှိတယ်၊ ဈေးကွက်တွေပျောက်နေတယ်။ ဈေးကွက်ပျောက်နေတဲ့အခါ သူတို့မှာ ထုတ်လုပ်မှုလုပ်ငန်းတွေ ကျဆင်းတယ်။ လုပ်ငန်းရှင်တွေအတွက် အခက်အခဲ ဖြစ်တယ်ဆိုတာဟာ နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုကို ကြီးမားတဲ့ အဟန့်အတားဖြစ်လာပါတယ်။

ဒါ့အပြင် တရားမဝင်ကားတွေ မြောက်မြားစွာ ဝင်နေပါတယ်။ ဒီလိုဖြစ်ပျက်တဲ့ ကိစ္စဟာ နိုင်ငံမှာ အခုမှ စဖြစ်တာမဟုတ်ဘူး။ လွန်ခဲ့တဲ့ လေးငါးဆယ်နှစ်လောက်ကတည်းက စပြီးတော့ ဖြစ်လာတဲ့ ဖြစ်စဉ်ကြီးမှာ ပြန်စဉ်းစားကြည့်ရင် နိုင်ငံတော်က ဘယ်လောက်အထိ ဆုံးရှုံးနစ်နာနေတယ်ဆိုတာ တစ်နိုင်ငံလုံးပြည်သူတွေ အားလုံးလည်း သိတယ်။ သက်ဆိုင်ရာအဖွဲ့အစည်း အားလုံးလည်းသိတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ အားလုံးသိတယ်။ သိသိကြီးနဲ့ ဒီလိုပဲ လက်လျှော့နေမယ်ဆိုရင် တာဝန်မကျေရာရောက်မယ်။ ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို နည်းလမ်းအမှန်ကိုရှာပြီး ကျော်လွှားမှသာ တာဝန်ရှိတဲ့သူတွေက တာဝန်ကျေရာရောက်မယ်။ ဒီခံယူချက်ကြောင့် တရားမဝင်ကုန်စည်တွေတားဆီးထိန်းချုပ်ရေးကို ဆောင်ရွက်ဖို့ရာ သန္နိဋ္ဌာန်ချထားတာဖြစ်ပါတယ်။

နောက်တစ်ချက်က အခုဖွင့်ထားတဲ့စခန်းတွေက အရင်ဖွင့်ခဲ့တဲ့ စခန်းတွေကို ယာယီခဏပြန်ပြီးတော့ တည်ထားတဲ့သဘောဖြစ်ပါတယ်။ လုပ်ငန်းတွေ လုံးဝမလုပ်သေးပါဘူး။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရတွေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပေါင်းစပ်ပြီးတော့မှ ဒီဌာနတွေကို ဘယ်နေရာတွေမှာ အချက်အချာကျကျ ဖွင့်မယ်ဆိုတာဟာ တကယ့်စီမံချက်ကြီး ပြီးတဲ့အခါကျရင် အတည်ဖြစ်မှာပါ။ အခုဟာကတော့ ယာယီထားပြီးတော့ လေ့လာစုံစမ်းမှုလုပ်နေတဲ့အဆင့်ပဲဖြစ်ပါတယ်။ စစ်ဆေးမှုတော့ လုံးဝမလုပ်သေးပါဘူး။ စစ်ဆေးမှုလုပ်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေက နေပြီးတော့ ဝိုင်းပြီးပြောနေတဲ့ အချက်တွေရှိပါတယ်။ အဲဒီအချက်တွေကို ပြန်ပြီးတော့ ပေါင်းစပ်လုပ်လိုက်ရင် တစ်အချက်က ကုန်စည်စီးဆင်းမှုကို နှောင့်နှေးစေတယ်၊ ရပ်တန့်စေတယ်ဆိုတဲ့ အချက်၊ နှစ်အချက်ကတော့ ပုပ်သိုးပျက်စီးလွယ်တဲ့ပစ္စည်းတွေကို စစ်ဆေးမယ်ဆိုရင် တင်ပို့ရောင်းဝယ်တဲ့ပုဂ္ဂိုလ်တွေ ဆုံးရှုံးတယ်ဆိုတဲ့အချက်၊ ဒါအဓိကအချက်ပေါ့။ အဲဒီအချက် နှစ်ချက်ကို ပြန်စဉ်းစားရင် အရင်တုန်းက စစ်ဆေးတဲ့ စစ်ဆေးနည်းလမ်းက ဂိတ်ပေါက်တစ်ခုတည်းရှိတယ်။ ကားတစ်စီးဖြတ်သန်းသွားတယ်။ အခုဆိုရင် ဂိတ်ပေါက်ငါးခုလည်း ထားရင်ထားမယ်။ ဆယ်ခုလည်း ထားရင်ထားမယ်၊ တစ်ကြိမ်တည်းမှာ ကားဆယ်စီးဖြတ်သန်းသွားခွင့်ပြုမယ်။ သို့သော် အဲဒီကားဆယ်စီးလုံးကို စစ်ဆေးချင်မှ စစ်ဆေးမယ်။ ကျွန်တော်တို့ စီမံထားတဲ့ အစီအမံအရ သတင်းအချက်အလက်တွေ ပေးနိုင်မယ့် ပုဂ္ဂိုလ်တွေ နေရာတိုင်းမှာ လျှို့ဝှက်နည်းစနစ်နဲ့ထားမယ်။ သူတို့တွေက ပေးလာတဲ့ သတင်းအရ ခိုင်မာမှုတွေအပေါ် မှာ မူတည်ပြီးတော့ စစ်ဆေးသင့်တဲ့ကားဆိုရင်တော့ မြေလှန်စစ်မှာပဲ၊ ပြတ်ပြတ်သားသားကို စစ်မှာ၊ စစ်ဆေးစရာမလိုတဲ့ ကားဆိုရင်လည်း စီးဆင်းမှုကို လုံးဝမထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ်ပဲ စီးဆင်းခွင့်ပေးမယ်။ ထို့အတူ လုံးဝလွတ်လပ်ခွင့်ပေးပြီးတော့ စီးဆင်းမှုပေးတဲ့ ကားတွေမှာလည်း မလိုလားအပ်တဲ့ ကုန်စည်တွေ ပါသွားနိုင်တာကြောင့် လိုအပ်ရင်လည်း ရှောင်တခင်စစ်ဆေးတဲ့ နည်းလမ်းကိုလည်းသုံးပါမယ်။ လွှတ်လိုက်တဲ့ကားတွေမှာ တစ်စီးတလေပဲဖြစ်ဖြစ် လိုက်ပြီးတော့ ရှောင်တခင်စစ်တာတွေ လုပ်မယ်ဆိုရင် ကုန်စည်စီးဆင်းမှုဟာ လုံးဝရပ်တန့်စရာ မရှိပါဘူး။ အရင်တုန်းက လူနည်းနည်းနဲ့ စစ်ဆေးတာကို လူအယောက်တစ်ရာနဲ့ စစ်ဆေးရင် စစ်ဆေးမယ်။ အရင်တုန်းက ဂိတ်ပေါက်တစ်ပေါက်တည်းထားတာကိုလည်း ဂိတ်ပေါက် လေးငါးဆယ်ခု ထားသင့်ရင် ထားပြီး တော့ စစ်ဆေးသွားမှာဖြစ်တဲ့အတွက် ကုန်စည်စီးဆင်းမှုကို ဘာမှ အဟန့်အတားမဖြစ်စေပါဘူး။

နောက်တစ်ချက်က ပုပ်သိုးပျက်စီးနိုင်တဲ့ ပစ္စည်းတွေ ပြည်တွင်းကနေ နိုင်ငံခြားကို ပို့တယ်။ ပြည်ပကနေ နိုင်ငံတွင်းကိုဝင်တယ်။ နိုင်ငံတွင်းကနေ ပြည်ပပို့တာက ပိုများတယ်။ ရေထွက်ကုန်ပစ္စည်းတွေ၊ သစ်သီးဝလံတွေ၊ ဒါတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့ လုံးဝမစစ်ဘူး၊ ဘယ်မှာစစ်မလဲဆိုရင် သူတို့စပြီး ကုန်တင်တဲ့နေရာမှာ အတတ်နိုင်ဆုံး စစ်မယ်။ ပြီးရင် ကုန်ချတဲ့နေရာမှာ တတ်နိုင်သလောက်စစ်မယ်။ စီးဆင်းတဲ့ ဂိတ်တွေမှာတော့ မစစ်ဘူး။ ဒါက ကျွန်တော်တို့ရဲ့ မူလလျာထားချက်ပဲ။ အဲဒီတော့ ကုန်ချတဲ့အခါမှာ စစ်မယ်၊ ကုန်တင်တဲ့အခါလည်းစစ်မယ်။ ဒီနှစ်ချက်ကို ကျွန်တော်တို့ ဖိဖိစီးစီးလုပ်မယ်ဆိုရင် ဒီလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့၊ ကျွန်မတို့ရဲ့ ပစ္စည်းတွေ၊ ပျက်စီးဆုံးရှုံးလာပါတယ်လို့ ပြောနေတဲ့ကိစ္စဟာ လုံးဝပြောစရာအကြောင်းမရှိတော့ဘူး။ တစ်နည်းအားဖြင့် ဒီလိုစစ်ဆေးတဲ့အခါမှာလည်း စစ်ဆေးခံရတဲ့သူနဲ့ စစ်ဆေးတဲ့ပုဂ္ဂိုလ် CCTV မြင်ကွင်းအောက်မှာပဲ စစ်ဆေးမယ်။ CCTV ကင်မရာတွေ တပ်ထားမယ်။ အဲဒီမှာ မီဒီယာတွေ၊ သတင်းသမားတွေကိုလည်း သူတို့ စိတ်တိုင်းကျ နေရာယူခွင့်ပေးမယ်။

စစ်ဆေးတဲ့ စစ်ဆေးချက်တွေအားလုံးအတွက် မှတ်တမ်းတင်ထားမယ်။ စစ်ဆေးပြီးတဲ့ကားတွေကို ကားနံပါတ်နဲ့ ဘယ်ကား၊ ဘယ်အချိန်က စစ်ဆေးပြီးသွားတယ်ဆိုတာလည်း နေ့စဉ် သတင်းဝက်ဘ်ဆိုက်မှာတင်မယ်။ ဖမ်းဆီးရမိတဲ့ ကားတွေဆိုရင်လည်း ပြည်သူ တွေအားလုံး သိအောင် ဖမ်းဆီးရမိတာ အားလုံးလွှင့်မယ်။ လာဘ်ပေးလာဘ်ယူတွေ ကြီးထွားလာမှာပေါ့ဆိုတဲ့ ကိစ္စက အကြီးမားဆုံးကိစ္စဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူတွေ မဖြစ်အောင် ဒီမှာတာဝန်ထမ်းဆောင်နေတဲ့ ဌာနအသီးသီးက ဝန်ထမ်းအားလုံးကို ဖမ်းဆီးရမိတဲ့ ပစ္စည်းရဲ့ ၅၀ ရာခိုင်နှုန်းကို သူတို့ကို ဆုချီးမြှင့်ပေးမှာပါ။ ဒီလိုပေးတယ်ဆိုရင် ဖမ်းဆီးရမိတဲ့ ငွေပမာဏဟာ အားလုံးစဉ်းစားရင်သိပါတယ်။ တန်ဖိုးမှာ ဘီလီယံနဲ့ချီရှိနေပါတယ်။ အဲဒီတော့ ဒီလောက်ရှိတဲ့ ပမာဏအတိုင်းသာ ၅၀ ရာခိုင်နှုန်းရမယ်။ သက်ဆိုင်ရာ ဌာနအသီးသီးကနေ အဖွဲ့အစည်းအားလုံးက နေပြီးတော့ အခုလိုဆုချီးမြှင့်တာကို ခံစားရမယ်ဆိုရင် ဘယ်သူမှ လာဘ်စားမှာမဟုတ်ဘူး။ ဘယ်ကုန်သည်ကမှလည်း ၅၀ ရာခိုင်နှုန်းအထိ လာဘ်ပေးနိုင်တဲ့အခြေအနေ ရှိမှာမဟုတ်ဘူး။ အဲဒါကြောင့်မို့ ဒီဘက်က စဉ်းစားထားတာကတော့ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနဲ့ ပတ်သက်ရင် သတင်းမီဒီယာတွေအပြည့်အဝ လွတ်လပ်ခွင့်ပေးပြီးတော့ စစ်ဆေးဖို့အတွက် သတင်းရေးဖို့အတွက် ပေးထားမယ်။ CCTV ကင်မရာတွေထားမယ်။ နောက်တစ်ခါ သူတို့ကို ဖမ်းဆီးရမိတဲ့ ကားတွေကနေ တန်ဖိုး ၅၀ ရာခိုင်နှုန်းကို ဆုချီးမြှင့်ဖို့အတွက် ပေးမယ်ဆိုရင် လာဘ်ပေးလာဘ်ယူ ကိစ္စက အလိုလိုနေရင်း တစ်စတစ်စနဲ့ ပပျောက်သွားမှာ ဖြစ်ပါတယ်။

သူတို့တင်ပြတဲ့ ဆွေးနွေးချက် သုံးချက်ကို ကျွန်တော်တို့က စီမံခန့်ခွဲရေးနည်းလမ်းနဲ့ ကျော်လွှားသွားမှာ ဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း X-Ray စက်တွေလည်း ထည့်မယ်။ Portable Mobile X-Ray တွေလည်း သုံးမယ်။ အခြားအခြားသော ခေတ်မီပစ္စည်းတွေလည်း တတ်နိုင်သမျှ သုံးသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့ အခု လက်ရှိ တင်ပြတောင်းဆိုနေတဲ့ အချက်သုံးချက်ဟာ ကျွန်တော်တို့အနေနဲ့ သေသေချာချာ စနစ်တကျနဲ့ စီမံခန့်ခွဲသွားမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီစနစ်နဲ့ ပတ်သက်ရင် ပူစရာမရှိပါဘူးလို့ ပြောချင်ပါတယ်။

အလုပ်စဖို့ကတော့ ဖေဖော်ဝါရီတစ်လကတော့ ပြင်ဆင်ရေးအနေနဲ့ ထားပါဦးမယ်။ ဖေဖော်ဝါရီလ တစ်လပြီးတာနဲ့ တစ်ပြိုင်နက် အချိန်ပြည့်၊ ရာနှုန်းပြည့် စစ်ဆေးရေးလုပ်ငန်းကို လုပ်မှာပါ။ တစ်ခုပြောစရာရှိတာက ဘာလဲဆိုတော့ လိုင်စင်မဲ့ကားတွေပါ။ လိုင်စင်မဲ့ကားတွေရဲ့ စိုးရိမ်မှုကလည်း အများကြီးပမာဏများပါတယ်။ အဲဒီ လိုင်စင်မဲ့ကားတွေရဲ့ လုပ်ငန်းကို ဒီစီးဆင်းမှုနဲ့ ပေါင်းလုပ်လိုက်မယ်ဆိုရင်လည်း လုပ်ငန်း ပမာဏကြီးမားတဲ့အတွက်ကြောင့် လိုင်စင်မဲ့ကားတွေကို တားဆီးရေးနဲ့ ပတ်သက်ရင်တော့ သီးသန့်စီမံချက်တစ်ခုနဲ့ သွားမှာဖြစ်ပါတယ်။

ထပ်ပြောချင်တာကတော့ အခုဒါနဲ့ပတ်သက်ရင် သတင်းတွေလည်း ရေးကြပါတယ်။ ပိတ်ဆို့လို့လည်း ပြောကြပါတယ်။ ဌာနဆိုင်ရာတွေ လာဘ်စားမှာပေါ့ စသည်ဖြင့် ပြောကြတာရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ အနေနဲ့က ဒီကနေ့ နိုင်ငံတော်ရဲ့ ဝန်ထမ်းတွေကို နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်းဆိုတဲ့ စကားလုံးအပြင် ပြည်သူ့ဝန်ထမ်းဖြစ်အောင်လို့ ကျွန်တော်တို့ ပြောင်းလဲပေးပါမယ်။ အစိုးရ ဝန်ထမ်းဆိုတာကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနမှာ တာဝန်ရှိတဲ့သူတွေအဖြစ်နဲ့ တာဝန်ထမ်းဆောင်တာကို အစိုးရဝန်ထမ်းလို့ ပြောလို့ရပါတယ်။ ဝန်ကြီးဌာနအားလုံး ပေါင်းလိုက်တဲ့အခါ နိုင်ငံတော်အစိုးရဖြစ်တဲ့ အခါကျတော့ နိုင်ငံတော်အစိုးရရဲ့ ဝန်ထမ်းလို့လည်း ပြောလို့ရပါတယ်။ ဒါပေမယ့် အခုလက်ရှိ ဝန်ထမ်းတွေကို သူတို့ရဲ့ Mind-set တွေ၊ သူတို့ရဲ့ စိတ်နေစိတ်ထားတွေ၊ သူတို့ရဲ့ ဘဝအနေအထားတွေကို အားလုံးပေါင်းပြီးတော့မှ ပြုပြင်ပြောင်းလဲပြီးတော့ တကယ့်ပြည်သူ့ဝန်ထမ်းကောင်း ဖြစ်အောင် ပြောင်းလဲမှာဖြစ်ပါတယ်။

အဲဒီတော့ အရင်တုန်းက ရှိခဲ့တဲ့ အပြောအဆိုတွေ၊ အခြေအနေတွေကြောင့်တော့ လက်ရှိဒီက ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကတော့ ဒီအပြော အဆိုဒဏ်ကို ခံနေကြရဦးမှာပါပဲ။ ချက်ချင်းတော့ ကျွန်တော်တို့အပိုင်းကလည်း ဒီဝန်ထမ်းတွေရဲ့ဘဝ၊ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်၊ ခံယူချက်၊ မျှော်လင့်ချက်တွေကို ချက်ချင်းမပြောင်းနိုင်သေးဘူး။ တစ်စစနဲ့တော့ အင်နဲ့အားနဲ့ပြောင်းမှာပါ။ အဲဒီအခါကျရင် ကာလအတိုင်းအတာတစ်ခု၊ သိပ်ရှည်ကြာတဲ့ ကာလတော့ ဖြစ်မယ်မထင်ပါဘူး။ ကာလတိုအတွင်း ဒီလိုအတိုင်းအတာ အတွင်းမှာတော့ ဝန်ထမ်းတွေဟာ ပြည်သူ့ဝန်ထမ်းကောင်းတွေ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူ့ဝန်ထမ်းကောင်းဖြစ်လာအောင်လို့ ဘက်ပေါင်းစုံကနေ ပြန်လည်ပြီးတော့ တည့်မတ်ထိန်းကျောင်းပြီး ဦးတည်ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်**
**(ရှမ်းပြည်နယ် စီမံ/စီးပွားဝန်ကြီး)**

အစည်းအဝေးမှာ အဓိကဆွေးနွေးတာကတော့ ရေပူဂိတ်နဲ့ ပတ်သက်ပြီး အဓိက ဆွေးနွေးတာဖြစ်ပါတယ်။ ရေပူဂိတ်နဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုရော ပြည်ထောင်စုအစိုးရအဖွဲ့ကိုရော အကြံပြုစာတို့၊ တိုင်ကြားစာတို့ အများကြီးပို့ပါတယ်။ **စာမျက်နှာ ၇ သို့** ○



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း
(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)



ဦးစိုးညွန့်လွင်
(ရှမ်းပြည်နယ် စီမံ/စီးပွားဝန်ကြီး)

# သမိုင်းဝင် ကျိုက္ကလော့စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင် သမိုင်းဝင် ကျိုက္ကလော့စေတီတော် မြတ်ကြီး (၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်လာသော သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး၊ အာယုဒိက ပျိုးဉယျာဉ်စာသင်တိုက် ဆရာတော်ထံမှ ကြွရောက်လာသော ပရိသတ်များက ငါးပါးသီလဆောက်တည်ကြသည်။ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝက ပွဲတော်ကျင်းပရေး အစီအစဉ်များကို လျှောက်ထားခြင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားခြင်းနှင့် ပဋ္ဌာန်းပစ္စယနုဂ္ဂဟ သုံးကြိမ်ရွတ်ဆိုပြီး နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့နာယကကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းသူများ တက်ရောက်ကြသည်။ ယင်းဗုဒ္ဓပူဇနိယပွဲတော်တွင် ရဲမိုးဇာတ်သဘင်အဖွဲ့က ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်ထိ၊ ဟားတစ်သိုက်(အငြိမ့်)က ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်ထိ၊ ဟန်ဇာမိုးဝင်း ဇာတ်သဘင်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်ထိ ကပြဖျော်ဖြေမည်ဟု သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေတွင် ပိတ်သိမ်းပြီး သံဃာတော် ၁၁၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

(ဌေးကြိုင်)




○ စာမျက်နှာ ၆ မှ

ဘယ်သူတွေပို့လဲဆိုတော့ ကုန်သည်ကြီးများအသင်းနဲ့ ကုန်စည်ဒိုင်တို့က ပို့ပါတယ်။ သူတို့စိုးရိမ်တဲ့အချက်ကတော့ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေဖို့ ပုပ်သိုးနိုင်တဲ့ ပစ္စည်းတွေ ပျက်စီးသွားနိုင်တဲ့ အကြောင်းရယ်၊ နောက်တစ်ခုက အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုပိုမိုမြင့်တက်လာမှုဆိုတဲ့အကြောင်းတွေ ဒီအချက်(၃)ချက်ကို အဓိကထားအကြံပြုဆွေးနွေးပြီး တိုင်ကြားတဲ့သဘောဖြစ်ပြီး ပြုပြင်ပြောင်းလဲပေးဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပို့တာပါ။ ကျွန်တော့်ဆီကိုလည်း စာတွေရောက်ပါတယ်။ ပြည်ထောင်စုဝန်ကြီးလည်း ကြိုသိပြီးသား ဖြစ်ပါတယ်။ အဓိကကတော့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်တဲ့အရာကို ကျွန်တော်တို့အနေနဲ့ မဖြစ်အောင်ကြိုးစားပေးမယ်။

(၁)အချက်အနေနဲ့ နည်းပညာတွေ သုံးပါမယ်။ တချို့ကားတွေကို ကျွန်တော်တို့ စစ်ချင်မှ စစ်မှာပေါ့။ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ရတဲ့အကြောင်းက ဒီနှစ်မှာ ကုန်စည်ကားခက သုံးဆလောက်ရတဲ့ ပြဿနာဖြစ်ပါတယ်။ ပို့ကုန်ပဲပို့ပြီး အပြန်ကို အလွတ်ပြန်ဆင်းတယ်။ ကားတွေက တစ်စီးကနေနှစ်စီး၊ နှစ်စီးကနေ သုံးစီးတက်သွားတာပေါ့။ ကားသမားတွေရဲ့ စည်းကမ်းမဲ့မှုပါတယ်။ နယ်မြေလုံခြုံရေးအရ ယာဉ်ထိန်းအင်အားနည်းတာလည်း ပါတာပေါ့။အဲဒီလိုမျိုးမဖြစ်အောင် ကျွန်တော်တို့က စီမံမယ်၊ ကြိုးကြပ်မယ်။

(၂)အချက်ကတော့ ကျွန်တော်တို့ နည်းပညာသုံးမယ်။ ကျွန်တော်တို့စစ်သင့်တဲ့ ကားတွေပဲစစ်မယ်။ ပုပ်သိုးနိုင်တဲ့ပစ္စည်းတွေကိုတော့ စစ်ချင်မှ စစ်မယ်။ ဝန်ကြီးပြောသွားတဲ့အတိုင်း(Portable X-ray) စက်တွေနဲ့ ဆောင်ရွက်သွားမှာပါ။ ကုန်စည်စီးဆင်းတဲ့အပေါက်တွေကလည်းများနေတော့ ကျွန်တော်တို့က စိစစ်ရခက်တယ်။ နယ်မြေလုံခြုံမှုကလည်း တစ်ပိုင်းဖြစ်တာပေါ့။ ဒါတွေကြောင့် တိုင်းပြည်လည်း နစ်နာတယ်။

စားသောက်ကုန်နဲ့ ပတ်သက်ရင် FDA နဲ့ မညီတာတွေရှိတယ်။ စိုက်ပျိုးရေးဆေး၊ ပိုးသတ်ဆေးအတုတွေ အဲဒီဟာတွေထိန်းချုပ်ဖို့ရာ ကျွန်တော်တို့ ဒီတိုင်းထားမလား၊ စနစ်တကျလုပ်မလား ကျွန်တော်တို့ စဉ်းစားရမယ်။ အရင်တုန်းကလည်း လုပ်ခဲ့တာပဲ။ စနစ်တကျ မလုပ်ခဲ့တာတွေကြောင့် ဒီအနေအထားတွေကို မထိန်းချုပ်နိုင်ခဲ့တာ။ ကျွန်တော်တို့အစိုးရသစ်အနေနဲ့ ရအောင်ထိန်းချုပ်မယ်။ ကျွန်တော်တို့ နည်းပညာအသစ်တွေ သုံးမယ်။ ဝန်ကြီးပြောတဲ့အတိုင်းဖြစ်အောင် ကျွန်တော်တို့ ထိန်းချုပ်သွားမယ်။ ကျွန်တော်တို့ အဆင်ပြေအောင်ဖြေရှင်းသွားမယ်။ အကျင့်ပျက်ခြစားမှုဆိုတာကလည်း မူဝါဒသတ်မှတ်မှု၊ အရေးယူမှုအပေါ်မှာမူတည်တာပါ။ လာဘ်မစားအောင် လုပ်ပေးထားတာတောင် လာဘ်စားတယ်ဆိုရင်တော့ ပြင်းထန်စွာအရေးယူရမှာပေါ့။ အကျင့်ပျက်ခြစားမှုကိုလည်း ထိထိရောက်ရောက်အရေးယူသွားမှာပါ။

ရှမ်းအရှေ့မှာဆိုရင် ရှမ်းပြည်နယ်အစိုးရနဲ့ကျွန်တော်ရယ်၊ လက်ထောက်ညွှန်ကြားရေးမှူးတွေရယ် အဖွဲ့စုံစနစ်တကျ ကြီးကြပ်လိုက်တဲ့အခါကျတော့ ဒီတစ်နှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာဆိုရင် ခါတိုင်းနှစ်တွေထက်စာရင် ကုန်သွယ်မှုဝင်ငွေဟာ ၂ ဒသမ ၁၇ သန်း၊ ဒီဇင်ဘာလမှာဆိုရင် ၂ ဒသမ ၆၅၄ သန်း၊ ဒါဟာ ကျွန်တော်တို့ ရှမ်းမြောက်နဲ့ အပေါက်ချင်းမတူဘူး။ ဒီဘက်က


ဦးဝဏ္ဏကျော်
(မွန်ပြည်နယ်အစိုးရ စီမံဘဏ္ဍာနှင့် လဝကဝန်ကြီး)

ကုန်သွယ်မှု အမြင့်ဆုံး၊ နယ်စပ်ကုန်သွယ်ရေး ၇၅ ရာခိုင်နှုန်းရှိတယ်။ မူဆယ်အပေါက်က ကျိုင်းတုံက မိုင်းလားလမ်း အဲဒီလမ်းမှာ အောက်တိုဘာ ၂၃ ရက်က စစ်ရေးတင်းမာမှုကို အကြောင်းပြုပြီးပိတ်လိုက်တယ်။ အဲဒီလိုပိတ်လိုက်တဲ့အခါမှာ အဲဒီလမ်းကမသွားဘဲ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း-မိုင်းလား ဆိုပြီးတော့ အထူးဒေသ(၂/၄) ထဲဝင်သွားတာပေါ့။ အဲဒီကိုဝင်တော့ ကုန်ရောင်းကုန်သွယ်မှုတွေအခွန်မရတဲ့အပြင် ကျွန်တော်တို့စာရင်းဇယားပြန်စစ်ဆေးဖို့ ပြည်ထောင်စုဝန်ကြီးကို တင်ပြထားပါတယ်။ နောက် တာချီလိတ်ခရိုင်ထဲက မိုင်းယုလမ်း မိုင်းယုတံတားရှိတယ်။ အဲဒီ မိုင်းယုတံတားကို စစ်ရေးအရ တံတားပေါ်မဖြတ်ရဘူးဆိုပေမယ့် တံတားရဲ့အောက်မှာ ဖောင်ဆိပ်တွေရှိနေတယ်။ ကူးတို့ဆိပ်တွေရှိနေတော့ အဲဒါနဲ့ပဲတစ်ဖက်ကို ကူးတယ်။ ကားတွေကအစ တင်သွင်းတယ်။ ဆန်စပါး၊ ငှက်ပျောကား အဲဒါတွေကို ကျွန်တော်တို့ စနစ်တကျ စစ်ဆေးသွားပါမယ်။

**ဦးဝဏ္ဏကျော်**
**(မွန်ပြည်နယ်အစိုးရ စီမံဘဏ္ဍာနှင့် လဝကဝန်ကြီး)**

အဓိကကတော့ ကျွန်တော်တို့ မွန်ပြည်နယ်မှာ မရမ်းချောင်စစ်ဆေးရေးဂိတ် ဖွင့်လှစ်နိုင်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့ အစီအစဉ် ဖြစ်ပါတယ်။ ပြည်ထောင်စုကနေ ဆောင်ရွက်တဲ့ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆိုတဲ့ စီမံချက်ကို အောင်မြင်အောင် မွန်ပြည်နယ်အနေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်သွားတဲ့ နေရာမှာ မရမ်းချောင်ဂိတ်ဆိုတာကတော့ ကားလမ်းတစ်ခုတည်း စစ်ဆေးတာပါ။ ကျွန်တော်တို့ မွန်ပြည်နယ်ရဲ့အနေအထားကတော့ ရေလမ်းရော၊ ရထားလမ်းရော ထပ်မံပြီးတော့ ထိန်းချုပ်ဖို့ လိုအပ်တာပါ။ အဲဒီအပိုင်းကိုလည်း ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်။

အဓိကတော့ ကျွန်တော်တို့က နယ်စပ်ထွက်ပေါက်ရှိနေတာပါ။ အဲဒီကနေပြီးတော့ ဝင်လာတဲ့ ကုန်ပစ္စည်းတွေက ကျွန်တော်တို့အတွက် အခွန်ဘဏ္ဍာတွေ ဆုံးရှုံး


ဦးကျော်ထင်
(ညွှန်ကြားရေးမှူးချုပ်/အကောက်ခွန်ဦးစီးဌာန)

တယ်။ မူးယစ်ဆေးဝါးတွေ ပြည်တွင်းကို ရောက်တယ်။ နောက် ပြည်တွင်းလုပ်ငန်းရှင်တွေ ထိခိုက်မှုရှိတယ်။ ဒီအပေါ်တွေမှာ ထိန်းချုပ်နိုင်အောင်၊ အကျိုးသက်ရောက်မှုရှိအောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ မြေပြင်အနေအထားကတော့ မရမ်းချောင်ဂိတ်ပြီးရင် စစ်တောင်းတံတားမုပလ္လင်ရှိပါတယ်။ သိမ်ဇရပ် စစ်တောင်းတံတားဆိုတာရှိပါတယ်။ ဒီလိုအစဉ်လိုက်ရှိပါတယ်။ သိမ်ဇရပ်ဘူတာကတော့ စစ်တောင်းတံတား မုပလ္လင်နဲ့ သိမ်ဇရပ် စစ်တောင်းတံတားကြားမှာ ရှိပါတယ်။ ဒီအတွက်ကြောင့် သိမ်ဇရပ်ဘူတာမှာ ပူးပေါင်းအင်အားနဲ့ စစ်ဆေးမယ်ဆိုရင် ရထားလမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ထိန်းချုပ်နိုင်စွမ်းရှိပါလိမ့်မယ်။ မွန်ပြည်နယ်အတွင်းမှာ အများဆုံးတင်သွင်းတဲ့ ပစ္စည်းက အားလုံးသိကြတဲ့အတိုင်း ထိုင်းနိုင်ငံကနေလာတဲ့ လူသုံးကုန်ပစ္စည်း အကုန်ဝင်ရောက်ပါတယ်။

**ဦးကျော်ထင်**
**(ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)**

ဒါ ကျွန်တော်တို့ အကောက်ခွန်ရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးတို့အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနဲ့ စီမံချက်တွေရေးဆွဲပြီးမှ တင်ပြတာဖြစ်ပါတယ်။ တင်ပြတဲ့အပေါ်မှာလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ ပြည်သူလူထုတွေရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့လည်း လွှတ်တော်မှာ တင်ပြပြီးတော့ တရားမဝင်ကုန်စည်တွေကို ဘယ်လိုတားဆီးမလဲဆိုတဲ့ အစီအမံတွေနဲ့ ပတ်သက်လို့လည်း မေးခွန်းတွေမေးထားတာတွေလည်းရှိပါတယ်။ ဒါကိုလည်း ပြည်ထောင်စုဝန်ကြီးရော ဒုတိယဝန်ကြီးပါ ဖြေဆိုထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒါကို ထိထိရောက်ရောက် တားဆီးသွားဖို့ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလည်း ကျွန်တော်တို့ ရေပူနဲ့ မရမ်းချောင်စခန်းတွေကို ဖွင့်လှစ်သွားဖို့အတွက် စတင်ပြင်ဆင်မှုတွေဆောင်ရွက်နေပါတယ်။ အားလုံးကို စစ်ဆေးမှုတွေ မလုပ်သေးပါဘူး။ သို့သော်လည်း ကျွန်တော်တို့လက်ရှိမှာ ပြည်သူလူထုတွေကလည်း သတင်းပေးလာတာရှိရင် သတင်းအရ တားဆီးဖမ်းဆီးထားတာတွေလည်း ရှိပါတယ်။ ဒါတွေကိုလည်း သတင်းထုတ်ပြန်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လက်ရှိမှာတော့ ပြည်သူလူထုဆီက တင်ပြလာတဲ့ အချက်တွေကိုလည်း ပြန်လည်သုံးသပ်ပြီးတော့မှ မှားယွင်းပိတ်ဆို့မှုတွေမဖြစ်အောင်၊ ပြီးတော့ သာမန်ခရီးသွား ဘုရားဖူးပြည်သူလူထုတွေလည်း အနှောင့်အယှက်မဖြစ်အောင် ကျွန်တော်တို့ သေသေချာချာစီမံချက်ချ ဆောင်ရွက်သွားမှာဖြစ်သလို အဂတိလိုက်စားမှုမရှိအောင် မီဒီယာတွေရဲ့ အထိန်းအကွပ်ရယ်၊ CCTV တပ်ဆင်ထားတာတွေလည်း ရှိပါမယ်။ နောက်ပြီး မှားယွင်းမှုရှိရင်၊ မသမာမှုတွေရှိရင် တိုင်ကြားနိုင်အောင် ဖုန်းနံပါတ်တွေကအစ ပွင့်ပွင့်လင်းလင်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အပိုင်းမှာတော့ ဌာနဆိုင်ရာတွေ၊ ပြည်သူလူထုရော အကုန်လုံးဝိုင်းဝန်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကုန်စည် ဝင်/ထွက်မှုအားလုံး မှန်ကန်တဲ့လမ်းကြောင်းပေါ်ရောက်ဖို့ဆိုရင် ဌာနဆိုင်ရာ တစ်ခုနဲ့မရသလို ကုန်သည်ကြီးများကပါ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ကုန်သည်ကြီးများအနေနဲ့လည်း တရားမဝင်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေကို လက်မခံဖို့လိုသလို မိမိကိုယ်တိုင်အနေနဲ့လည်း မှန်မှန်ကန်ကန် ဆောင်ရွက်ပြီးတော့မှ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ကုန်စည်ဝင်/ထွက်မှု စာရင်းဇယားတွေကအစ မှန်ကန်ပြီးတော့ နိုင်ငံတော်ရဲ့ အခွန်တွေလည်း ပိုမိုရလာမှာဖြစ်ပါတယ်။ စာရင်းဇယား မှန်ကန်ခြင်းအားဖြင့်လည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီမံကိန်းတွေမှာ မှန်ကန်တဲ့တွက်ချက်မှု၊ မှန်ကန်တဲ့စီမံကိန်းတွေ ဖြစ်လာပြီးမှ ဆက်လက်ပြီး အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် တရားမဝင်ကုန်စည်တွေကို လမ်းကနေ တားဆီးတာ၊ ဖမ်းဆီးတာ ဆောင်ရွက်သလို တရားမဝင်တဲ့ ကုန်စည်တွေ ရောင်းဝယ်နေတဲ့အပိုင်းတွေကိုလည်း ပညာပေးမှုအပိုင်းတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ ပြည့်ပြည့်ဝဝရဖို့ရယ်၊ မှန်ကန်တဲ့ ပစ္စည်းတွေဝင်လာဖို့ရယ်၊ ပြည်သူလူထုအနေနဲ့လည်း အရည်အသွေးရှိတဲ့ မှန်ကန်တဲ့ပစ္စည်းတွေအသုံးချနိုင်ဖို့၊ အသုံးပြုနိုင်ဖို့၊ ကျွန်တော်တို့ အကောက်ခွန်တစ်ခုတည်း ဆောင်ရွက်လို့မရသလို ပြည်သူလူထုအားလုံး၊ တွေ့တဲ့၊ မြင်တဲ့လူတွေအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီးတော့မှ သတင်းပေးခြင်းဆောင်ရွက်ပေးမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ တရားမဝင် ဝင်ရောက်တဲ့ကုန်စည်တွေ၊ အန္တရာယ်ရှိတဲ့ ပစ္စည်းတွေဝင်ရောက်နေတာကို အမြန်ဆုံး ထိထိရောက်ရောက်တားဆီးလာနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်၏ ကဏ္ဍအရပ်ရပ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် နိုင်ငံသားတိုင်းအနေဖြင့် မိမိတို့ တတ်စွမ်းသည့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို အုတ်မြစ်ခိုင်မာစွာ တည်ဆောက်ကြနိုင်ပါစေကြောင်း ။ ။

# အိန္ဒိယသမ္မတနိုင်ငံ၏(၆၈)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး တက်ရောက်ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**
အိန္ဒိယသမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ သံတမန်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri တို့သည် စင်မြင့်ထက်၌ နေရာယူကြပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနှင့် အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစပြီး နှစ်နိုင်ငံအကြားတွင် ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးထားရှိခဲ့သည်ကို မှတ်သားမိပါကြောင်း၊ နှစ်နိုင်ငံအကြား တူညီသည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့သည် မိမိတို့နှစ်နိုင်ငံကို အတူတကွ စုစည်းစေခဲ့သည်ဆိုသည်ကို အထူးပြောရန်မလိုပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ဒေသနှင့်ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့နှင့်စပ်လျဉ်းပြီး တူညီသော၊ ပြင်းပြသောဆန္ဒသဘောထားများရှိကြသည့် နိုင်ငံများလည်း ဖြစ်ကြပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မကြာသေးမီက အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်များကို ဝမ်းမြောက်စွာဖြင့် ပြန်ပြောင်းပြောကြားလိုပါကြောင်း၊ အဆိုပါ အဆင့်မြင့်ခရီးစဉ်များသည် နှစ်နိုင်ငံချစ်ခင်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမည်ဆိုသည့် ကတိကဝတ်ပြုမှုကိုထင်ဟပ်ပြနေရုံသာမက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာကြာအောင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် တန်ဖိုးထားမှုနှင့် အတွေ့အကြုံများအပေါ် အခြေပြုပြီး ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကဏ္ဍများတွင် ကောင်းမွန်သည့်ဆက်ဆံရေးနှင့် ရင်းနှီးစွာဆောင်ရွက်ခဲ့ကြပါကြောင်း။

ယနေ့အချိန်၌ မိမိတို့သည် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို မျှော်လင့်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံထူထောင်ရေးကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးမှု အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်မှုပြုသည့် အိန္ဒိယအစိုးရအဆက်ဆက်၏ ထောက်ခံမှုနှင့် နားလည်မှုကို တန်ဖိုးထားပါကြောင်း။

အိန္ဒိယနိုင်ငံ ဆတက်ထမ်းပိုး တိုးတက်သာယာဝပြောစေရန်နှင့် ပိုမိုကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေး၊ ပိုမိုရင်းနှီးလေးနက်သည့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသူများအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့်တည်ခင်းညှော်ခံသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Vikram Misri နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ MNL **ပြိုင်ပွဲမှ**

နှစ်ပွဲဆက်အနိုင်ရသည့်အသင်းမှာ ရှမ်းယူနိုက်တက် တစ်သင်းတည်းရှိခဲ့ပြီး ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ရန်ကုန်၊ ချင်းယူနိုက်တက်၊ ရတနာပုံ၊ ဧရာဝတီအသင်းတို့က လေးမှတ်စီ၊ ဇွဲကပင်အသင်းက သုံးမှတ်၊ ရခိုင်အသင်းက နှစ်မှတ်၊ ဟံသာဝတီ၊ နေပြည်တော်၊ Southern နှင့် မကွေးအသင်းတို့က တစ်မှတ်စီရရှိထားကာ GFA အသင်းမှာ အမှတ်မရသေးပေ။

ရာသီအစ နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ထားသည့် မကွေးအသင်းသည် လက်ရှိချန်ပီယံရတနာပုံအသင်းနှင့် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်ပြီး ဂိုးတိုက်စစ်မှူး ဆယ်လာ မပါနိုင်သေးသည့်တိုက်စစ်ပိုင်းက ရုန်းကန်ရဖွယ်ရှိနေသည်။ ရတနာပုံအသင်းသည် ဇန်နဝါရီ ၃၁ ရက်တွင် အာရှချန်ပီယံလိဂ် play-off ဒုတိယအဆင့် ကစားရမည်ဖြစ်သောကြောင့် မူလသတ်မှတ်ထားသည့်ရက်ထက် တစ်ရက်စောကစားခြင်းဖြစ်သည်။ လေးမှတ်စီရထားသည့် ရန်ကုန်နှင့် ဧရာဝတီတို့၏တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ပြီး ပေးဂိုးမရှိသေးသည့် အသင်းနှစ်သင်း၏တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းနေသည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

❒ **ကျော့ဖုံးမှ**

ပထမနေ့(၁၈)ကျင်းပွဲစဉ်များအပြီးတွင် Angelo QUE(ဖိလစ်ပိုင်)နှင့် Azuma YANO(ဂျပန်)တို့က ခြောက်ချက်စီလျှော့ရိုက်ကာ ထိပ်ဆုံးမှ ပူးတွဲဦးဆောင်လျက်ရှိပြီး K.T. KIM နှင့် Junggon HWANG (တောင်ကိုရီးယား)၊ Makoto INOUE(ဂျပန်)၊ Keith HORNE နှင့် Jbe KRUGER (တောင်အာဖရိက)၊ Sihwan KIM(အမေရိကန်)၊ Sutijet KOORATANAP-ISAN(ထိုင်း)တို့က ငါးချက်စီလျှော့ရိုက်၍လည်းကောင်း၊ Daniel CHOPRA (ဆွီဒင်)၊ Shiv KAPUR(အိန္ဒိယ)၊ Miguel TABUENA(ဖိလစ်ပိုင်)၊ Yusaku MIYAZATO(ဂျပန်)နှင့် Natipong SRITHONG(ထိုင်း)တို့က လေးချက်စီလျှော့ရိုက်၍လည်းကောင်း နောက်မှလိုက်နေသည်။ ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အားကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်နေပြီး မြန်မာဂေါက်သီးကစားသမား ၁၄ ဦး ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာဂေါက်သီးရိုက်ကစားသမားများအနက်ရဲထက်အောင်နှင့် အောင်ဝင်းတို့မှာ သတ်မှတ်ရိုက်ချက်အတိုင်းရိုက်ကာ အဆင့် ၅၃ နေရာတွင် ရပ်တည်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၇၀ တွင် ရုပ်သံမှ တိုက်ရိုက်ပြသမည်ဖြစ်ပြီး ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် Sky-Net မှလည်း ပြသလျက်ရှိသည်။ ယင်းပြိုင်ပွဲကို မြန်မာအားကစားပရိသတ်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ကံစမ်းမဲအစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။ ပြိုင်ပွဲဒုတိယနေ့ ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**တန်းတူညီမျှ အခွင့်အရေးရ**
**ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ**

# ပြန်လည်ရှင်သန်ရန်လိုအပ်နေသည့် မောင်တောမြို့လယ်က ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်

**မောင်တော ဇန်နဝါရီ ၂၆**
ပြည်သူတို့၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောမြို့၏ အထင်ကရနေရာတွင်တည်ရှိသည့် ပြည်သူ့အလင်းခေတ်မီစာကြည့်တိုက်ကို မောင်တောဒေသခံပြည်သူများက ပြန်လည်ရှင်သန်ဖွံ့ဖြိုးစေလိုကြကြောင်း သိရသည်။

"ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်ဟာ မောင်တောမြို့ရဲ့ အရေးပါတဲ့ မြို့လယ်မှာရှိတယ်။ လိပ်စာ တိတိကျကျပြောရရင် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်းမကြီးပေါ်မှာတည်ရှိပါတယ်။ စာကြည့်တိုက်ဆိုတာ စာဖတ်ချင်လာအောင် ဆွဲဆောင်နိုင်ဖို့လိုပါတယ်"ဟု စာကြည့်တိုက်ကော်မတီအတွင်းရေးမှူးဟောင်း ဖြစ်သည့် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်ညွန့်က ပြောသည်။

ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်ကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်က မောင်တောမြို့ပေါ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ စာအုပ်စာပေစိတ်ပါဝင်စားသူများက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"စာကြည့်တိုက်ကို ၂၀၀၂ ခုနှစ်ကတည်းက မောင်တောမြို့ပေါ်မှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းက စိတ်ပါဝင်စားသူတွေ၊ ပြည်သူထည့်ဝင်ငွေတွေနဲ့ ဦးစီးတည်ထောင်ခဲ့ကြတယ်။ စာကြည့်တိုက် ဝန်ထမ်းတွေခန့်ထားပြီး စည်စည်ကားကား ဖွင့်လှစ်ခဲ့ကြတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဝန်ထမ်းတွေ မခန့်ထားနိုင်တော့ဘူး။ စာကြည့်တိုက်မှူး တစ်ဦးပဲကျန်တယ်။ စာကြည့်တိုက်ရန်ပုံငွေနည်းပါးတဲ့အတွက် စာကြည့်တိုက်မှူးကိုလည်း ထောက်ပံ့ငွေအနည်းငယ်ပဲပေးနိုင်ခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ စာကြည့်တိုက်မှူး ကွယ်လွန်သွားတယ်။ စာကြည့်တိုက်လုပ်ငန်းတွေလည်း မလည်ပတ်နိုင်တော့ဘူး၊ စာဖတ်ချင်တဲ့သူတွေက စာအုပ်အသစ်တွေရောက်လားလို့ မေးလာကြပေမယ့် စာအုပ်စာစောင်အသစ်တွေ ထပ်မံဝယ်ယူမဖြည့်တင်းနိုင်တော့ဘူး"ဟု ဦးအောင်ကျော်ညွန့်က ဆက်လက်ပြောပြသည်။

သို့သော် မောင်တောဒေသခံပြည်သူများအနေဖြင့် အဆိုပါ စာကြည့်တိုက်ကို ပြန်လည်ဖွင့်လှစ်ပြီး စာကြည့်တိုက်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် မျှော်လင့်လျက်ရှိနေကြသည်။

"စာကြည့်တိုက်ကို အရင်တုန်းကလို ကောင်းကောင်းမွန်မွန်လေး ပြန်ဖြစ်စေချင်တယ်။ ကွန်ပျူတာတွေ၊ ရုပ်မြင်သံကြားစက်တွေ တပ်ဆင်ချင်တယ်။ စာကြည့်တိုက်ကော်မတီကိုလည်း ပြန်လည်ဖွဲ့စည်းစေလိုတယ်။ အားလုံး ဝိုင်းဝန်းကူညီပေးကြဖို့ ပြောလိုပါတယ်။ စာကြည့်တိုက်ဟာ မြို့ရဲ့အရေးပါတဲ့နေရာမှာ တည်ရှိတဲ့အတွက် ပြည်သူတွေရဲ့ ပညာအလင်းကို အဓိကဖြန့်ဖြူးပေးတဲ့ နေရာတစ်ခု ဖြစ်လာမယ်။ အဓိကကတော့ စာကြည့်တိုက်ရန်ပုံငွေ လွန်စွာနည်းပါးနေတာဖြစ်ပါတယ်" ဟု ဦးအောင်ကျော်ညွန့်က ဆိုသည်။

တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့အလင်းခေတ်မီစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။

မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်စန်းစန်းအောင်က "ကျွန်မ ၂၀၁၆ ခုနှစ်မှာ မောင်တောမြို့ကို စတင်ရောက်ရှိ တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်မ မရောက်မီကတည်းက ဒီစာကြည့်တိုက် ပိတ်ထားတယ်လို့ သိရတယ်။ ကျွန်မ မောင်တောကို ရောက်ရောက်ချင်းပဲ ဒီစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်အောင် ကြိုးပမ်းနေပါတယ်။ စာကြည့်တိုက်ဖွံ့ဖြိုးရေးရန်ပုံငွေရရှိအောင် ပြည်နယ်အစိုးရကိုတင်ပြထားပါတယ်။ ဌာနအနေနဲ့ စာအုပ်စာစောင်တွေနဲ့ စာကြည့်တိုက်နည်းပညာတွေကို ဆက်လက်ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

"ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက် ပြန်လည်ရှင်သန်လာအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ စာကြည့်တိုက်ရန်ပုံငွေဖြည့်တင်းနိုင်အောင်လည်း စီမံနေပါတယ်"ဟု မောင်တောခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းက ဆိုသည်။

**သတင်း- မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ- မောင်ဖိုးဇော်**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်လိုသော လွတ်လပ်ရေးမော်ကွန်းဝင်များစာရင်းပေးနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် စစ်ရေးပြကွင်း၌ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပမည့် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသည့် လွတ်လပ်ရေးမော်ကွန်းဝင်များသည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မော်ကွန်းဝင်အမှတ်၊ မော်ကွန်းဝင်ရရှိစဉ်က နေရပ်လိပ်စာ၊ မော်ကွန်းဝင်အဆင့်၊ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ (ဆက်သွယ်နိုင်မည့် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ပူးတွဲဖော်ပြရန်)နှင့်အတူ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်(စစ်ရေးဌာန)များသို့ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဘုန်းပွင့်စေတီတော်၌ စတုဒိသာနှမ်းထမနဲပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ၁၃၇၈ ခုနှစ် (တပို့တွဲလပြည့်နေ့) ဩဝါဒပါတိမောက်အခါတော်နေ့ အထိမ်းအမှတ် အကြိမ်(၂၀)မြောက် စတုဒိသာနှမ်းထမနဲပွဲကို တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့) (ဖေဖော်ဝါရီ ၁၀ ရက် သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် စေတီတော်ပရိဝုဏ်၌ ကျင်းပမည်ဖြစ်သည်။ မည်သူမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်သည်။ **ကိုချစ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိပြီး ကိုကိုးကျွန်းဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ကိုကိုးကျွန်းပတ်လမ်းမှကြွက်ကျွန်းသို့သွားသည့် မြေသားလမ်းဖောက်လုပ်ရန် လျာထားမှုကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသောလူနာများအား နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံသည်။

ထို့နောက် ရေတပ်စခန်းဌာနချုပ်ရှိ တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အုန်းထွက်ပစ္စည်းများဖြင့်ပြုလုပ်သည့် အိမ်အလှဆင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများထုတ်လုပ်နေမှု၊ အုန်းဆီသန့်စက်ရုံအတွင်း အုန်းဆီသန့်ထုတ်လုပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေတပ်စခန်းဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်၊ DYL ဝက်နှင့် နို့စားနွားများ မွေးမြူထားရှိမှု၊ Green House ဖြင့် သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

### အငှားအိမ်ရာများမှ

ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "နိုင်ငံတကာမှာ အငှားအိမ်ရာဆိုတာရှိပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင်လည်း အလုပ်လုပ်ကိုင်နေကြတဲ့ ဝင်ငွေနည်းတဲ့သူတွေကို သူ့မြို့နယ်အလိုက်အစိုးရအိမ်ရာတွေကနေ ငှားရမ်းပေးတာရှိပါတယ်။ ပုံမှန်လုပ်ခလစာနည်းတဲ့သူတွေထက် ဝင်ငွေနည်းပေမယ့် သူ့အနေနဲ့လက်ရှိအလုပ်အကိုင်တစ်ခုရှိပြီး ဝင်ငွေပုံမှန်ရှိရမယ်။ မှီခိုတဲ့မိသားစုတွေလည်းရှိမယ်။ ဝင်ငွေခွန်ကိုလည်းနိုင်ငံတော်ကို မှန်မှန်ကန်ကန်ဆောင်တယ်ဆိုရင် အစိုးရအနေနဲ့အငှားအိမ်ရာများကို ရေရှည်ငှားရမ်းပေးတာတွေရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အငှားအိမ်ရာဆိုတာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ လမ်းဘေးကျူးကျော်နေထိုင်တဲ့သူတွေကျတော့ သူတို့မှာပုံမှန်ဝင်ငွေမရှိဘူးလေ။ သူတို့အတွက်တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပေးမယ်ဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ အလုပ်လည်းရှိ၊ ပုံမှန်ဝင်ငွေလည်းရှိတဲ့သူတွေအတွက်ကျတော့ ဒီလိုအငှားအိမ်ရာမရဘူးဆိုရင် ကျူးကျော်ပဲနေထိုင်တော့မယ်ဆိုတဲ့အတွေးက ဝင်သွားနိုင်ပါတယ်။ အမှန်တော့ ဒီလိုအငှားအိမ်ရာတွေက နိုင်ငံအသီးသီးမှာရှိသလို ကျွန်တော်တို့နိုင်ငံမှာလည်း ရှိသင့်ပါတယ်။ လမ်းဘေးကျူးကျော်နေထိုင်သူတွေအတွက် နိုင်ငံတော်အစိုးရနဲ့ကုမ္ပဏီတွေအနေနဲ့ အလုပ်အကိုင်ရှာဖွေပေးပြီးမှ လမ်းဘေးကျူးကျော်နေထိုင်ကြသူတွေအတွက် အငှားအိမ်ရာတွေကို ချထားပေးသင့်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

"ဘဏ်တွေကလည်း အိမ်ခန်းဝယ်ယူသူကိုတိုက်ရိုက်ဘဏ်ချေးငွေစနစ်နဲ့ အခန်းတွေကို Longterm နဲ့လည်းရောင်းချပေးသင့်ပါတယ်။ ဒါမှသာလျှင် အဆောက်အအုံရောင်းချတဲ့ကုမ္ပဏီအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်တော့ဘဲ ဘဏ်နဲ့အိမ်ခန်းဝယ်ယူသူကြားထဲမှာ relation ရှိနေမှာဖြစ်တယ်။ အိမ်ခန်းဝယ်ယူသူကလည်း အလုပ်လုပ်ကိုင်နေကြောင်း အလုပ်ထောက်ခံစာနဲ့ ကြားအာမခံတစ်ဦးအား ဘဏ်ကိုသက်သေပြနိုင်ရင်တော့ ဒီစနစ်ကလည်းအဆင်ပြေစေမှာဖြစ်ပါတယ်။ Hire Purchase စနစ်ကျတော့ အိမ်ခန်းရောင်းချတဲ့ကုမ္ပဏီကို ဘဏ်ကကိုင်ထားတာဖြစ်ပြီး အိမ်ခန်းဝယ်ယူအတွက် ဘဏ်က တာဝန်မယူပါဘူး။ ဘဏ်ကငွေထုတ်ချေးလိုက်ပြီး ငွေချေးတဲ့သူက ပြန်မဆပ်နိုင်ဘူးဆိုရင် ကုမ္ပဏီကိုလာပြဿနာရှာတာပါ။ ဒါကြောင့် ဘဏ်တွေကနေတစ်ဆင့် အိမ်ခန်းဝယ်ယူသူကို တိုက်ရိုက်ဘဏ်ချေးငွေစနစ်နဲ့ အခန်းတွေကို Longterm နဲ့လည်း ရောင်းချပေးသင့်ပါတယ်။ ပြီးတော့ တန်ဖိုးမျှတအိမ်ရာဆိုတာကလည်း ဝင်ငွေအလယ်အလတ်ရှိတဲ့ဝန်ထမ်းနဲ့ပြည်သူတွေကိုရောင်းချပေးသင့်ပါတယ်။ ဒီလူတွေက ဌာနဆိုင်ရာဝန်ထမ်းတွေဖြစ်နိုင်သလို ကုမ္ပဏီဝန်ထမ်းတွေလည်းဖြစ်သင့်ပါတယ်။ ပြီးတော့ ဝန်ထမ်းတွေကို နှစ်ရှည်နဲ့ပဲဖြစ်ဖြစ်၊ တန်ဖိုးမျှတအိမ်ရာပဲဖြစ်ဖြစ် အရစ်ကျရောင်းချပေးသွားမယ်ဆိုရင် ဒီဝန်ထမ်းဟာ လာဘ်ပေး၊ လာဘ်ယူပပျောက်သွားမှာဖြစ်တယ်။ စာချုပ်ပါ စည်းမျဉ်းကိုဖောက်ဖျက်မယ်ဆိုရင် သူသွင်းထားတဲ့ ငွေပါဆုံးရှုံးခံရမှာပါ။ သူ့အတွက်စည်းကမ်းပါထိန်းချုပ်ဖို့လွယ်သွားပါလိမ့်မယ်"ဟု အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဝါရင့် အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "Build Operate Transfer -BOT စနစ်ကျတော့ နဂိုကတည်းကအစိုးရပိုင်မြေတွေကို ကုမ္ပဏီတွေက နှစ်ရှည်ငှားရမ်းတာဖြစ်ပြီး ငှားရမ်းနှုန်းထားကလည်းနည်းနည်းပဲပေးရတာပါ။ ပြီးတော့ ကုမ္ပဏီတွေအနေနဲ့ကလည်း အိမ်ခန်းတွေကိုရောင်းချပိုင်ခွင့်မရှိဘူးဆိုတာ အစကတည်းကအစိုးရနဲ့စာချုပ်ချုပ်ဆိုထားကြရပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ ခွင့်ပြုချက်ယူရတာမို့ အဆောက်အအုံဆောက်လုပ်နေစဉ်ကာလအတွင်းမှာလည်း နိုင်ငံခြားကနေဆောက်လုပ်ရေးပစ္စည်းတွေတင်သွင်းတဲ့အခါမှာ အခွန်မပေးဆောင်ရပါဘူး။ ဒီတော့ အဲဒီကုမ္ပဏီတွေအနေနဲ့ အားသာချက်အများကြီးရှိနေပါတယ်။ ဒီတော့မြေရှင်နဲ့အကျိုးတူပူးပေါင်းဆောက်လုပ်တဲ့ကုမ္ပဏီတွေ၊ ကိုယ်ပိုင်မြေနေရာဝယ်ယူပြီး ဆောက်လုပ်တဲ့ကုမ္ပဏီတွေအတွက်က အခက်အခဲဖြစ်ရပါတယ်။ မြေနေရာစပြီးဝယ်ကတည်းက တစ်လုံးတစ်ရင်းတည်းရင်းလိုက်ရတဲ့အတွက် မြေဝယ်စရိတ်ကုန်ပြီး အဲဒီမြေပေါ်မှာအခွန်ဆောင်ရတဲ့စရိတ်ကုန်ကျပါတယ်။ ပြီးရင် အဆောက်အအုံဆောက်လုပ်တဲ့အခါမှာလည်း ပြည်ပကနေပစ္စည်းတွေမှာယူတင်သွင်းရတာဆိုတော့ အဲဒီမှာပါအခွန်ဆောင်ရပါတယ်။ ပြီးတော့မြေရှင်နဲ့အကျိုးတူပူးပေါင်းဆောက်လုပ်တဲ့ကုမ္ပဏီတွေဆိုရင်လည်း ဆောက်လုပ်ပြီးပြီဆိုရင် အချိုးအစားတစ်ခုအတိုင်း မြေရှင်ကို ၅၀ ရာခိုင်နှုန်းပေးရတာပါ။ နောက်ပြီးကုန်ကျစရိတ်လည်းများပါတယ်"ဟု ဆိုသည်။

ယခုအခါ Build Operate Transfer -BOT စနစ်ဖြင့် ဆောက်လုပ်သည့်အဆောက်အအုံများမှာနည်းပါးပြီး မြေရှင်နှင့် အကျိုးတူပူးပေါင်းဆောက်လုပ်သည့် ကုမ္ပဏီများ၊ ကိုယ်ပိုင်မြေနေရာဝယ်ယူပြီးဆောက်လုပ်သည့် ကုမ္ပဏီများမှာပိုမိုများပြားကြောင်း၊ BOT စနစ်ဖြင့် ဆောက်လုပ်သည့်အဆောက်အအုံများအား ကုမ္ပဏီများက ဈေးနှုန်းလျှော့ချရောင်းချသည့်အတွက် တစ်ဖက်မှကျန်ဆောက်လုပ်ရေးကုမ္ပဏီများအတွက်နစ်နာရကြောင်း၊ ထို့ကြောင့် အခြားဆောက်လုပ်ရေးကုမ္ပဏီများ မနစ်နာစေရန်အတွက် နိုင်ငံတော်အစိုးရက BOT စနစ်ဖြင့် ဆောက်လုပ်သောကုမ္ပဏီများကို စနစ်တကျ ပြန်လည်ထိန်းချုပ်သင့်ကြောင်း၊ မကြာမီပြဋ္ဌာန်းမည့်ကွန်ဒိုမီနီယံ နည်းဥပဒေတွင်လည်း BOT စနစ်ကို မထည့်သွင်းသင့်ကြောင်း၊ ယခင် ပြဋ္ဌာန်းခဲ့သည့် ကွန်ဒိုမီနီယံ ဥပဒေတွင် အိမ်ခန်းဝယ်ယူမည့် ပြည်သူများအတွက် အခွန်ရာခိုင်နှုန်းမှာလွန်စွာများပြားနေပြီး အိမ်ခန်းဝယ်ယူမည့်ပြည်သူများနှင့် နိုင်ငံခြားသားများအတွက် အခက်အခဲဖြစ်စေနိုင်မည်ဖြစ်ကာ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတကာတွင်ကောက်ခံသည့်အခွန်နှုန်းထားအတိုင်းကောက်ခံမည်ဆိုပါက ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့တော်အတွင်း အထပ်မြင့်အိမ်ရာစီမံကိန်းများ ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဖြစ်သောကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သဖြင့် ဈေးကွက်အနေအထားကောင်းမွန်လာနိုင်ကြောင်းနှင့် ရန်ကုန်မြို့တွင်း နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်း လူဦးရေစုစုပေါင်း တစ်သန်းနီးပါး အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း-MLA**

## ကုန်သေတ္တာများအတွင်းမှ တရားမဝင် ပိတောက်ခွဲသားတန် ၁၄၀ သိမ်းဆည်းရမိ




**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့်မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီခန့်က ရန်ကုန်မြို့ အလုံမြို့နယ် MIP ဆိပ်ကမ်းတွင် သတင်းအရ ရှာဖွေစစ်ဆေးရာ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ တရားမဝင် ပိတောက်ခွဲသား ခန့်မှန်းတန် ၁၄၀ ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖိတ်ခေါ်ပါသည် ကလေးစာပေပွဲတော်ဆီ

ကိုချစ်

"ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ"ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးတောင်ဘက် ၇၃ လမ်းနှင့် ၄ရွှေဝါလမ်းထောင့်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT)၌ ဇန်နဝါရီ(၂၇၊ ၂၈၊ ၂၉ ရက် သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကလေးစာပေပွဲတော်ကို တန်ဖိုးမဖြတ်နိုင်သည့် စာဖတ်ခြင်း အလေ့အကျင့်ကောင်းမှတစ်ဆင့် ကလေးငယ်များအားလုံး စိတ်ကူးစိတ်သန်းကောင်း၊ အတွေးအခေါ်ကောင်းသည့် လူတော်လူကောင်းများ ပေါ်ပေါက်လာစေရေး ရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ကလေးငယ်များဟူသည် အတွေးအခေါ်နုနယ်သည်။ အပြစ်ကင်းသူများဖြစ်ကြသည်။အတုမြင်အတတ်သင်လွယ်သည်။ ဖော့ဖယောင်းလို ပုံသွန်းလောင်းလွယ်သည်။ ချစ်စရာကောင်းသော သူတို့၏ အပြုအမူ၊ အလေ့အကျင့်၊ စရိုက်လက္ခဏာများ၊ ဉာဏ်ရည်ဉာဏ်သွေးများ မှန်ကန်ထက်မြက်သွက်လက်ရန်လိုသည်။ သူတို့ဘဝခရီးလျှောက်သောလမ်း ပန်းခင်းလမ်းသဖွယ် ဖြစ်ဖို့လိုသည်။ ပတ်ဝန်းကျင်ကောင်းရှိဖို့၊ ဖန်တီးပေးဖို့လိုသည်။ ထို့ကြောင့် ကလေးများ၏ စာပေဖတ်ရှုလိုမှု၊ စာပေတန်ဖိုးသိဖို့ကို ဖြစ်ပေါ်စေမည့် "ကလေးစာပေပွဲတော်"ကို ကျင်းပခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကလေးများအတွက် လက်တွဲဖော်၊ အဖော်ကောင်း ပတ်ဝန်းကျင်ကောင်းကို ဖြည့်ဆည်းပံ့ပိုးပေးသည့်ပွဲတော်ဟု ဆိုရပေမည်။

ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးပေးမည့် ကလေးစာပေပွဲတော်တွင် အသက်အရွယ်အလိုက် စာပေလေ့လာဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန် မြန်မာ၊ အင်္ဂလိပ်ဘာသာရပ်မျိုးစုံ စာအုပ်ဆိုင်များ၊ ကလေးစာဖတ်ခန်း၊ ကာတွန်းပြခန်း၊ ဆရာမင်းသုဝဏ်၏ လက်ရာမြောက်စာအုပ်များပြခန်း၊ ကလေးများပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများ၊ မျက်လှည့်အစီအစဉ်၊ ကလေးများ ကမ္ဘာကျော်အရုပ်များနှင့် ဓာတ်ပုံတွဲရိုက်နိုင်သည့် အစီအစဉ်၊ မန္တလေးပန်းချီဆရာများက ကလေးများအား ပန်းချီပုံတူ အခမဲ့ရေးဆွဲပေးသည့်အစီအစဉ်၊ ကလေးများကိုယ်တိုင် ပါဝင်ကြမည့် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲများအပြင် ရိုးရာရုပ်သေးပြခန်း၊ အခြေခံပညာကျောင်း၊ ဘကကျောင်း၊ ကိုယ်ပိုင်ကျောင်းများ၏ ပညာပေးအစီအစဉ်ပြခန်းများ စသည့်ကလေးများ ပျော်ရွှင်စရာအစီအစဉ်ကောင်းများကို ပြည့်ပြည့်စုံစုံ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်ကလေးငယ်များ စာပေဖတ်ရှုခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရေး အဓိကရည်ရွယ်ကာ ၂၀၁၆ ခုနှစ်က နိုဘယ်လ်-မြန်မာစာပေပွဲတော်တွင် "ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နေပြည်တော်၌ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။

နေပြည်တော်၌ ကျင်းပသည့် ကလေးစာပေပွဲတော်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အားပေးခဲ့သည်။ နိုင်ငံတော်သမ္မတက "ကလေးစာပေပွဲတော်ကြီးသည် အနာဂတ်၏ ခေါင်းဆောင်လောင်းများကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့် ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများပျော်ရွှင်လာစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်ကြီးဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီကြစေလိုကြောင်း" အသိပေးလမ်းညွှန်ပြောကြားခဲ့သည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ကလည်း နေပြည်တော်၌ ကျင်းပသည့် ကလေးစာပေပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် "ငယ်ရွယ်စဉ်တွင် စာအုပ်စာတမ်းများ ထိတွေ့နေတတ်သည့် ကလေးများသည် စာအုပ်ထဲမှ အသိပညာ၊ ဗဟုသုတများ ရရှိနိုင်သည့်အတွက်ကြောင့် ကျန်သည့် ကလေးများထက် ပိုမိုထူးချွန်သည့်၊ အောင်မြင်သည့် လူတော်လူကောင်းလေးများ ဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် အားလုံးက ကလေးများအတွက် စာအုပ်စာပေဖတ်ရှုရင်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြစေလိုကြောင်း" ပြောကြားသွားခဲ့သည်။

ကလေးစာပေပွဲတော်တွင် တစ်တပ်တစ်အား ပါဝင်အားဖြည့် လုပ်ဆောင်နေသည့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက "အနာဂတ်မျိုးဆက်သစ်ကလေးငယ်တွေ တစ်ကြိမ်ပါဝင်ဆင်နွှဲလိုက်ရုံဖြင့် ဘဝတစ်သက်တာအတွက် မမေ့နိုင်သည့် အတွေးအခေါ်ပေါင်းများစွာကို ရရှိစေနိုင်မည်ဖြစ်ကြောင်း" ပြောကြားထားသည်ကို အမှတ်ရမိသည်။

သို့ဖြစ်ရာ ကလေးစာပေပွဲတော်သည် ကလေးငယ်များအားလုံး ကလေးစာပေ၊ ကလေးစာဖတ်ခန်းများမှတစ်ဆင့် ကလေးတို့၏ ဖြူစင်ရိုးသားမှု၊ အားမာန်ရှိမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပေါက်ပွားလာစေပြီး စာပေဗဟုသုတမှတစ်ဆင့် ဘဝအောင်မြင်ရေးလမ်းတွင် အသုံးချ၊ အသုံးတတ်လာစေရန် ဖြည့်ဆည်းပေးမည့်ပွဲကြီးဖြစ်ရာ မိဘသားချင်းများ၊ အုပ်ထိန်းသူများ၊ ဆရာ ဆရာမများက ကလေးငယ်များအား လက်တွဲခေါ်ဆောင်ကာ ကလေးစာပေပွဲတော်သို့ ပျော်ပျော်ပါးပါး မလွတ်တမ်းကြည့်ရှုအားပေးဆင်နွှဲကြစေလိုကြောင်း အသိပေးဖိတ်ခေါ်လိုက်ရပါသည်။ ။







## ဆဋ္ဌမအကြိမ်မြောက် ဓမ္မပူဇာသဘင်ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ဦးဆောင်၍ ဝန်ထမ်းမိသားစုများ၊ ဈေးသူ ဈေးသားများနှင့် (၇)ရက်သားသမီးများ၏ ဆဋ္ဌမအကြိမ်မြောက် ဓမ္မပူဇာသဘင်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီမျက်နှာစာရှေ့ကိုင်းကလေးကျောင်းအနီးတွင် ညစဉ် ၇ နာရီ၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၃၀ ရက်တွင် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)က လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဘဒ္ဒန္တအရှင်ပညာသီဟာဘိဝံသ၊ ဖေဖော်ဝါရီ ၁ ရက်တွင် ဒေါက်တာ ဘဒ္ဒန္တသဒ္ဒမ္မကိတ္တိသာရ၊ ဖေဖော်ဝါရီ ၂ ရက်တွင် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၊ ဖေဖော်ဝါရီ ၃ ရက်တွင် ဒေါက်တာအရှင်ကုန္ဒာစရိယ ဆရာတော်တို့က တရားရေအေး တိုက်ကျွေးတော်မူမည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ဘုရားဖူးများတည်းခိုနိုင်ရန် သုံးထပ်ဓမ္မာရုံ တည်ဆောက်လှူဒါန်း

**သီပေါ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ဒုဋ္ဌဝတီမြစ်ကမ်းနဖူးတွင် တည်ထားသော မယ်တော်စောမွန်လှ စေတီတော်ပရိဝုဏ်အတွင်း၌ ရပ်ဝေးဘုရားဖူးများ ညအိပ်တည်းခိုနိုင်ရန်နှင့် အလှူအတန်းများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်၊ မန္တလေး၊ တာချီလိတ် အပါအဝင် ရပ်နီးရပ်ဝေးအလှူရှင်များက သုံးထပ်ဓမ္မာရုံသစ်ကြီးကို တည်ဆောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဆောက်လုပ်ပြီးစီးသွားသော ဓမ္မာရုံသစ်ကြီးအား သီပေါမြို့ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ ဘော်ကြိုဆရာတော် အမှူးထား၍ ဆရာတော်၊ သံဃာတော်များပင့်ဖိတ်ပြီး ရေစက်ချဖွင့်လှစ်ပွဲ အခမ်းအနားကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (ဖေဖော်ဝါရီ ၄ ရက်) စနေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေး အလှူရှင်များနှင့် ဧည့်ပရိသတ်များ ကြည်ညိုနိုင်ကြရန် ဂေါပကအဖွဲ့က နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။

**(သီပေါကိုလတ်)**

## (၁၅)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးပါဝင်မည်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ (၁၅)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲအား ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအမျိုးအစားပေါင်း ၂၃ မျိုးပါဝင်ကြောင်း သိရသည်။

ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်ပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲနှင့် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၃ မျိုးတွင် ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု ကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆု ကျပ်ခုနစ်သောင်း၊ နှစ်သိမ့်ဆု သုံးဆုအတွက် ကျပ်သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၉ ရက် ည ၁၀ နာရီ နောက်ဆုံးထားပြီး ပါဝင်ယှဉ်ပြိုင်မည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်များအား ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၄၀၂၅၇၂၂၁၁ နှင့် ၀၉-၇၉၇၆၂၂၉၉၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(၀၀၂)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်(ရွှေဈေး) ၈၇၀၀၀၀ - ၈၇၀၀၀၀ မန္တလေး(ရွှေဈေး) ၈၇၀၀၀၀ - ၈၇၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ | (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၅၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၂.၉ | (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၃.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၁၂ | (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၃၄၇ | (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၉၁ | (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅.၆၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**





# သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ဖြစ်စေသော အကြောင်းရင်းများဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် UN-REDD Programme တို့ ပူးပေါင်းကျင်းပသည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့အား ဖြစ်စေသောအကြောင်းအရင်းများဖော်ထုတ်ခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန(ရေဆင်း) စုဝေးခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း) ဦးကျော်ကျော်လွင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

REDD+ လုပ်ငန်းစဉ်များမှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို တားဆီးကာကွယ်ခြင်း၊ သစ်တောများထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ သစ်တောများ ပြုစုထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ ပါဝင်သည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၆၁ နိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

REDD+ ကို နိုင်ငံအဆင့်အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည့် အဓိကလုပ်ငန်းစဉ်ကြီး(၄)ရပ်မှာ နိုင်ငံအဆင့် REDD+ မဟာဗျူဟာရေးဆွဲခြင်း၊ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်ကြီးကြပ်မှုစနစ် တည်ထောင်ခြင်း၊ သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏသတ်မှတ်ခြင်း၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှု သတင်းအချက်အလက်စနစ်တည်ထောင်ခြင်းတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုလျော့ချရန် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး FLEGT နှင့် EU-VPA လုပ်ငန်းစဉ်များ၊ REDD+ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံအဆင့် REDD+ မဟာဗျူဟာရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သစ်တောပြုန်းတီးရသော အကြောင်းအရင်းကို ကိန်းဂဏန်းအချက်အလက်နှင့်တကွ အသေးစိတ်ဆွေးနွေးရန်နှင့် နေရာဒေသအလိုက် တားဆီးကာကွယ်မည့်နည်းလမ်းများဖော်ထုတ်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ၎င်းနောက် UN-REDD Programme Chief Technical Advisor Dr. Franz Arnold က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ဘားအံ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ နည်းပညာအထက်တန်းကျောင်းရှိ (NRC) ဖွင့်လှစ်ပေးသော အသက်မွေးဝမ်းကျောင်းသင်တန်းသား သင်တန်းသူ လူငယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိစေပြီး ယာဉ်မတော်တဆမှုများ မရှိစေရေးအတွက် အမှတ်(၇၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါသင်တန်းကျောင်း၌ အသိပညာပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း၂၀၁၆ ခုနှစ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၄၃၃ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိမှု ၁၈၈ ဦး၊ သေဆုံးမှု ၁၃၃ ဦး၊ တရားခံ ၅၀၆ ဦးရှိခဲ့ရာ ဘားအံမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ရည်ရွယ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ သင်တန်းကျောင်းများနှင့် ကျေးရွာအလိုက် လိုက်လံပညာပေးလျက်ရှိကြောင်း သိရသည်။

ယင်းနေ့က ဘားအံမြို့ နည်းပညာအထက်တန်းကျောင်း၌ အမှတ်(၇၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး အောင်မြင့်နှင့် ရဲအုပ် အောင်ကိုကိုဝင်းတို့က ဆိုင်ကယ်စီးနင်းပါက မေးသိုင်းကြိုးပါရှိသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရန်၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းသူတိုင်း ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များရှိရေးနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများ စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကို ဘားအံနည်းပညာအထက်တန်းကျောင်းအုပ် ဒေါက်တာချိုယုမွန်၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၇၁ ဦးကျော်အား အသိပညာပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၈ | ဒေါက်တာ အရှင်လာဘသာမိ | အပြစ်တင်စကားမပြောပါနဲ့လား အခြားဓမ္မစာစုများ | ၁၅၀၀ိ/- | ဆန်းစသော်တာ စာပေ |
| ၃၉ | မောင်တင့်ဇော်(ကနေဒါ) | တစ်လှမ်းချင်းတက်ကမ်းလင့်လက် (တိုးတက်ကြီးပွားရေး ရသစာစုများ) | ၃၀၀၀ိ/- | ဇင်ရတနာစာပေ |
| ၄၀ | ဆရာညွှန့်ဝေမိုး | တက္ကသိုလ်ဝင်အင်္ဂလိပ်စာ ထိပ်တန်းအက်ဆေးနှင့်ပေးစာများ | ၃၆၀၀ိ/- | Power Books Publication |
| ၄၁ | ရွှေသဥ္စာ | ဟိုလောင်းပန်းပွင့်နှင့်ဘယ်ဂုဏ်နှင့်ဝင့်မတုံး | ၂၀၀၀ိ/- | Wisdom Houseစာပေ |
| ၄၂ | ယုဒါ | ရသဖန်တီးမှုအနုပညာ (ဝတ္ထုရေးသူ တစ်ဦး၏အတွေ့အကြုံမျှဝေခြင်း) | ၂၀၀၀ိ/- | Wisdom House စာပေ |
| ၄၃ | ပန်းချီအောင်ကြောင်းဖြာ | ငရဲကြီးရှစ်ထပ်(မဟာရောရုဝရဲ) | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၄၄ | ပန်းချီအောင်ကြောင်းဖြာ | ဘုရားလောင်းဘဝဖြစ်စဉ်များ(ဘုရားလောင်း ဖွတ်မင်းနှင့်သီလပျက်ရသေ့) | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၄၅ | ဒေါက်တာလွဏ်းဆွေ | ရသစုံမဂ္ဂဇင်း | ၂၅၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၄၆ | ခင်စောတင့် | ဟန်ဆယ်နှင့်ဂရိတာတို့၏ဖြစ်ရပ်မှန်ဇာတ်လမ်း | ၄၀၀၀ိ/- | ကျော်မွေးစာပေ |
| ၄၇ | စလင်း-ဦးအောင်သိန်း | မမှားသောရှေ့နေနှင့်သိထားရမည့် ဆုံးဖြတ်ချက်များ | ၁၂၀၀ိ/- | ဖြိုးစာပေ |
| ၄၈ | မင်္ဂလာထွန်း(ကျောက်မဲ) | အကြော်တွေဝယ်ကြပါအုံးခင်ဗျာနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ိ/- | ရိုးမချယ်ရီစာပေ |
| ၄၉ | နေမျိုးကျော်စိုး(ဥပဒေ) | ပြည်သူ့အကျိုးပြုဒီမိုကရေစီဆောင်းပါးများ စုစည်းမှု(အမှတ် -၄) | ၂၅၀၀ိ/- | သင်းစာပေ |
| ၅၀ | ပီမိုးနင်း | လူပျိုအပျိုလမ်းညွှန် | ၁၅၀၀ိ/- | မိုးကျော်စာပေ |
| ၅၁ | နတ်ရွာမိုး | အဖိုး မဖြတ်နိုင်တဲ့အဖွား | ၁၉၀၀ိ/- | အောင်မြင်စာပေ |
| ၅၂ | မင်းထက်မောင် | စိတ်ကူးတည့်ရာအချိုးအကွေ့ကဗျာများ | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၅၃ | မင်ထက်မောင်နှင့် မိုးဦးဆွေညိန်း | ကဗျာ (၅၀) သို့မဟုတ်ဥယျာဉ်မှူးတို့ ချစ်ရသောပန်းများ | ၂၀၀၀ိ/- | ဓူဝံစာပေ |
| ၅၄ | ခင်ခင်ဝင်း | ရေဆန်လမ်းမှအိမ်အပြန် | ၃၅၀၀ိ/- | ဓူဝံစာပေ |
| ၅၅ | ဒေါ်ခင်ဝင်းမြင့် | ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၆ အရ ပြင်ဆင်ပြီး)နှင့် ၁၉၁၇ ခုနှစ်၊ ယစ်မျိုးနည်းဥပဒေ | ၄၀၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၅၆ | စိုးစိုး(အင်္ဂပူ) | အိုင်းစတိုင်းအလွန်စကြဝဠာ | ၂၅၀၀ိ/- | KnowledgeBridge PublishingHouse |
| ၅၇ | ပါရဂူ | နေရဥ္စရာနှင့် အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- | စာပေခရီးသွားစာပေ |
| ၅၈ | သိပ္ပံမောင်ဝ | မောင်လူအေးဇာတ်လမ်း (မှတ်တမ်းဝင်ဝတ္ထုတိုများ) | ၃၅၀၀ိ/- | စာပေခရီးသွားစာပေ |
| ၅၉ | မြတ်ငြိမ်း | သင့်လက်တစ်ကမ်းမှာအောင်ပွဲရှာ | ၂၀၀၀ိ/- | ကိုနေမန်းစာပေ |
| ၆၀ | လင်းဝေမြိုင် | ကုတ်အင်္ကျီ(THE OVER COAT) | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ်စာပေ |
| ၆၁ | တက္ကသိုလ်တင်ခ | မြန်မာ့ဇာတိမာန်အဘိဓာန် | ၃၅၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၆၂ | နန်းရွှေလီကြိုင်(မိုင်းပန်) | တိုင်းပြည်နှင့်လူမျိုးအတွက်အန္တရာယ်ကြီးမားအနောက်ဘက်တံခါး | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၃ | ကောင်းဆက်နိုင်၊ ကိုဝမ်း | ယနေ့ . . . အာဏာရှင်များ မဖတ်ရ | ၁၅၀၀ိ/- | ကြယ်နီစာပေ |
| ၆၄ | အရှင်ဥတ္တရသာရ | ဗုဒ္ဓဘာသာဝင်များ သိထားသင့်သော သြကာသအဓိပ္ပာယ် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၆၅ | နေလင်းဝင်း | သမင်ကလေးပိစိနှင့်အခြားပုံပြင်များ | ၁၅၀၀ိ/- | စာနဒီစာပေ |
| ၆၆ | ခင်မောင်ကြီး | ဒီကင်မရွှန် | ၃၀၀၀ိ/- | လောကသစ်စာပေ |
| ၆၇ | ဒေါက်တာညိုညို | အောင်မြင်သောနှင်းဆီစိုက်ပျိုးရေး | ၂၀၀၀ိ/- | ကမ္ဘာစိမ်းမြစာပေ |
| ၆၈ | ဦးမိုယ်း(လယ်ဝန်) | သင့်မြေသင်အမှန်တကယ်ပိုင်ပြီလားနှင့် အခြားမြေယာဆိုင်ရာ ဆောင်းပါးများ | ၂၅၀၀ိ/- | ကမ္ဘာစိမ်းမြစာပေ |
| ၆၉ | ဒေါက်တာစိန်လှဗိုလ် | ဦးနှောက်မရှိပေမယ့်အပင်တွေ ဘယ်လိုတုံ့ပြန်ဆုံးဖြတ်ပေးကြတာလဲ | ၃၅၀၀ိ/- | ကမ္ဘာစိမ်းမြစာပေ |
| ၇၀ | ပါမောက္ခ ဒေါက်တာမြင့်သောင်း | ထိုးထွင်းတီထွင်အတွေးအခေါ်ပညာ | ၃၅၀၀ိ/- | ကမ္ဘာစိမ်းမြစာပေ |
| ၇၁ | ပါရဂူ | ခေါမဒဿန(ဆိုကရေတီး၊ ပလေတို၊ အရစ္စတိုတယ်) | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၂ | မောင်ခေတ်ထွန်း | ကမ္ဘာကြီးကိုဖန်တီးသူနှင့်အခြားပုံပြင်များ | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၃ | အကြည်တော် | အောင်မြေ | ၃၀၀၀ိ/- | စာပေလောက |
| ၇၄ | ပါရဂူ | ပုံပြဗုဒ္ဓဝင် | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၅ | နိုင်ဇော် | ကိုယ်တွေ့သရဲခြောက်ခံရသူများနှင့် လက်ရွေးစင်ခရီးသွားစာစုများ အမှတ်(၁) | ၂၀၀၀ိ/- | မျိုးမြန်မာစာပေ |
| ၇၆ | မြတ်ထန် | နှောင်းတမြွေ့မြွေ့ | ၃၃၀၀ိ/- | စိတ်ကူးချိုချို |
| ၇၈ | လင်းလွန်းခင်အဖွဲ့ | မဂ္ဂဇင်းဝတ္ထုတိုများ (၈) | ၅၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၇၉ | ကောင်းသာ | အောင်မြင်ရှေ့ဆက်ဆယ်ကျော်သက် အလေ့အထ(၇) ချက် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၀ | တက္ကသိုလ်မြစိမ်း | နှောက်တိုး | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၁ | မြတ်ငြိမ်း | ပြဿနာအရပ်ရပ်ကိုဦးနှောက်ဖြင့် ဖြေရှင်းသူတိုင်းအတွက် မြင့်မိုရ်မမြင့်ပါ | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၈၂ | ငြိမ်းကျော် | မိုးမသောက်မှောင်မိုက်အရိပ်မပြေးမီ | ၃၂၀၀ိ/- | စိတ်ကူးချိုချို |
| ၈၃ | ဘုန်းသက်ပိုင် | လွတ်လပ်မှု အနာဂတ် | ၅၀၀၀ိ/- | TheKeyCollection |
| ၈၄ | လူထုဦးလှ | ချင်းပုံပြင်များ | ၂၀၀၀ိ/- | လူထု |
| ၈၅ | လူထုဦးလှ | ချင်းပုံပြင်များ တတိယတွဲ | ၂၀၀၀ိ/- | လူထု |
| ၈၆ | ဒဂုန်တာရာ | ဝတ္ထုရေးဆရာ | ၂၀၀၀ိ/- | နေရီရီစာပေ |

# သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူ

**တာချီလိတ် ဇန်နဝါရီ ၂၆**
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ ထံမှ တာချီလိတ်မြို့ရှိ ဓမ္မစကူးလ် မိသားစုများက ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်တာချီလိတ်၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်တော်မူလာသည့် ဆရာတော်၊သံဃာတော်များနှင့် ဧည့်ပရိသတ်များက ဩကာသ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးက ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး စည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများအား သင်ခန်းစာပို့ချရာတွင် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုကာ ထည့်သွင်းသင်ကြားပေးပါက ပိုမိုကောင်းမွန်ထိရောက်စေကြောင်းနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမများအား အခြေခံပညာကျောင်းများရှိကျောင်းသား ကျောင်းသူများသာမက အဆင့်မြင့် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများပါ သင်ကြားနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် ဩဝါဒစကား ချီးမြှင့်သည်။

ထို့နောက် သီတဂူဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် မွေးနေ့မင်္ဂလာအတွက် တာချီလိတ်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကော်မတီ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းနှင့် လှူဖွယ်ပစ္စည်းများကို ကော်မတီ ဒုတိယဥက္ကဋ္ဌ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်းလှိုင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးဇော်မြင့်တို့က ဆက်ကပ်လှူဒါန်းကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# KBZ Visa Credit Card စတင်မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၆**
ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘာ့အကြီးဆုံး ငွေပေးချေမှုကွန်ရက်ကို တည်ဆောက်ထားသည့် VISA တို့ ပူးပေါင်းဆောင်ရွက်သော KBZ Visa Credit Card စတင်မိတ်ဆက်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ Melia Hotel တွင် ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမျိုးအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင်ဒါရိုက်တာများဖြစ်သော ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင်၊ VISA မှ (Group Country Manager, Southeast Asia) Mr. Rajiv Ramanathan နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်၏ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းချို့နှင့် VISA မှ Mr. Rajiv Ramanathan (Group Country Manager, Southeast Asia) တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး KBZ VISA Credit Card နှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက် ကတ်ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်ဆွေဇင်ဝင်းက ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘာ့အကြီးဆုံး ငွေပေးချေမှုကွန်ရက်ကို တည်ဆောက်ထားသည့် VISA တို့ပူးပေါင်းကာ KBZ Visa Credit Card ကို Classic Card နှင့် Platinum Card ဟူ၍ ပုံစံနှစ်မျိုးဖြင့် ထုတ်ဝေသွားမည်ဖြစ်သည်။ ယင်းကတ်နှစ်မျိုးစလုံးကို VISA ၏ ဆန်းသစ်သော payWave နည်းပညာဖြင့် ချိတ်ဆက်လုပ်ဆောင်စေမည်ဖြစ်ပြီး ယခင်သမားရိုးကျ ကတ်ဖြတ်ခြင်း၊ ကတ်ထိုးထည့်ခြင်းသာမက ငွေပေးချေမှုအတွက် လက်မှတ်မလိုဘဲ ကတ်ပေါ်ရှိ POS Terminal များအား ထိလိုက်ရုံဖြင့် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါကတ်ဖြင့် ကမ္ဘာတစ်ဝန်းမှ VISA လက်ခံသည့် ATM များ၊ POS များ စုစုပေါင်း သန်း ၄၀ ကျော်နှင့် မြန်မာနိုင်ငံတွင် VISA အသုံးပြုနိုင်သော နေရာပေါင်း ၇၀၀၀ ကျော်တွင် ဈေးဝယ်ခြင်း၊ ငွေပေးချေခြင်းနှင့် ငွေထုတ်ယူခြင်းများ ပြုလုပ်နိုင်မည် ဖြစ်သည်။

အဆိုပါကတ်ဖြင့် သုံးစွဲငွေများကို ၄၅ ရက်အတွင်း ဘဏ်သို့ ပြန်လည်ပေးသွင်းပါက အတိုးမဲ့ဖြင့် သုံးစွဲနိုင်မည်ဖြစ်ပြီး ၄၅ ရက်ကျော်လွန်မှ ပြန်လည်ပေးချေပါက သတ်မှတ်အတိုးနှုန်းဖြင့် ပေးချေရမည်ဖြစ်ကြောင်း သိရသည်။ **(ဝသ)**




# အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ဥရောပသမဂ္ဂမှ ပညာရှင်များတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၆**
အမျိုးသားပညာရေးမူဝါဒကော်မရှင်သို့ ဥရောပသမဂ္ဂမှ ပညာရေး၊ ကျန်းမာရေး၊ သုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာဌာနခွဲမှ ပညာရေးကျွမ်းကျင်သူ Mr. Steve Passingham နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆိုင်ရာကျွမ်းကျင်သူ Mr. Jean-Paul Heerschap တို့သည် ဥရောပသမဂ္ဂပညာရေးဆိုင်ရာ ပရိုဂရမ် မန်နေဂျာ Mrs.Elisa-beth Pirnay နှင့်အတူ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များကို လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အခန်းကဏ္ဍ၊ လက်ရှိဆောင်ရွက်လျက်ရှိသော ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၊ အခြေခံပညာရေးစနစ်သစ် (သူငယ်တန်းမှ ဒွာဒသမတန်းအထိ) ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်မှု၊ ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ပို့ချမှု၊ ပညာရေးကောလိပ်များအား ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်မှု၊ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ချမှတ်မည့် မူဝါဒများကို ရှင်းလင်းပြောကြားပြီး ဥရောပသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များက ၎င်းတို့ဦးစားပေးဆောင်ရွက်မည့် အခြေခံပညာ အလယ်တန်း၊ အထက်တန်းအတွက် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးတိုးမြှင့်ရေး၊ လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**
မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်နိုးကြားရန်နှင့် မွန်စာပေ၊ မွန်ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်လိုစိတ်များ မြင့်မားတိုးတက်လာစေရန် ရည်သန်ကာ အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက် (ဖေဖော်ဝါရီ ၅ ရက် တနင်္ဂနွေနေ့) ညနေ ၆ နာရီမှ ည ၉ နာရီအထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းဆိုင်ရာအချက်များ ထုတ်ပြန်ထား

**နေပြည်တော် ဇန်နဝါရီ ၂၆**
တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website ဖြစ်သော www.dtm.gov.mm တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## သားဖွားဒီပလိုမာအောင်လက်မှတ်ပေးအပ်

**ပဲခူး ဇန်နဝါရီ ၂၆**
ပဲခူးမြို့ သားဖွားသင်တန်းကျောင်း၏ တတိယအကြိမ်မြောက် သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်း က သင်တန်းသူ ၄၃ ဦးတို့အား သားဖွားဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကဝမြို့နယ်တွင် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကဝ ဇန်နဝါရီ ၂၆**
ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတတိုးပွားရေး၊ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားရေး၊ အပြောစွမ်းရည် တိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကဝမြို့နယ် စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦး၊ ပုံပြောပြိုင်ပွဲတွင် ၁၀ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆုရရှိသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၁၅၀ ခန့် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုနေ့အကြို
## စာစီစာကုံး၊ ကဗျာရွတ်၊ သီချင်းဆိုပြိုင်ပွဲများကျင်းပ

**သီပေါ ဇန်နဝါရီ ၂၆**
ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုနေ့ကို အနှစ်သာရရှိစွာ တန်ဖိုးထားသိရှိနားလည်စေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ အကြိုစာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့်တွင် "ပြည်ထောင်စုနေ့တို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် "ထိန်းသိမ်းစို့လေ ပြည်ထောင်စုအမွေ"ခေါင်းစဉ်ဖြင့် လည်းကောင်း သီပေါမြို့ပေါ်မှ မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မွန်းလွဲပိုင်းတွင် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ ကျင်းပ၍ ပြည်ထောင်စုနေ့တွင်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရသည်။ **စိုင်း(သီပေါ)**



## နှစ်ကျော့ပေါင်းရလဒ်နှစ်ဂိုးပြတ်ဖြင့် လီဗာပူးကို အနိုင်ရရှိပြီး ဆောက်သမ်တန်အသင်း အီးအက်ဖ်အယ်လ်ဖိုလ်လုပွဲတက်

ဆောက်သမ်တန်အသင်းသည် အီးအက်ဖ်အယ်လ်ဖလား အကြိုဗိုလ်လုပွဲ ပွဲစဉ် ဒုတိယအကျော့အဖြစ် လီဗာပူးအသင်း၏ အိမ်ကွင်းအန်ဖီးလ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်သမ်တန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ပထမအကျော့တွင်လည်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ်နှစ်ဂိုးပြတ်ဖြင့် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ယခုနိုင်ပွဲကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအတွက် ဆီနီဂေါအသင်းတွင် သွားရောက်ကစားနေသည့် ဆာဒီယိုမာနေးမပါဝင်နိုင်ခဲ့သည့် လီဗာပူးအသင်းသည် ဆောက်သမ်တန်အသင်းကိုရှုံးနိမ့်ကာ အီးအက်ဖ်အယ်လ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အပြင် အိမ်ကွင်းနှစ်ပွဲဆက်ရှုံးနိမ့်မှုလည်း ဖြစ်လာခဲ့ရသည်။ ယင်းပွဲစဉ်တွင် တိုက်စစ်မှူး စတားရစ်မှာ ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်း နှစ်ရပ်ကိုလည်း ဖြုန်းတီးပစ်ခဲ့သည်။ ထို့ကြောင့်သာ လီဗာပူးအသင်းရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် မန်ယူ သို့မဟုတ် ဟားစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ၁၉၇၆ ခုနှစ်အတွင်းက အက်ဖ်အေဖလားဗိုလ်လုပွဲတွင် မန်ယူအသင်းကို အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ယခုတစ်ကြိမ်သည် ဆောက်သမ်တန်အသင်းအတွက် ဝင်ဘလေတွင် ဒုတိယအကြိမ်ဖလားရရှိမည့်အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်ရန်လည်း နီးစပ်နေခဲ့ပြီဖြစ်သည်။

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့အတွက်မူ ယခုရှုံးနိမ့်မှုသည် နည်းပြဘဝဖြတ်သန်းလာမှုတွင် နောက်ဆုံးကစားခဲ့သည့် ဆီမီးဖိုင်နယ်ပွဲစဉ်ခြောက်ပွဲအနက် ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဆောက်သမ်တန် အသင်းအတွက်မူ ပေးဂိုးမပေးလိုက်ရဘဲ နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ရေးထိုးနိုင်ခဲ့သည်။ **(ငွေကြယ်)**

## လက်စကော့အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆန်းဒါးလန်းခေါ်ယူ

ဆန်းဒါးလန်းအသင်းသည် အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း လက်စကော့အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဆန်းဒါးလန်းအသင်းသည် လက်စကော့အား ယခုနှစ်ဘောလုံးရာသီကုန်အထိ ကာလတိုစာချုပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

မန်စီးတီး၊ အဲဗာတန်တို့တွင် ကစားခဲ့ဖူးသည့် နောက်ခံလူ လက်စကော့သည် အက်စ်တွန်ဗီလာအသင်း ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ခြင်းကြောင့် ဩဂုတ်လအတွင်းက အက်စ်တွန်ဗီလာအသင်းနှင့် လမ်းခွဲခဲ့ပြီး ဂရိမြေသို့ ပြောင်းလဲကစားခဲ့သည်။

သို့ရာတွင် ဂရိကလပ် အေအီးကေအသင်းတွင် ၁၁၄ ရက်ကြာကစားခဲ့ပြီးနောက် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ အသက်(၃၄)နှစ်အရွယ်ရှိ လက်စကော့သည် ကစားသမားဘဝတွင် ဝုလ်ဗာဟမ်တန်၊ အဲဗာတန်၊ မန်စီးတီး၊ ဝက်စ်ဘရွန်း၊ အက်စ်တွန်ဗီလာနှင့် အေအီးအေအသင်းတို့တွင် ပွဲပေါင်း ၆၁၂ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၄၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ **(ငွေကြယ်)**



## အကြိုဗိုလ်လုပွဲရောက် ကစားသမားရှစ်ဦးအနက် အသက်(၃၀)ကျော် ကစားသမားခြောက်ဦးအထိပါဝင်နေတဲ့ ဩစတြေးလျအိုးပင်း




ဩစတြေးလျအိုးပင်း ကွာတားဖိုင်နယ်ပွဲစဉ်မှာ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒဲလ်က လက်ရှိကမ္ဘာ့အဆင့်(၃) ရာအိုနစ်ကို ၆-၄၊ ၇-၆(၉-၇)၊ ၆-၄နဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်မှုနဲ့အတူ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ် အကြိုဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်တဲ့ ကစားသမားရှစ်ဦးမှာ အသက်(၃၀)ကျော် ကစားသမား ခြောက်ဦးအထိ ပါဝင်လာခဲ့တာကို တွေ့ရပါတယ်။

ဒါဟာ ဒီနှစ်ဩစတြေးလျအိုးပင်းရဲ့ ထူးခြားချက်တစ်ရပ်လို့တောင် ပြောလို့ရပါတယ်။ အမျိုးသားတစ်ဦးချင်းပွဲစဉ် အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်တဲ့ ကစားသမားလေးဦးမှာ ဖက်ဒရာက ၃၅ နှစ်၊ ဝေါ်ရင်ကာ ၃၁ နှစ်၊ နာဒဲလ် ၃၀ နှစ်နဲ့ ဒီမီထရော့ဗ်က ၂၅ နှစ်တို့ဖြစ်ပါတယ်။ ဒီလိုပါပဲ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွေမှာ ဗီးနပ်စ်ဝီလျံက ၃၆ နှစ်၊ ဆရီနာဝီလျံ ၃၅ နှစ်၊ ဘာရိုနီ ၃၄ နှစ်နဲ့ ဗန်ဒီဝေ့ ၂၅ နှစ်တို့ဖြစ်ပါတယ်။

အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ဖက်ဒရာနဲ့ ဝေါ်ရင်ကာ၊ နာဒဲလ်နဲ့ ဒီမီထရော့ဗ်တို့ ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး အမျိုးသမီး ပွဲစဉ်တွေမှာတော့ ဝီလျံညီအစ်မ ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်လွှဲနိုင်ကာ ဗီးနပ်စ်က ဗန်ဒီဝေ့၊ ဆရီနာက ဘာရိုနီနဲ့ တွေ့ဆုံနေပါတယ်။ ဒါကြောင့် လာမယ့် တနင်္ဂနွေနေ့မှာ ယှဉ်ပြိုင်မယ့် ဗိုလ်လုပွဲစဉ်တွေမှာ ပြိုင်ဘက်ကောင်းတွေ ဖြစ်ခဲ့ဖူးတဲ့ ဖက်ဒရာနဲ့ နာဒဲလ်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုအပြင် ဝီလျံညီအစ်မ ပြိုင်ဘက်တွေအဖြစ် ပြန်လည်ရင်ဆိုင်မှုကို တင်းနစ်ပရိသတ်တွေ မြင်တွေ့ရဖို့ အလားအလာရှိနေပါတယ်။

ဖက်ဒရာ-ဝေါ်ရင်ကာတို့ပွဲစဉ်က အဖြေထုတ်ဖို့ အနည်းငယ် ခက်ခဲပေမယ့် နာဒဲလ်ကတော့ အကောင်းဆုံးလက်စွမ်းပြမှုနဲ့အတူ ရာအိုနစ်လို ကစားသမားကိုတောင် အနိုင်ယူပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်တာကြောင့် နာဒဲလ်သာ ဗိုလ်လုပွဲတက်ရောက်ဖို့ အခွင့်အရေးသာနေတယ်လို့ ဆိုချင်ပါတယ်။ ဆိုတာက အသက်(၂၅)နှစ်အရွယ် ဒီမီထရော့ဗ် အနေနဲ့ အကြိုဗိုလ်လုပွဲအဆင့်နဲ့သာ ကျေနပ်လိုက်ရဖို့ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ သင်္ချာနည်းအရ အဖြေထုတ်ရင်တောင် ပြိုင်ပွဲနှစ်ရပ်လုံးမှာ အသက်(၃၀)ကျော် ကစားသမားတွေသာ ဗိုလ်စွဲဖို့ အလားအလာရှိနေတဲ့အတွက် အမျိုးသားတစ်ဦးချင်း ဂရင်းစလင်းပြိုင်ပွဲတွေမှာ အသက်(၃၀)ကျော် ကစားသမားတွေ အောင်ပွဲခံနိုင်မှု နည်းပါးနေတဲ့ အစဉ်အလာ ဒီတစ်ကြိမ်တော့ သွေဖည်သွားဖွယ်ရှိနေပါတယ်။ **(မေလှဲ့သင်း)**

## ရှန်းနီသာ အတ္တကြီးခဲ့လျှင် စီရိုနယ်လ်ဒိုထက်ကြီးကျယ်ခမ်းနားသည့် ကစားသမားဖြစ်နေလောက်ပြီဟု ဖာဒီနန်ယူဆ



မန်ယူအသင်းခေါင်းဆောင် ဝိန်းရှန်းနီအနေဖြင့် ယခုထက် အတ္တကြီးပြီး မိမိသာ အကောင်းဆုံးကစားသမားဖြစ်ရမည်ဟူသော စိတ်ဓာတ်မျိုးမွေးမြူခဲ့လျှင် လက်ရှိ ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် စီရိုနယ်လ်ဒိုထက် ပိုမိုခမ်းနားသည့် ကစားသမားဖြစ်နေလောက်ပြီဟု မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်က ဆိုခဲ့သည်။

ဖာဒီနန်က“ခရစ္စတီယာနို( ရိုနယ်လ်ဒို) က သူသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်ရမယ်ဆိုတဲ့ စိတ်ဆန္ဒအပြည့်ရှိသူပါ။ ဒါကြောင့် ဝိန်းကလည်း ကျွန်တော် ကမ္ဘာ့အကောင်းဆုံးဖြစ်ရမယ်လို့ ပြောခဲ့သင့်ပါတယ်။ ဒါပေမယ့်သူက အသင်းရဲ့ အစိတ်အပိုင်းအဖြစ်သာ ကစားခဲ့တာကြောင့် တစ်ရာသီ သွင်းဂိုး ၄၀ ကျော် သွင်းယူနိုင်တဲ့ ကစားသမားဖြစ်ခွင့်မရခဲ့တာပါ” ဟု ဆိုခဲ့သည်။

စီရိုနယ်လ်ဒိုမှာ ပင်ကိုပါရမီအားဖြင့် ထူးချွန်သူတစ်ဦးမဟုတ်ဘဲ ကြိုးစားလေ့ကျင့်မှု၊ မိမိကိုယ်မိမိသာ ဦးစားပေးတတ်မှုများကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာသူတစ်ဦးဟု ဘောလုံးလောကတွင်း ကျင်လည်နေသူအများစုကလည်း ယူဆကြသည်။ စီရိုနယ်လ်ဒိုက သူပါဝင်ကစားသည့် ပွဲစဉ်များတွင် သူသာ အသင်း၏ ပင်နယ်တီ ကန်သွင်းသူ၊ အလွတ်တည်ကန်ဘော ကန်သွင်းသူအဖြစ် တာဝန်ယူဆောင်ရွက်လေ့ရသော်လည်း ရှန်းနီကမူ ပေါ့ဘာ၊ မာတာတို့ရှိလျှင်ပင် ပင်နယ်တီ ကန်လေ့မရှိသလို အသင်း၏ လိုအပ်ချက်အတိုင်း ဝင်ရောက်ကစားပေးတတ်သူဖြစ်သည်။ ရှန်းနီသည် စတုတ်စီးတီးအသင်းအား တစ်ဂိုးစီ သရေကျသည့် ပွဲစဉ်တွင် မန်ယူအတွက်သူ၏ ၂၅၀ ပြည့်သွင်းဂိုးကို သွင်းယူနိုင်ပြီးနောက် မန်ယူအသင်း၏သွင်းဂိုးစံချိန်ရှင် ဖြစ်လာခဲ့သည်။ စီရိုနယ်လ်ဒိုနှင့် ရှန်းနီတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ငါးရာသီကြာ တွဲဖက်ကစားဖူးသူများလည်းဖြစ်ကြသည်။ **(မေလှဲ့သင်း)**

## ရီးယဲလ်မက်ဒရစ်အသင်းအနိုင်ရရန် အချိန်အနည်းငယ် ထပ်မံလိုအပ်ခဲ့ဟု နည်းပြ ဇီဒန်းဆို

ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိဖို့ မိနစ်အနည်းငယ်သာ အချိန်ထပ်မံလိုအပ်ခဲ့ကြောင်း ဆယ်လ်တာဗီဂိုအသင်းနှင့် ပွဲစဉ်အပြီးတွင် ရီးယဲလ်နည်းပြ ဇီဒန်းက ပြောကြားခဲ့သည်။ အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဆယ်လ်တာဗီဂိုအသင်းကို နှစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးဖြင့် အရေးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရရာ ဇီဒန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပထမအကျော့ အိမ်ကွင်း ဘာနေဗျူးတွင် ကစားခဲ့ရသည့် ပွဲစဉ်ကိုနှစ်ဂိုး-တစ်ဂိုးဖြင့် အံ့အားသင့်ဖွယ်အရေးနိမ့်ခဲ့ခြင်းကြောင့် ယခု ဒုတိယအကျော့တွင် အဓိက ကစားသမား အများစုဖြင့် ပွဲထွက်ကစားခဲ့သော်လည်း ဒန်နီလို၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှု၊ သုံးကိုက်အကွာမှ ကန်သွင်းခွင့်ရရှိခဲ့သည်ကို စီရိုနယ်လ်ဒို ဂိုးအဖြစ်ပြောင်းလဲနိုင်မှုမရှိခြင်းတို့ကြောင့် အကြိုဗိုလ်လုပွဲတက်ရောက်ခွင့် လွဲချော်ခဲ့ရသည်။ သို့သော် ဇီဒန်းက ရီးယဲလ်ကစားသမားများပွဲစဉ်အစအဆုံး အကောင်းဆုံး ကစားနိုင်ခဲ့သလို အနိုင်ရရန်အခွင့်အရေးရရှိခဲ့ကြောင်း၊ ရလဒ်ပိုင်းအတွက် မိမိတို့ကိုယ်မိမိတို့သာ အပြစ်တင်ရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ (မေလှဲ့သင်း)

## ကျေးဇူးတင်လွှာ

စစ်တက္ကသိုလ်အမှတ်စဉ်(၄၅) ဗိုလ်လောင်းသင်တန်း (၁၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော ကျောင်းအုပ်ကြီးများ၊ ဆရာကြီး/ဆရာမကြီးများအားလည်းကောင်း၊ Intake ရန်ပုံငွေသို့ ငွေကျပ်(၂၆)သိန်းလှူဒါန်းပေးခဲ့ကြသော ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဗိုလ်မှူးချုပ် တင်ဦး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)နှင့် စာပေညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း)တို့အားလည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် မြတ်ဆရာများအားလည်းကောင်း၊ အခက်အခဲအမျိုးမျိုးကြောင့် ဖိတ်ကြားနိုင်ခြင်းမရှိခဲ့သည့် မြတ်ဆရာများအားလည်းကောင်း၊ ရပ်ဝေး/ရပ်နီးမှ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသော သူငယ်ချင်းများ၏ ကျန်ရစ်သူမိသားစုဝင်များအားလည်းကောင်း၊ ကွယ်လွန်သွားကြသော သူငယ်ချင်းများ၏ ကျန်ရစ်သူမိသားစုဝင်များအားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်အောင် ငွေအား/လူအားဖြင့် ပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသော သူငယ်ချင်းများ၊ မိသားစုဝင်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၅) ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းအရာရှိများ**

### ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တင်ဒါများတင်သွင်းရန်ကြော်ငြာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့များ၌ ဈေးရုံအသစ်များ ဆောက်လုပ်ရန် တင်ဒါတင်သွင်းသူ၏ ကုန်ကျစရိတ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် တင်ဒါစည်းကမ်းချက်များနှင့်အညီ ဝယ်ယူတင်သွင်းနိုင်ပါသည်-

| စဉ် | ဈေးအမည် | ဆောက်လုပ်လိုသည့်အဆောက်အအုံ |
|---|---|---|
| (က) | သံတွဲမြို့၊ ဂိုတ္တောဈေး | (၂) ထပ်ဆောင်များ |
| (ခ) | သံတွဲမြို့၊ ပေလီဈေး | (၂) ထပ်ဆောင်များ |
| (ဂ) | ကျိုက္ကလီမြို့၊ ကျိုက္ကလီဈေး | (၂) ထပ်ဆောင်များ |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃၀-၁-၂၀၁၇ ရက်မှစ၍ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၈-၂-၂၀၁၇ရက်တွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၂၀၀၃၊ ၀၄၃-၂၂၀၀၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

ASIA KING 0943114301, 09420051117
Jan 27, 30, Feb 3, 10, 17, 24 ထွက်မည် + ကြိုတင်လက်မှတ်ရောင်းပြီ
+ အလောင်းတော်ကသ္သပ (သီးသန့်) လမ်းဘုရားစုံ (၃)ရက်။
+ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကသ္သပ၊ ဖြင်ဦးလွင်၊ ကျောက်စိမ်း (၅)ရက်။ + ပေလီကမ်းခြေ၊ ကမ်းသာယာ (၃)ရက်။
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ် (၃)ရက်။
+ ပုဂံ(ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။
+ မြဝတီ၊ မဲဆောက်၊ ဖဝေါ၊ ဘားအံ ဂူ(၅)ဂူ (၃)ရက်။
+ တောင်ကြီး၊ အင်းလေး (၄)ရက်၊ လွိုင်ကော်ပါ (၅)ရက်၊
ဘားမျိုးစုံ စင်းလုံးငှား စီစဉ်ပေးသည်။
+ မန်းရွှေစက်တော်မှုမြင်ဆွဲ နှင့် လမ်းဘုရားစုံ Jan 30 ထွက်မည်

အသုံးမလိုသော Air con; များ ဈေးကောင်းပေးဝယ်သည် 09 456 941 452

## ဂုဏ်ယူဝမ်းမြောက်ခြင်း

PARADISO CINEMAS COMPANY LIMITED မှ

ရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း၏ ပထမဦးဆုံး ရုပ်ရှင်ရုံဖြစ်သော "မော်ဘီအဆင့်မြင့်ရုပ်ရှင်ရုံ" အား ၂၅-၁-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရည်မှန်းချက်အတိုင်း ရုပ်ရှင်ရုံ (၁၀၀) ကို အောင်မြင်စွာစဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Galaxy Monywa Co.ltd
Taikkyi Tharlay Construction Co.ltd
TZ Construction Co.ltd
Regal State Construction Co,ltd

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ဂုဏ်ယူဝမ်းမြောက်ခြင်း




မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ PARADISO CINEMAS COMPANY LIMITED မှ မြန်မာနိုင်ငံအတွင်းရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း၏ ပထမဆုံးရုပ်ရှင်ရုံ (၁၀၀/၁) မော်ဘီရုပ်ရှင်ရုံအား ၂၅-၁-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း အမြန်ဆုံးပြည့်မီ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး
ဝေရတ်ရုပ်ရှင်ထုတ်လုပ်ရေး
မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေး
ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး
သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး
စန္ဒီဂိုက်ရုပ်ရှင်ထုတ်လုပ်ရေး
မေတ္တာရောင်ပြန်ရုပ်ရှင်ထုတ်လုပ်ရေး
ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး

လှစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေး
စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေး
Studio-35 ရုပ်ရှင်ထုတ်လုပ်ရေး
Home ရုပ်ရှင်ထုတ်လုပ်ရေး
နှင်းဆီရင်ခွင်ရုပ်ရှင်ထုတ်လုပ်ရေး
သောဝန်းကြာဖြူရုပ်ရှင်ထုတ်လုပ်ရေး
The Eyes ရုပ်ရှင်ထုတ်လုပ်ရေး
မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေး

အနော်မာရုပ်ရှင်ထုတ်လုပ်ရေး
နိယာယနရုပ်ရှင်ထုတ်လုပ်ရေး
လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေး
ဆောင်းညပြာသိုရုပ်ရှင်ထုတ်လုပ်ရေး
Media ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေး
အနော်မာသုခအင်တာတိန်းမန့်ရုပ်ရှင်ထုတ်လုပ်ရေး
The grade ဖိုးစိန်ရုပ်ရှင်ထုတ်လုပ်ရေး
Yagon Post
Myanmar Media group



## ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ စကားလတ်ဂျိုဟန်စန်

ဟောလိဝုဒ်ရဲ့ ထိပ်တန်းကြယ်ပွင့်စုံတွဲတွေထဲမှာအပါအဝင်ဖြစ်တဲ့ နောက်ထပ်စုံတွဲတစ်တွဲဟာလည်း လမ်းခွဲမယ့်အချိန်ကို ရောက်လာခဲ့ပြန်ပြီဖြစ်ပါတယ်။ လတ်တလောမှာ နှုတ်ဆက်ခြင်းနဲ့အဆုံးသတ်လိုက်တဲ့ ကြယ်ပွင့်စုံတွဲကတော့ မင်းသမီး စကားလတ်ဂျိုဟန်စန်နဲ့ ခင်ပွန်းဖြစ်သူ ရိုမိန်းဒိုရီရက်တို့ပဲ ဖြစ်ပါတယ်။

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တစ်ဦးဖြစ်တဲ့ စကားလတ်ဂျိုဟန်စန်နဲ့ ပြင်သစ်ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ရိုမိန်းဒိုရီရက်တို့ဟာ အိမ်ထောင်သက်နှစ်နှစ်ခန့်အကြာမှာ လမ်းခွဲခဲ့ကြတာဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ်လက်တွဲနေကြောင်း ၂၀၁၂ ခုနှစ်အတွင်းကစတင်ပြီး သတင်းတွေထွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် သမီးလေးတစ်ဦးဖြစ်တဲ့ ရို့စ်ဒေါ်ရသီဒိုရီရက်စ်ကို မွေးဖွားခဲ့ကြပြီး မကြာမီ ၂၀၁၄ ခုနှစ်အတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နွေရာသီကစတင်ပြီး သူတို့နှစ်ဦး ကွဲနေကြကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်မှာ နယူးယောက်မြို့ရဲ့လမ်းမပေါ်မှာ စကားလတ်ဂျိုဟန်စန်ကို တွေ့မြင်ခဲ့ကြရာမှာတော့ မင်းသမီးက သူ့ရဲ့လက်ထပ်လက်စွပ်ကို ဝတ်ဆင်ထားခြင်းမရှိတာ တွေ့ရပါတယ်။ ဒါကြောင့် သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေကို ဟုတ်မှန်ကြောင်း သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။

စကားလတ်ဂျိုဟန်စန်ဟာ ရိုမိန်းဒိုရီရက်နဲ့ လက်မထပ်မီက ဟောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ရိုင်ယန်ရေးနော့ဇ်နဲ့ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ လက်ထပ်ခဲ့သူလည်း ဖြစ်ပါတယ်။

**အေးပြည့်**

## ယခုနှစ်အတွင်း တေးသီချင်း ၁၀ ပုဒ် ထုတ်လွှင့်သွားမည်ဟု ကယ်လ်ဗင်ဟဲရစ်ပြောကြား



ကျော်ကြားတဲ့ ဒီဂျေ ပညာရှင်တစ်ဦးဖြစ်တဲ့ ကယ်လ်ဗင်ဟဲရစ်က သူ့အနေနဲ့ ၂၀၁၇ ခုနှစ်အတွင်း တစ်ကိုယ်တော်တေးသီချင်း ၁၀ ပုဒ်ကို ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"This Is What You Came For" တေးသီချင်းနဲ့ နာမည်ကျော်ခဲ့တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ ကယ်လ်ဗင်ဟဲရစ်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၃ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ သူ့ရဲ့ ပရိသတ်အချို့နဲ့ အမေးအဖြေကဏ္ဍတစ်ခုပြုလုပ်ခဲ့ရာမှာ ကယ်လ်ဗင်ဟဲရစ်က ယခုလို ထုတ်ဖော်ပြောကြားလိုက်တာဖြစ်ပါတယ်။

ဆက်လက်ပြီး ပရိသတ်တွေက တေးအယ်လ်ဘမ်သစ် ထွက်ရှိဖို့ရည်ရွယ်ထားခြင်းရှိ၊ မရှိ မေးမြန်းခဲ့ရာမှာတော့ ကယ်လ်ဗင်ဟဲရစ်က အစီအစဉ်မရှိကြောင်း ဖြေကြားခဲ့တာကြောင့် သူ့ရဲ့ တေးသီချင်း ၁၀ ပုဒ်ကို တစ်လလျှင် တစ်ပုဒ်နှုန်းနဲ့ သီးခြားစီထုတ်လွှင့်သွားနိုင်ဖို့ ပရိသတ်တွေက မျှော်လင့်နေကြပါတယ်။

ကယ်လ်ဗင်ဟဲရစ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း သူ့ရဲ့နောက်ဆုံးတေးအယ်လ်ဘမ်ဖြစ်တဲ့ "Motion"ကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ပြီး မကြာမီ ဗြိတိန်ရဲ့ တေးဂီတဇယားမှာ နံပါတ်နှစ်နေရာကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကယ်လ်ဗင်ဟဲရစ်က သီချင်းတွေကို တစ်ပုဒ်ချင်းစီသာ ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ သူနောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ "My Way"တေးသီချင်းပဲ ဖြစ်ပါတယ်။

## ကောလာဟလတွေကို အတည်ပြုပြောကြားလိုက်တဲ့ ယူအီး



ယူအီး



လီဆန်းယွန်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ယူအီးဟာ လတ်တလောမှာ ချစ်သူဖြစ်တဲ့ လီဆန်းယွန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေဟာ တောင်ကိုရီးယားမီဒီယာတွေအကြား ပေါ်ထွက်လာပြီးတဲ့နောက်မှာ ယူအီးက အဆိုပါကောလာဟလတွေဟာမှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယူအီးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ပဲလ်ဒစ်အန်တာတိန်းမန့်က ယူအီးနဲ့ လီဆန်းယွန်းတို့နှစ်ဦးဟာ ယခုနှစ်အစပိုင်းမှာ အပြီးသတ် လမ်းခွဲခဲ့ပြီဖြစ်ကာ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေအဖြစ်သာ ဆက်လက်ရပ်တည်သွားမှာဖြစ်တယ်လို့ မကြာသေးမီက တရားဝင်ထုတ်ဖော်ပြောကြားလိုက်တာဖြစ်ပါတယ်။

သူတို့နှစ်ဦး လမ်းခွဲရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး အဆိုပါအေဂျင်စီက နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ သူတို့တွေရဲ့ များပြားလွန်းတဲ့ အနုပညာလုပ်ငန်းတွေကြောင့် တစ်ဦးကိုတစ်ဦး အချိန်အပေးနိုင်ကြတဲ့အတွက် နောက်ဆုံးမှာ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ယူအီးနဲ့ လီဆန်းယွန်းတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲနေကြကြောင်း ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မေလအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## ကြေးမုံ ရုပ် ရှင် အ ညွှန်း

## "ဘယ်ရည်းစားကိုအချစ်ဆုံးလဲ" အချစ်ဟာသဇာတ်ကား ယခုတစ်ပတ် ရုံတင်မည်

မိမိကိုယ်တိုင် ဖြစ်ပျက်ခဲ့သည်များရောပတ်ဝန်းကျင်အခြေအနေအကြောင်း အမျိုးမျိုးကြောင့်ပါ ယောကျ်ားမုန်းတီးရေးဝါဒရှိနေခဲ့သူ မေသူဇာ။ ညီမဖြစ်သူများကို ယောကျ်ားများနှင့် ဝေးဝေးရှောင်ရန် အတန်တန်တားထားသည့်ကြားမှ တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကြသည့် ပညာတန်၊ လူကုံတန် သူဌေးသားနှစ်ဦးနှင့် ကြုံတွေ့ရသော မော်ဒယ်လ်မိုးကြည်ပြာ။ ခေတ်ပညာတတ်လူငယ်များဖြစ်ပြီး မိဘများနှင့် နိုင်ငံရပ်ခြားတွင် အခြေမချလို၍ မြန်မာပြည်တွင်နေခဲ့ကာ အပျော်တမ်းမော်ဒယ်လုပ်ကိုင်နေကြသူ စည်သူနှင့် ဇွဲ။ သူတို့တွေကြားထဲက သာမန်တင်ပြနေကျမဟုတ်သည့် အချစ်ဟာသဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။

သာမန်ထက်ပိုသည့် ဆက်ဆံရေးမျိုးရှိနေပြီး ချစ်သူထက်ပင် တစ်ယောက်အကြောင်း တစ်ယောက်ပိုသိနေကြသည့် စည်သူ၊ ဇွဲနှင့် မော်ဒယ်လ်မိုးကြည်ပြာတို့ကြားက သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်းလေးဖြစ်ပေမယ့် တင်ပြနေကျဇာတ်လမ်းများနဲ့ ဇာတ်အိမ်ကွဲလွဲပြီး ဟာသလေးတွေပါ ရောနှောထားတာဖြစ်ပါတယ်။

"ဘယ်ရည်းစားကို အချစ်ဆုံးလဲ" ဟု အမည်ပေးထားတဲ့ မြန်မာရုပ်ရှင်ဇာတ်ကားကို မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဂျမန်းစီစဉ်ထုတ်လုပ်ထားတာဖြစ်ပြီး ဇာတ်လမ်းဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာဝင်းလွင်ထက်က ခြယ်မှုန်းထားခြင်းဖြစ်ပါတယ်။ သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ဟန်လင်းသန့်၊ အားဝေ၊ နန့်ချစ်နဒီဇော်၊ မေမြင့်မိုရ်၊ ကောင်းထွန်းနှင့် သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။

ဒီဇာတ်ကားကို လာမယ့် ဇန်နဝါရီ ၂၇ ရက်မှစတင်ကာ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ တော့ရှိုင်ရယ်(ပါရမီ)၊ ဂမုန်းပွင့်(စံရိပ်ငြိမ်)၊ JCGV Maw Tin၊ JCGV (Square)ရုပ်ရှင်ရုံ၊ မန္တလေးမြို့တွင် ဝင်းလိုက်၊ မြို့မ၊ JCGVရုပ်ရှင်ရုံ၊ နေပြည်တော်တွင် JCGV၊ အောင်သပြေ၊ ဇေယျာသီရိရုပ်ရှင်ရုံ၊ ပြည်မြို့တွင် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံ၊ ပုသိမ်မြို့တွင် ရွှေပြည်တော်ရုပ်ရှင်ရုံ၊ ထားဝယ်မြို့တွင် အောင်မင်္ဂလာရုပ်ရှင်ရုံ၊ မြဝတီမြို့တွင် သွန်းရွှေစင်ရုပ်ရှင်ရုံ၊ဘားအံမြို့တွင် တက်နေဝင်းဦးဆောက်ပန်းရုပ်ရှင်ရုံ၊ မော်လမြိုင်မြို့တွင် JCGVရုပ်ရှင်ရုံ၊ လားရှိုးမြို့တွင် သီတာအေး၊ သိန်းထိုက်၊ အောင်သီရိရုပ်ရှင်ရုံ၊ ပြင်ဦးလွင်မြို့တွင် ချယ်ရီလွင်၊ Movie Planet ရုပ်ရှင်ရုံ၊ တောင်ကြီးမြို့တွင် မြသုခရုပ်ရှင်ရုံ၊ ဗန်းမော်မြို့တွင် စတားရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့တွင် ရတနာရုပ်ရှင်ရုံ၊ ပခုက္ကူမြို့တွင် သီဟရုပ်ရှင်ရုံ၊ တောင်ငူမြို့တွင် New 3D Cinema ရုပ်ရှင်ရုံ၊ ပဲခူးမြို့တွင် Icon (Mingalar Cinema) ရုပ်ရှင်ရုံနှင့် မြိတ်မြို့တွင် မင်္ဂလာရုပ်ရှင်ရုံတို့တွင် တစ်ပြိုင်တည်း ရုံတင်ပြသသွားမှာဖြစ်ပါတယ်။



ဒါ့အပြင် ပြသနေဆဲမြန်မာဇာတ်ကားတွေဖြစ်တဲ့ မင်းသားပြေတီဦးနဲ့ ထိုင်းအလှမယ်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ တီတီနှင့်ဒိုးနတ်၊ ဒါရိုက်တာကိုဇော်(အရုဏ်ဦး)ရဲ့ "ချန်ပီယံလေး"ဇာတ်ကား၊ ဒါရိုက်တာခင်စောမျိုး(အဖေ့ပညာ)ရဲ့ "ငဘ" ဇာတ်ကားတို့ကို ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

နိုင်ငံခြားဇာတ်ကားတွေအနေနဲ့ Raees ဘောလိဝုဒ်မှုခင်းအက်ရှင်ဇာတ်ကားသစ်၊ ဓားစံအိမ်တော်ကြီး၊ ဓားသိုင်းသမားများအကြောင်းနှင့် ဓားသိုင်းစွမ်းရည်တို့ကို ခံစားနိုင်ကြမည့် Sword Master အက်ရှင်ဇာတ်ကားသစ်နဲ့ ဟောလိဝုဒ်မင်းသားချော မက်ဒမ်မွန်ခေါင်းဆောင်ပါဝင်ထားပြီး တရုတ်နှင့် ဟောလိဝုဒ်ရုပ်ရှင်ပညာရှင်များ ပူးပေါင်းဖန်တီးထားတဲ့ The Great Wall ဇာတ်ကားသစ်တို့ကို ကြည့်ရှုခံစားကြရမှာဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ သတင်းကောင်းပါးလိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**




## သြဇာကြီးမားတဲ့ မူးယစ်ရာဇာတစ်ယောက်နဲ့ ရဲအရာရှိတစ်ဦးကြားက အားပြိုင်ပွဲ Raees

Raees ဇာတ်ကားဟာ ၂၀၁၇ ခုနှစ်အတွင်း အသစ်ထွက်ရှိလာခဲ့သည့် ဘောလိဝုဒ်မှုခင်းအက်ရှင်ဇာတ်ကားသစ်တစ်ကားဖြစ်ပြီး နာမည်ကျော်ဘောလိဝုဒ်မင်းသား ရှာရွတ်ခမ် ခေါင်းဆောင်ပါဝင်ထားပါတယ်။ ဒီဇာတ်ကားမှာတော့ မင်းသား ရှာရွတ်ခမ်ဟာ သရုပ်ဆောင်နေကျဇာတ်ကောင်စရိုက်နဲ့ ကွဲပြားကာ ပြည့်တန်ဆာလုပ်ငန်း၊ အရက်ပုန်းနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို လုပ်ကိုင်ပြီး နာမည်ကြီးသူဌေးတစ်ဦး ရေးစ်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ရက်စက်တတ်တဲ့စရိုက်လက္ခဏာရှိတဲ့ ရေးစ်ဟာ လုပ်ရဲကိုင်ရဲ လက်ရဲဇက်ရဲ မူးယစ်ရာဇာတစ်ယောက်ဖြစ်ပြီး စီးပွားရေးမှာလည်း စွန့်စားလိုစိတ်နဲ့အတူ ထူးခြားတဲ့ စီမံခန့်ခွဲမှုအရည်အချင်းရှိတဲ့ ရေးစ်ကို ဟန့်တားမယ့်သူတစ်ဦး ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒီလူကတော့ မက်ဂျမ်းတာလို့ခေါ်တဲ့ ရဲအရာရှိတစ်ဦးဖြစ်ပြီး သူဟာ သူ့ကိုယ်သူမကောင်းမှုဒုစရိုက်တွေ ဖယ်ရှားနှိမ်နင်းဖို့ လူဖြစ်လာသူတစ်ဦးလို့ ခံယူထားသူတစ်ဦးလည်းဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ အိန္ဒိယပြည်နယ်တွေအနက် အရက်သေစာကို ဥပဒေနဲ့တားမြစ်ထားတဲ့ကြားက အရက်ပုန်းရောင်းချပြီး ဒုစရိုက်မျိုးစုံပြည့်နှက်နေတဲ့ ဂူဂျာရတ်ပြည်နယ်မှာ သြဇာကြီးမားလာတဲ့ လူဆိုးကြီးတစ်ယောက်နဲ့ ဒုစရိုက်တွေကို နှိမ်နင်းဖို့ သန္နိဋ္ဌာန်ချထားတဲ့ ရဲအရာရှိတို့ နှစ်ယောက်ကြားက အားပြိုင်မှုလေးတွေအကြောင်းကို ပုံဖော်ခြယ်မှုန်းထားတဲ့ အိန္ဒိယမှုခင်းအက်ရှင်ဇာတ်ကားဖြစ်ပါတယ်။

Raees ဇာတ်ကားသစ်ကို ယခုတစ်ပတ်မှာ ရွှေ့ဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဒိုင်းမွန်၊ မင်္ဂလာထွန်းသီရိနဲ့ ပဲခူးမြို့ရှိ မင်္ဂလာရုပ်ရှင်ရုံတို့မှာ ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

**မျိုးစန္ဒာမောင်**

# ထိုင်း-မြန်မာ ချစ်ကြည်ရေး ကုန်သွယ်မှုတံတားတည်ဆောက်မှု လျာထားကာလအတွင်းပြီးစီးနိုင်

**မြဝတီ ဇန်နဝါရီ ၂၆**
အာရှအရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း၊ မဟာမဲခေါင်ဒေသ စီးပွားရေးကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ထိုင်း-မြန်မာ နယ်စပ် မဲဆောက်-မြဝတီကူး ကုန်သွယ်မှုတံတားကြီးဖြစ်သည့် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား တည်ဆောက်မှုမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ တည်ဆောက်မှုသတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ခံအရာရှိက ပြောကြားသည်။

မဲဆောက်-မြဝတီကူးသည့် ထိုင်း-မြန်မာ ချစ်ကြည်ရေး ကုန်သွယ်မှုတံတား အမှတ်(၂)သည် အာရှ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိသည့်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံအတွက်သာမက မဟာမဲခေါင်ဒေသကြီးတစ်ခုလုံးအတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းလာနိုင်မည်ဟု စီးပွားရေးပညာရှင်များက ပြောသည်။

မဲဆောက်-မြဝတီ ကူးလူးဆက်သွယ်ပေးမည့် ထိုင်း-မြန်မာချစ်ကြည်ရေး ကုန်သွယ်မှုတံတားအမှတ်(၂)သည် မဲဆောက်မြို့နယ်အတွင်းရှိ ဘန့်ဝမ်တခင်းရမ်းစီရင်စု (ဝါးစကင်း) အမှတ် (၇) ရပ်ကွက် (ထိုင်းဘက်ခြမ်း) နှင့် မြန်မာနိုင်ငံ မြဝတီမြို့အမှတ် (၅)ရပ်ကွက်၊ ရေပူကျေးရွာအုပ်စုတို့ကို ရေလယ်တိုင်မပါဘဲ ပေါင်းကူး တည်ဆောက်ထားသည့် ကြိုးတံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ချဉ်းကပ်လမ်း အပါအဝင် ၂၁ ဒသမ ၄၀ ကီလိုမီတာရှည်လျားပြီး မြန်မာဘက်ကမ်း၌ ချဉ်းကပ်လမ်း ၄ ဒသမ ၁၄ ကီလိုမီတာ၊ ထိုင်းဘက်ခြမ်း ချဉ်းကပ်လမ်း ၁၇ ဒသမ ၂၆ ကီလိုမီတာရှိပြီး အကျယ် ၁၇ မီတာရှိကာ လေးလမ်းသွားဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်မှ သိရသည်။

ကုန်သွယ်မှုတံတားအမှတ်(၂)အား ၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက်က စတင်ပန္နက်ချတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ထိုင်းဘက်အခြမ်းတွင် တံတားတည်ဆောက်မှုကို ၂၄ နာရီ တည်ဆောက်နေခြင်းဖြစ်သလို တံတားတည်ဆောက်မှုကြောင့် မလွတ်ကင်းသဖြင့် ဖယ်ပေးလိုက်ရသည့် မြေယာများ၊ အိမ်များ၊ ဥယျာဉ်ခြံမြေများအတွက် နစ်နာကြေးကိစ္စရပ်များလည်း လျော်ကြေးပေးအပ်ပြီးပြီဖြစ်ကြောင်း၊ တံတားအမှတ် (၂) ၏ ချဉ်းကပ်တိုင်မှာလည်း မြန်မာဘက်ခြမ်းထက် အရေအတွက်လျော့နည်းသဖြင့် ထိုင်းဘက်အခြမ်းအား ယခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းပြီးဆုံးမည်ဖြစ်ပြီး မြန်မာဘက်အခြမ်းမှာမူ မြေယာလျော်ကြေး ကိစ္စများ ညှိနှိုင်းရခြင်း၊ ချဉ်းကပ်တိုင်များခြင်း၊ လုပ်ငန်းလုပ်ကိုင်ချိန် အချိန်သတ်မှတ်ချက်ရှိခြင်းတို့ကြောင့် မြန်မာဘက်အခြမ်းအား ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းပြီးဆုံးရန် လျာထားကြောင်း၊ ယခုအခါ ပင်မတံတား၊ ချဉ်းကပ်တံတား တည်ဆောက်မှုမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ လမ်းနှင့်ကုန်သွယ်ရေးအတွက် လိုအပ်သည့် ယာဉ်စစ်ကွင်းများအပါအဝင် တံတားတည်ဆောက်မှုလုပ်ငန်းတစ်ခုလုံးအား ၂၀၁၈ ခုနှစ် သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်မည်ဟု အဆိုပါ တံတားတည်ဆောက်ရေးတာဝန်ခံအရာရှိက ပြောသည်။



မဲဆောက်-မြဝတီကူး ဒုတိယမြောက် သောင်ရင်းမြစ်ဖြတ်ကျော် ထိုင်း-မြန်မာ ကုန်သွယ်မှုတံတားစီမံကိန်းကို ADB အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေဖြင့် ထိုင်းနိုင်ငံလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

---

## လယ်ယာစိုက်ပျိုးသည့်တောင်သူများ ငွေအရင်းအနှီး နည်းပါးစွာဖြင့် လုပ်ကိုင်နေကြရ

**ရေတာရှည် ဇန်နဝါရီ ၂၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီ စတင်လုပ်ကိုင်ကြရာတွင် တောင်သူများအနေဖြင့် သွင်းအားစု ငွေကြေးအခက်အခဲများစွာဖြင့် လုပ်ကိုင်နေကြရကြောင်း သိရသည်။

ထယ်ရေးပြုပြင်ခြင်း၊ ပေါင်းရှင်းလုပ်အားခ၊ မျိုးစရိတ်၊ ထွန်ယက်ခများ ကုန်ကျလျက်ရှိသည့်အပြင် လယ်ယာလုပ်သားငှားရမ်းခမြင့်တက်မှုကြောင့် ရင်းနှီးကုန်ကျငွေများပြားလျက်ရှိပြီး ငွေကြေးအနေဖြင့် အတိုးနှုန်းမြင့်မားစွာဖြင့် ရှာဖွေသုံးစွဲနေရကြောင်း တောင်သူများထံမှ သိရသည်။

ယခင်နှစ် မိုးရာသီကာလ စိုက်ပျိုးရာသီချိန်၌ ဖျက်ပိုးများကျရောက်မှုများပြားခြင်း၊ ထွက်နှုန်းလျော့ကျခြင်းအပြင် စပါးဈေးမကောင်းသည့်အတွက် တောင်သူအများစုအရှုံးပေါ်ခဲ့ပြီး ယခုနွေစပါးစိုက်ပျိုးရာသီတွင် ရင်းနှီးမတည်ငွေအခက်အခဲဖြစ်ကြရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

"ထွန်စက်မောင်းခတွေလည်း မနည်းရှာဖွေပေးရတာ၊ အခုရေရောက်လာပြန်တော့ စိုက်ပျိုးဖို့အတွက် ရိုတာဗေတာမောင်းရင် နှစ်စပ်မောင်းရမှာ တစ်ဧကကို ကျပ် ၃၆၀၀၀ လောက်ကုန်ဦးမှာ၊ မြေခံဩဇာ၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာတွေလည်း ဝယ်ရဦးမှာ၊ အကြွေးစနစ်နဲ့ဆိုတော့ အတိုးတွေပေးပြီးဝယ်ရတာ နွေစပါးတွေထွက်နှုန်းလည်းကောင်း၊ ဈေးနှုန်းလည်းကောင်းရင်တော့ တောင်သူတွေ အသက်ရှူချောင်မှာပါ"ဟု အထက်ပါတောင်သူကပင် ဆက်လက်ပြောသည်။

ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတမံ၊ ချောင်းမကြီးတမံ၊ သားတော်ရကန်၊ လျှပ်စစ်မြစ်ရေတင်၊ ချောင်းပိတ်၊ အင်းအိုင်နှင့် အခြားနွေစပါးစိုက်ပျိုးရန် လျာထားစိုက်ဧက ၂၆၀၀၀ ကျော်ရှိသည့်အနက် လက်ရှိ ရေဝင် ၂၄၃၅ ဧက၊ စိုက်ပျိုးပြီး ၁၃၇၁ ဧကရှိသည်။ ဆည်မြောင်းနှင့် အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ်တွင် ရေပေးမြောင်းများ၊ ရေထုတ်မြောင်းများ၊ ရေလွှဲတံခါးများနှင့် မြောင်းကူးတံတားများအား အကြီးစားပြုပြင်ပေးမှုများကြောင့် သတ်မှတ်ရက်ထက် ရေလွှတ်နောက်ကျခဲ့သော်လည်း တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်၌ သမားရိုးကျ ထွန်ယက်ခြင်းထက် စက်စွမ်းအားအရင်းအမြစ် သုံးစွဲမှုပမာဏများပြားလျက်ရှိ၍ ရာသီအမီ အချိန်မီ စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

---

## တောဆင်ရိုင်းသတ်ဖြတ်မှုကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေး တိုက်ကြီးမြို့၌ ဆွေးနွေး

**တိုက်ကြီး ဇန်နဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ချောင်းစောက်ကျေးရွာအနီး ဥက္ကံချောင်းတွင် တောဆင်ရိုင်းတစ်ကောင်သတ်ဖြတ်ခံရ၍ တရားခံများကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

သို့ဖြစ်၍ တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်မှုကာကွယ်ရေးနှင့် ဆင်မုဆိုးများ ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၊ မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမြို့နယ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များနှင့် ဥက္ကံကြိုးဝိုင်း၊ လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း၊ မာဂရီကြိုးဝိုင်းနယ်မြေများနှင့် ဆက်စပ်လျက်ရှိသော ချောင်းစောက်၊ စမ်းရွာ၊ ပန်းပင်တန်း၊ ကင်းပတီး ကျွဲဘုတ်၊ ဖလုံ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ လိုင်စင်ရ ဝါးခုတ်လုပ်ငန်းရှင်များတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီက တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်သက်တို့က တိုက်ကြီးမြို့နယ် ဥက္ကံဒေသ ချောင်းစောက်နယ်တွင် တောဆင်ရိုင်းများ သတ်ဖြတ်မှုရှိနေ၍ ဆင်သတ်မုဆိုးများကို ပူးပေါင်းဖော်ထုတ်ပေးနိုင်ရေး သစ်တောကြိုးဝိုင်းအတွင်း လုပ်ကိုင်စားသောက်နေသော လုပ်ကိုင်ခွင့်ရ ဝါးခုတ်လုပ်သားများ၊ တောထဲတွင်နေထိုင်ပြီး ဈေးရောင်းချနေသောဈေးသည်များ၊ ကျေးရွာသားများအနေဖြင့် ဆင်သတ်မုဆိုးများနှင့် ထိတွေ့ဆက်ဆံနိုင်ကြောင်း၊ သို့ဖြစ်၍ သိရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လျှို့ဝှက်စွာ သတင်းပို့ကြရန်နှင့် ဆင်ရိုင်းများ၏ အသက်အန္တရာယ်ကို ပူးပေါင်းကာကွယ်ကြရန် ပြောကြားသည်။

ထို့နောက် မြို့ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက ဆင်မုဆိုးများကိုသိရှိလျှင် သတင်းပို့ကြရန်နှင့် တောဆင်ရိုင်းများကို အနာတရဖြစ်ခြင်း၊ အမဲလိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဆင်၏ အပိုင်းအစများကို ခွင့်ပြုချက်မရှိဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်းများ ပြုလုပ်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၇ (က)အရ အရေးယူခံရပါက ထောင်ဒဏ် ခုနစ်နှစ် ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ချမှတ်ခံရမည်ဖြစ်ကြောင်း ပြည်သူများသိရှိထားရန် လိုအပ်ကြောင်း ပြောကြားသည်။ **ထွန်းလှိုင်(မြိုင်)**

---

## ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ရှုပ်ထွေးနေသော လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ရှင်းလင်း

**တာမွေ ဇန်နဝါရီ ၂၆**
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင် ခရိုင်မှူး ဦးစံဌေးနှင့် ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းအေးတို့ဦးဆောင်ကာ တာမွေမြို့နယ်လျှပ်စစ်မန်နေဂျာဦးကျော်စန်း၊ အင်ဂျင်နီယာ ဦးစိုးမိုးနှင့် ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှဝန်ထမ်းများ စုပေါင်းအင်အား ၆၅ ဦးဖြင့် ဇန်နဝါရီ ၂၄ ရက်က တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် မဂ္ဂင်လမ်းတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်တိုင်များတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေ ရေးအတွက် ရှုပ်ထွေးနေသော လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအား ရှင်းလင်းပေးလျက်ရှိကြောင်း အဆိုပါလုပ်ငန်းအား ဦးဆောင်သူ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းထံမှ သိရသည်။

"မဂ္ဂင်လမ်းမှာက တိုက်ခန်းပေါင်း ၄၁၂ ခန်းရှိပါတယ်။ ရှုပ်ထွေးနေသော လျှပ်စစ်ဓာတ်အားလိုင်းရှင်းလင်းရေးကော်မတီဖွဲ့ပြီး ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူတွေအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာနေထိုင်နိုင်ဖို့ ဆောင်ရွက်တာပါ။ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လိုအပ်တဲ့ ဓာတ်တိုင်နှစ်တိုင် Distribution Box ၄၃ ပုံးနှင့် ဝန်ထမ်းလုပ်အားခ အပါအဝင် ငွေကျပ် ၂၇ သိန်းခန့် ကျခံဆောင် ရွက်ပေးပြီး မိဘပြည်သူတွေက 35mm 4 C aub, f 500meters နဲ့ ဆက်စပ် ပစ္စည်းများ စုစုပေါင်းတန်ဖိုး သိန်း ၃၀ ခန့်ထည့်ဝင်ပြီး ဒီလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု ကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်ကပြောသည်။

အဆိုပါလုပ်ငန်း အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လိုအပ်သည်များဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြသည်။ **မောင်မောင်**



## ရထားစီးခရီးသည်များအန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**မင်္ဂလာတောင်ညွန့် ဇန်နဝါရီ ၂၆**
အမှတ် (၁၃) တပ်ခွဲမှူး ဒု-ရဲမှူးပီတာမြင့်သိန်း၏ ကွပ်ကဲမှုဖြင့် တပ်စု (၁) ရန်ကုန်မှ တပ်စုမှူး ဒု-ရဲအုပ်အောင်ဘိုဘို ဦးစီးသော ရထားရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများသည် ရထားရဲတပ်ဖွဲ့ရည်မှန်းချက်တာဝန်တစ်ခုဖြစ်သည့် ရထားစီးခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မီးရထားဖြင့် ခရီးသွားလာစဉ် အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လှုပ်ရှားမှုအား ဇန်နဝါရီ ၂၃ ရက် နံနက် ၈နာရီ ၁၅ မိနစ်က ရန်ကုန်ဘူတာကြီး အမှတ် ၆၊၇ စင်္ကြံ၌ ရထားစီးခရီးသည်များအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **၁၁၈**

# အသင်းကြီးတွေနိုင်ပွဲယူမယ့် အက်ဖ်အေဖလား

ရှိုင်းမင်းမင်း

လာမယ့် ဇန်နဝါရီ ၂၈နှင့် ၂၉ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာမဟုတ်ဘဲ အက်ဖ်အေဖလားပွဲတွေ ကိုကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါ ပွဲတွေအနက်က စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတွေကိုရွေးချယ်သုံးသပ်ပေး လိုက်ရပါတယ်။

### ဒါဘီ - လက်စတာ
**နံနက် ၂း၁၅ (၂၈-၁-၁၇)**

လိဂ်ချန်ပီယံရှစ်ကလပ် ဒါဘီက အဓိက ကစားသမားအများစုကို အသုံး ပြုလာနိုင်ပေမယ့် နောက်ပိုင်းပွဲတွေမှာ တိုက်စစ်က အားနည်းမှုရှိနေတယ်။ လက်စတာက ခြေစွမ်းပိုင်း တည်ငြိမ်မှု အားနည်းပေမယ့် မူဆာ၊ အူလိုအာ၊ အက်သရင်တို့လိုတိုက်စစ်ကစားသမားတွေပါဝင် လာမှာမို့ လက်စတာပဲ နိုင်ပွဲရသွားနိုင်တယ်။

### ချယ်လ်ဆီး - ဘရန့်ဖို့ဒ်
**ည ၉း၃၀ (၂၈-၁-၁၇)**

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးက ဝီလီယံ၊ ပက်ဒရို၊ ဖာဘရီဂက်စ်၊ ကာဟေးလ်တို့လို ကစားသမားတွေကို အသုံးပြုခဲ့သလို ဒီပွဲမှာလည်းအမှားခံမှာ မဟုတ်တာကြောင့် လိဂ်ချန်ပီယံရှစ်ကလပ် ဘရန့်ဖို့ဒ်အတွက် ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ ဘရန့်ဖို့ဒ်ရဲ့ အဝေးကွင်းရှုံးအား မဆိုးပေမယ့် တိုက်စစ်ကတော့ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ ဒါပေမယ့်လည်း ဒီပွဲစဉ်အပြီးမှာ ချယ်လ်ဆီးဟာ လီဗာပူးနဲ့ ပရီမီယာလိဂ်ပွဲကစားရမှာဖြစ်တာကြောင့် ပွဲကိုထိန်းကစားနိုင်ချေရှိသလို ဂိုးပြတ်နိုင်ဖို့တော့ခက်မယ်။

### လီဗာပူး - ဝုဖ်
**ည ၇း၀၀ (၂၈-၁-၁၇)**

လီဗာပူးဟာ ဒီပွဲမတိုင်ခင် လိဂ်ဖလား ဆီမီးဖိုင်နယ် ဒု-ကျော့ပွဲကစားခဲ့ရလို့ဒီပွဲမှာ အဓိက ကစားသမားတွေပါဝင်လာဖို့ အလားအလာနည်းတယ်။ ဝုဖ်ဗာဟမ်တန်က နောက်ပိုင်းပွဲတွေမှာ အသင်းလိုက် ကစားပုံမာကျော့မှုရှိနေသလိုတိုက်စစ်နဲ့ ခံစစ်ကလည်းမဆိုးဘူး။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် လီဗာပူးတို့အမှားခံမှာ မဟုတ်သလိုနိုင်ပွဲလည်း ကပ်ရသွားနိုင်ပါတယ်။

### စပါး - ဝိုင်ကမ်ဘီ
**ည ၉း၃၀ (၂၈-၁-၁၇)**

လိဂ်တူးကလပ် ဝိုင်ကမ်ဘီရဲ့လက်ရှိခြေစွမ်းပိုင်းမဆိုးဘူး။ ဒါပေမယ့် စပါးကလည်းနောက်တစ်ဆင့်တက်နိုင်ရေးမျှော်လင့်ချက်အ တွက် အမှားခံမှာမဟုတ်သလို အိမ်ကွင်းမှာ အဓိက ကစားသမားအချို့ ပါဝင်လာခဲ့ရင်ဝိုင်ကမ်ဘီကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ စပါးသာ အနိမ့်ဆုံးနှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။



### မစ်ဒယ်ဘရော့ - အက်သရင်တန်
**ည ၉း၃၀ (၂၈-၁-၁၇)**

အသင်းငယ်တစ်သင်းဖြစ်တဲ့ လိဂ်တူးကလပ် အက်သလရင်တန် အသင်းကနောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်းမဆိုးပေမယ့် အဝေးကွင်း မှာတော့ ခြေစွမ်းပိုင်းသာမန်သာရှိသလို တိုက်စစ်ကလည်း အဆုံးသတ်ပိုင်းအားနည်းလို့ မစ်ဒယ်ဘရော့ခံစစ်ကိုဖိအားပေးနိုင်ဖို့ ခက်တယ်။ မစ်ဒယ်ဘရော့ကတော့ ကစားပုံမာကျော့သလို အိမ်ကွင်းအား လည်းရှိနေတယ်။ မစ်ဒယ်ဘရော့ပဲနိုင်ပွဲရသွားမှာပါ။

### ပဲလေ့စ် - မန်စီးတီး
**ည ၉း၃၀ (၂၈-၁-၁၇)**

ပဲလေ့စ်အသင်းအနေနဲ့ အိမ်ကွင်းမှာရလဒ်ကောင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ပဲလေ့စ်ရဲ့ တိုက်စစ်နဲ့ခံစစ်ကတော့ အိမ်ကွင်းပွဲတွေမှာ တည်ငြိမ်မှုမရှိသေးတာမို့ မန်စီးတီးရဲ့ ဖိအားပေးမှုကို ခံရမှာပါ။ မန်စီးတီးကလည်း အနိုင်ရလဒ်ရယူနိုင်ဖို့အတွက် အဓိက ကစားသမား အများစုကို ထည့်သွင်းအသုံးပြုလာမှာမို့ ပဲလေ့စ်အတွက်ခက်ခဲတဲ့ ပွဲဖြစ်လာနိုင်တယ်။ မန်စီးတီးနှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

### အောက်စဖို့ဒ် - နယူးကာဆယ်
**ည ၉း၃၀ (၂၈-၁-၁၇)**

လိဂ်ဝမ်းကလပ် အောက်စဖို့ဒ်က နယူးကာဆယ်နဲ့ ဆုံတွေ့မှုတွေမှာနိုင်ပွဲရရှိဖူးခြင်း မရှိသလို လက်ရှိအိမ်ကွင်းခြေစွမ်းကလည်း တည်ငြိမ်မှု အားနည်းနေတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် နယူးကာဆယ်ကတော့ ခြေစွမ်းပြန်လည်ကောင်းမွန်နေပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေ ရနေတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း နယူးကာဆယ်ပဲ နိုင်ပွဲနဲ့အတူ နောက်တစ်ဆင့်တက်ရောက်နိုင်မှာပါ။

### ဘန်လေ - ဘရစ္စတိုးလ်
**ည ၉း၃၀ (၂၈-၁-၁၇)**

ဘန်လေဟာ အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်နေသလို နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာတိုက်စစ်နဲ့ခံစစ်ကလည်း ထက်မြက်မှုရှိ တယ်။ ဘရစ္စတိုးလ်အသင်းကအဝေးကွင်းမှာ ကစားပုံသာမန်သာရှိပြီး ခံစစ်ကလည်း အားနည်းမှုရှိနေတယ်။ ပရီမီယာလိဂ်မှာတောင် အိမ်ကွင်းခြေစွမ်းကောင်းတွေကို ပြသနေနိုင်တဲ့ဘန်လေကပဲ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားမယ်လို့ မြင်မိတယ်။

### ဆောက်သမ်တန် - အာဆင်နယ်
**နံနက် ၀၀း၀၀ (၂၉-၁-၁၇)**

ပရီမီယာလိဂ်အသင်း ကောင်းနှစ်သင်းဆုံတွေ့ပွဲဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ဆောက်သမ်တန်က ရလဒ်ပိုင်းမဆိုးပေမယ့် ဒီပွဲမတိုင်ခင်ရက်သိပ် မခြားဘဲ လီဗာပူးနဲ့လိဂ်ဖလားပွဲကစားခဲ့ရတာမို့ ပွဲပန်းလာမှာပါ။ အာဆင်နယ်က အဝေးကွင်းမှာ စွမ်းဆောင်ရည် ကောင်းမွန်နေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ အာဆင်နယ်အသင်းသာ နိုင်ပွဲရသွားမယ့်ပွဲပါ။

### ဖူလ်ဟမ် - ဟားလ်စီးတီး
**ည ၇း၀၀ (၂၉-၁-၁၇)**

ဖူလ်ဟမ်ရဲ့အိမ်ကွင်းခြေစွမ်းကောင်းမွန်မှုရှိပြီး တိုက်စစ်ကလည်း စွမ်းဆောင်ရည်တိုးတက်မှုရှိနေတာကြောင့် ဟားလ်စီးတီးကို အခက်တွေ့စေမှာပါ။ ဟားလ်က အဝေးကွင်းမှာ ရှုံးကန်ရတတ်သလို ဒီပွဲမတိုင်ခင်မှာလည်း မန်ယူနဲ့ လိဂ်ဖလားပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ လက်ရှိအချိန်မှာ ဖူလ်ဟမ်က လိဂ်ချန်ပီယံရှစ်ကလပ်ဖြစ်ပြီး ဟားလ်က ပရီမီယာလိဂ်ကလပ်ဖြစ်ပေမယ့်လည်း ဒီပွဲစဉ်မှာတော့ အိမ်ရှင်ဖူလ်ဟမ်ကသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဆက်တန် - လိဒ်စ်
**ည ၈း၃၀ (၂၉-၁-၁၇)**

အောက်တန်းကလပ် တစ်သင်းဖြစ်တဲ့ ဆက်တန်အသင်းရဲ့ ခြေစွမ်းတည်ငြိမ်မှုအားနည်းနေသလိုခံစစ်ကလည်း နောက်ပိုင်းပွဲတွေမှာ ကစားပုံကလည်းအားပျော့မှုရှိတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်အသင်းကတော့ ခြေစွမ်းကောင်းရနေပြီး တိုက်စစ်ပိုင်းလည်း မဆိုးဘူး။ လိဒ်စ်အသင်းပဲ နိုင်ပွဲရသွားမယ့်ပွဲပါ။

### မန်ယူ - ဝီဂန်
**ည ၁၀း၃၀ (၂၉-၁-၁၇)**

မန်ယူက လိဂ်ဖလားပွဲ ကစားခဲ့ရပေမယ့် ပွဲပန်းမှု ကြီးကြီးမားမား မရှိသလို တိုက်စစ်ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့်ရလဒ်ကောင်းတွေရနေတယ်။ ဝီဂန်က နောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်း မဆိုးပေမယ့် အသင်းလိုက် ခြေစွမ်းပိုင်းသာမန်သာရှိလို့ မန်ယူကိုယှဉ်နိုင်ဖို့ ခက်တယ်။ မန်ယူအနေနဲ့ ဒီပွဲစဉ်အပြီးကစားရမယ့် ပရီမီယာလိဂ်ပွဲကလည်း ဟားလ်နဲ့သာဖြစ်နေပြန်လို့ ဒီပွဲမှာ ဂရုတစိုက်ကစားနိုင်ခွင့်ရှိနေတယ်။

### အက်ဖ်အေဖလား (စတုတ္ထအဆင့်) ပွဲစဉ်များ

**၂၈-၁-၂၀၁၇(စနေနေ့)**

| | |
|---|---|
| ဒါဘီ - လက်စတာ | နံနက်-၂း၂၅ |
| လီဗာပူး - ဝူလ်ဗာဟမ်တန် | ည-၇း၀၀ |
| စပါး - ဝိုင်ကမ်ဘီ | ည-၉း၃၀ |
| အောက်စဖို့ဒ် - နယူးကာဆယ် | ည-၉း၃၀ |
| လင်ကွန်းစီးတီး - ဘရိုက်တန် | ည-၉း၃၀ |
| ချယ်လ်ဆီး - ဘရန့်ဖို့ဒ် | ည-၉း၃၀ |
| ရော့ချ်ဒေးလ် - ဟက်ဒါဖီးလ် | ည-၉း၃၀ |
| ဘန်လေ - ဘရစ္စတိုးလ် | ည-၉း၃၀ |
| ဘလက်ဘန်း - ဘလက်ပူး | ည-၉း၃၀ |
| မစ်ဒယ်ဘရော့ - အက္ကရင်တန် | ည-၉း၃၀ |
| ပဲလေ့စ် - မန်စီးတီး | ည-၉း၃၀ |

**၂၉-၁-၂၀၁၇(တနင်္ဂနွေနေ့)**

| | |
|---|---|
| ဆောက်သမ်တန်-အာဆင်နယ် | နံနက်-၀၀း၀၀ |
| မီဝေါလ် - ဝက်ဖို့ဒ် | ည-၆း၃၀ |
| ဖူလ်ဟမ် - ဟားလ်စီးတီး | ည-၇း၀၀ |
| ဆက်တန် - လိဒ်စ် | ည-၈း၃၀ |
| မန်ယူ - ဝီဂန် | ည-၁၀း၃၀ |

### အွန်နရီလို အာဆင်နယ်ဂန္ထဝင်ကစားသမားဖြစ်ချင်တဲ့ အယ်နနီ



အာဆင်နယ်ကွင်းလယ်ကစားသမား အယ်နနီက သူဟာ လက်ရှိအချိန်မှာ အာဆင်နယ်အတွက် ပုံမှန်ပွဲထွက်ကစားခွင့်ရနေပေမယ့် ဒီအခြေအနေနဲ့တင် ကျေနပ်တင်းတိမ်နေမှာ မဟုတ်ဘဲ အာဆင်နယ်တိုက်စစ်မှူးဟောင်း သီယာရီအွန်နရီလို ဂန္ထဝင်ကစားသမားဖြစ်လိုတယ်လို့ ဆိုလိုက်ပါတယ်။ အယ်နနီက ပြီးခဲ့နှစ် ဇန်နဝါရီဈေးကွက်အတွင်း ဘေဆယ်လ်ကနေ အာဆင်နယ်ကို ပြောင်းရွှေ့လာပြီးနောက် ခြေစွမ်းကောင်းပြသထားနိုင်သူပါ။

**မေလှဲ့သင်း**

### မန်ယူနဲ့ ချယ်လ်ဆီးတို့က ဘေးလ်ကို အလိုရှိနေ



မန်ယူနဲ့ ချယ်လ်ဆီးအသင်းတို့က ရီးယဲလ်မက်ဒရစ်စူပါစတား ဂါရတ်ဘေးလ်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ် ချိုးဖျက်ခေါ်ယူဖို့ အသင့်ပြင်နေပါတယ်။ စပါးကစားသမားဟောင်း ဘေးလ်ကို ပရီမီယာလိဂ်မှာ တစ်ကျော့ပြန် မြင်တွေ့ရဖို့အရေး ပြောင်းရွှေ့ကြေး ယူရိုသန်း၂၀၀ အသုံးပြုဖို့ရှိနေသလို ဘေးလ်က သူ့ကို တစ်ပတ်လုပ်ခ ယူရို ၄၀၀၀၀၀ တောင်းဆိုလိမ့်မယ်လို့ မာကာသတင်းစာက ဖော်ပြပါတယ်။

**မေလှဲ့သင်း**

### မန်စီးတီးနဲ့ ကာလရှည် စာချုပ်ချုပ်ဆိုချင်တဲ့ ဂွါဒီယိုလာ



မန်စီးတီးနည်းပြ ဂွါဒီယိုလာက မန်စီးတီးနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်အပြင် နောက်ထပ် ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ ယခုနှစ် ဘောလုံးရာသီမှာ မန်စီးတီးအသင်း ရလဒ်ပိုင်းအကောင်းကြီး မဟုတ်ပေ မယ့် ဂွါဒီယိုလာက မန်စီးတီးအသင်းကို လာမယ့် ငါးနှစ်အတွင်း ချန်ပီယံ လိဂ်ဖလား ဆွတ်ခူးပေးနိုင်ဖို့ ရည်ရွယ်ထားတာကြောင့် မန်စီးတီးအသင်းနဲ့ ကာလရှည်စာချုပ် ချုပ်ဆိုလိုတာဖြစ်ပါတယ်။

**မေလှဲ့သင်း**

Ekhthvmfvnfqmutmwif Ekhthvmt cyft jcmtmPm\ cufojhmzpfbnf0ya'jya&;/ tjcyfa&;/ w&m;pD&if&;[bnfr@dkufuDodyfzihftcifcif tjyeft vdS xe;fauminfaqmitufbnf[kqlkm;&m 0ya'qkm taumift&mrm;ukdynfbhm; odkVvkrmEkef pma&;ol armifpm*\ 0ya'ESifhqfkon aqmif;y;rm;uk azmfjyay;om;yrnfaqmif;y;wifyf&Sbnftaumift&mrm;onfpma&;ol\ tmabmfbmzpfjyonf (pmwnftzJU)

# ဖွဲ့စည်းပုံအခြေခံဥပဒေများ၏အဓိပ္ပာယ်သဘောကိုကောက်ယူရာဝယ်

မောင်စာဂ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုလုပ်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရသော ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့အသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်သဘောကို ကောက်ယူ၍ ဆောင်ရွက်ကြရသည်။ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ပြဋ္ဌာန်းချက်များနှင့်အညီ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရသည်။ ထိုထိုသောကိစ္စရပ်များ၌ အထောက်အကူပြုနိုင်စေရန်အလို့ငှာ ပါလီမန်ဒီမိုကရေစီခေတ်က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်သဘော ကောက်ယူခဲ့ပုံနှင့်စပ်လျဉ်း၍ ၁၉၅၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော တရားလွှတ်တော်ချုပ်၏ လွှဲအပ်မှုအမှတ် ၂ ကို ကိုးကား၍မျှဝေပါရစေ။

**လွှဲအပ်မှုဖြစ်စဉ်**

မြန်မာနိုင်ငံပါလီမန်ခေတ်ကာလက ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ကရင်ပြည်နယ်ဝန်ကြီး ဒေါက်တာစောလှထွန်းနှင့် ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထားဆင်တို့သည် ၁၉၅၈ ခုနှစ် ဇွန်လ ၄ ရက်တွင် ရာထူးမှနုတ်ထွက်သွားခဲ့ကြသည်။ ထိုပြည်နယ်များတွင် စီရင်အုပ်ချုပ်ရေးကိစ္စများကို တာဝန်ယူဆောင်ရွက်မည့်သူ မရှိသည်ကတစ်ကြောင်း၊ ပြည်နယ်ကောင်စီများကိုပင် ဆင့်ခေါ်နိုင်သူမရှိသည်က တစ်ကြောင်း ဤအကြောင်းများကြောင့် လစ်လပ်သောနေရာများ၌ ပြည်နယ်ဝန်ကြီးများခန့်အပ်ရန် ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ခန့်အပ်နိုင်ရန် နိုင်ငံတော်သမ္မတထံသို့ အမည်တင်သွင်းရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ကောင်စီများနှင့် ညှိနှိုင်းတိုင်ပင်၍ တင်သွင်းရမည်ဖြစ်သော်လည်း ညှိနှိုင်းတိုင်ပင်ခြင်းမပြုဘဲ စောလူလူနှင့် ဒူးဝါးဇော်ရစ်တို့၏ အမည်များကိုတင်သွင်းခဲ့ရာ နိုင်ငံတော်သမ္မတက ခန့်အပ်ခဲ့သည်။

ဤသို့ ဖြစ်ပျက်ပုံအကြောင်းခြင်းရာကိုဖော်ပြ၍ အောက်ပါပြဿနာများကို တရားလွှတ်တော်ချုပ်က ကြားနာစစ်ဆေးပြီး အစီရင်ခံရန် နိုင်ငံတော်သမ္မတက ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၅၁ အရ လွှဲအပ်ခဲ့သည်-

**ကြားနာစစ်ဆေးရမည့် ပြဿနာများ**

ကြားနာစစ်ဆေးရမည့် ပြဿနာများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဤကဲ့သို့ခန့်ထားခြင်းများသည် အခြေခံဥပဒေနှင့် ညီညွတ်ပါသလော၊

(၂) မညီညွတ်လျှင် မည်သည့်နည်းနှင့် ညီညွတ်အောင်ဆောင်ရွက် ခန့်ထားသင့်ပါသနည်း၊

(၃) သို့တည်းမဟုတ် အဆိုပါပြည်နယ်ဝန်ကြီးများကို သက်ဆိုင်ရာကောင်စီများနှင့် ညှိနှိုင်းတိုင်ပင်ခြင်းမပြုမီ မခန့်အပ်ဘဲ ထားသင့်ပါသလော။

**ကြားနာစစ်ဆေးသည့် တရားလွှတ်တော်ချုပ်တရားသူကြီးများ**

အဆိုပါအကြောင်းခြင်းရာ ပြဿနာများကို ကြားနာစစ်ဆေးခဲ့သည့် တရားလွှတ်တော်ချုပ် တရားသူကြီးများမှာ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီးတို့ဖြစ်သည်။ (၁၉၅၈ ခုနှစ် လွှဲအပ်မှုအမှတ် ၂)၊ (၁၉၅၈ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၁)

**လိုက်ပါဆောင်ရွက်သောရှေ့နေများ**

နိုင်ငံတော်ရှေ့နေချုပ်ကြီးအတွက် ဒေါက်တာဦးဇေမောင်နှင့် ဦးရန်အောင်၊ ပြည်နယ်ဆိုင်ရာအတွက် ဥပဒေအကြံပေးအရာရှိ ဦးမြင့်ထူးနှင့် ပြည်နယ်ဝန်ကြီးဟောင်းများအတွက် ဒေါက်တာဘမော်တို့က လိုက်ပါဆောင်ရွက်ခဲ့သည်။

**ဝန်ကြီးများနုတ်ထွက်ကြခြင်း**

ခန့်အပ်ခြင်းခံရသော ဝန်ကြီးစောလူလူနှင့် ဝန်ကြီးဒူးဝါးဇော်ရစ်တို့သည် ပြည်နယ်ကောင်စီအသီးသီး၏ ညီလာခံကို ၁၉၅၈ ခုနှစ် ဇူလိုင် ၄ ရက်၌ ကျင်းပရန်သတ်မှတ်ဆင့်ခေါ်ပြီးနောက် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် နုတ်ထွက်ခဲ့ကြသည်။

ထိုသို့နုတ်ထွက်ခဲ့ကြ၍ ဤကိစ္စမှာပြီးဆုံးခဲ့သည့်ကိစ္စဖြစ်သည့်အားလျော်စွာ စဉ်းစားဝေဖန်ရန်ပင် မလိုတော့ဟု ယူဆထိုက်သော်လည်း နောင်အခါ ဤကဲ့သို့သော အခြေအနေမျိုး ပေါ်ပေါက်လာသဖြင့် အခက်အခဲနှင့်တစ်ဖန်တွေ့ကြုံပါက ပြေပြစ်အောင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤကိစ္စကို စဉ်းစားဝေဖန်သင့်ကြောင်းဖြင့် လိုက်ပါဆောင်ရွက်ကြသူ ပညာရှိရှေ့နေကြီးများက လျှောက်ထားကြသည့်အတိုင်း တရားလွှတ်တော်ချုပ် တရားသူကြီးများကလည်း ကြားနာဝေဖန်ရန် သဘောတူခဲ့သည်။

**ဥပဒေပြဋ္ဌာန်းချက်**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်အသီးသီး၏ ပြည်နယ်ဝန်ကြီး ခန့်အပ်ရေးဆိုင်ရာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှာ အတူတူပင်ဖြစ်သည်။ ဤကိစ္စတွင် ကရင်ပြည်နယ်ဝန်ကြီး ခန့်အပ်ရေးနှင့်သက်ဆိုင်သော ပုဒ်မ ၁၈၁(၁) ကို စဉ်းစားသုံးသပ်လျှင် လုံလောက်ပေမည်။

ပုဒ်မ ၁၈၁(၁) တွင် ဝန်ကြီးချုပ်သည် ကရင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ထိုကောင်စီအမတ်များအနက် အမတ်တစ်ဦးဦး၏အမည်ကို တင်သွင်းသောအခါ ထိုသို့အမည်တင်သွင်းခြင်းခံရသောအမတ်ကို နိုင်ငံတော်သမ္မတသည် နောင်တွင် ကရင်ပြည်နယ်ဝန်ကြီးဟု ခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်ဖြင့် ခန့်အပ်ရမည်။ ထိုသို့ ခန့်အပ်ခြင်းခံရသောဝန်ကြီးသည် အခြေခံဥပဒေ၏ ကိစ္စများအတွက် ကရင်ပြည်နယ်ကောင်စီဥက္ကဋ္ဌလည်း ဖြစ်ရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။

**ဦးရန်အောင်၊ ဒေါက်တာဦးဇေမောင်နှင့် အကြံပေးဦးမြင့်ထူးတို့၏ လျှောက်လဲချက်အကျဉ်း**

နိုင်ငံတော်ရှေ့နေချုပ်ကြီး၏ကိုယ်စား လိုက်ပါဆောင်ရွက်သော ပညာရှိရှေ့နေကြီးဦးရန်အောင်၊ ပြည်သူ့အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအတွက် လိုက်ပါဆောင်ရွက်သော ဒေါက်တာဦးဇေမောင်နှင့် ပြည်နယ်ဥပဒေအကြံပေးအရာရှိ ဦးမြင့်ထူးတို့က ဤကဲ့သို့ ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်ကောင်စီနှင့် မညှိနှိုင်း မတိုင်ပင်ဘဲ အမည်တင်သွင်းခဲ့ရခြင်းအကြောင်းရင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ကြောင်း လျှောက်ထားသည်-

(၁) သက်ဆိုင်ရာပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရန်အတွက် ကောင်စီကိုဆင့်ခေါ်နိုင်သည့်အာဏာမှာ အခြေခံဥပဒေပုဒ်မ ၁၈၀(၂) အရ ကရင်ပြည်နယ်ဝန်ကြီး၌သာ တည်ရှိကြောင်း၊

(၂) ပုဒ်မ ၁၈၀(၁) တွင် ပါရှိသော ညှိနှိုင်းတိုင်ပင်ရမည်ဆိုသည်မှာ မလုပ်မနေရ (mandatory) ပြဋ္ဌာန်းချက်မဟုတ်၊ ညွှန်ကြားချက် (Directory) မျှသာဖြစ်ကြောင်း၊

(၃) ပုဒ်မ ၁၈၁(၂) အရ ကရင်ပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စအဝဝကို ကရင်ပြည်နယ်ဥက္ကဋ္ဌကသာ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ ပြည်နယ်ဥက္ကဋ္ဌမရှိလျှင် စီရင်အုပ်ချုပ်ရေးကို ဥပဒေအရ မဆောင်ရွက်နိုင်ခြင်းကြောင့် ယာယီအားဖြင့်ခန့်အပ်ရန် စောလူလူ၏အမည်ကို တင်သွင်းရခြင်းဖြစ်ကြောင်း။

**ဒေါက်တာဘမော်၏ချေပချက်အကျဉ်း**

ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသည့် ဒေါက်တာစောလှထွန်းနှင့် ဦးဇန်ထားဆင်တို့အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိရှေ့နေကြီး ဒေါက်တာဘမော်က ချေပရာ၌ အောက်ပါအကြောင်းအချက်များကို ဖော်ပြထားသည်-

(၁) ပုဒ်မ ၁၈၁(၁) တွင် ပါရှိသည့် ပြဋ္ဌာန်းချက်အားလုံးမှာ မလုပ်မနေရ (mandatory) ဖြစ်၍ ကရင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းခြင်းမပြုဘဲ အမည်တင်သွင်းခြင်းမှာ အခြေခံဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း၊

(၂) ဤကဲ့သို့ချိုးဖောက်ခဲ့၍ စောလူလူကို နိုင်ငံတော်သမ္မတကခန့်အပ်ခြင်းမှာ ဥပဒေနှင့်မကိုက်ညီသဖြင့် တရားမဝင်ကြောင်း၊

(၃) ကရင်ပြည်နယ်ဥက္ကဋ္ဌ၌သာလျှင် ကရင်ပြည်နယ်ကောင်စီအစည်းအဝေးကို ဆင့်ခေါ်နိုင်သည့် အာဏာရှိသည်ဆိုခြင်းကို လက်မခံနိုင်ကြောင်း။

**တရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်အကျဉ်း**

ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာ၌ တရားရုံးများ လိုက်နာလေ့ရှိသော ထုံးတမ်းစဉ်လာများအချို့မှာ ဤသို့ဖြစ်သည်-

(၁) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဉ်းမြောင်းအောင် ကြပ်ကြပ်တည်းတည်း မကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက်ရောရော ကောက်ယူရမည်ဖြစ်ကြောင်း၊

(၂) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက်အကြောင်းခြင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်၍ လာကြရမည့်ဥပဒေများဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘော ကောက်ယူရမည်ဖြစ်ကြောင်း၊

(၃) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်သဘော ကောက်ယူရမည်ဖြစ်ကြောင်း၊

(၄) သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူလူထုများ အကျိုးအများဆုံးဖြစ်ထွန်းစေနိုင်မည့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမည်ဖြစ်ကြောင်း။

**(၁၉၅၂ ခုနှစ် တရားလွှတ်တော်ချုပ် လွှဲအပ်မှုအမှတ် ၂)**

**နိုင်ငံခြားတရားလွှတ်တော်များ၏ စီရင်ထုံးများကို အကိုးအကားပြုခြင်း**

အက်ဥပဒေ တစ်ခုခုတွင်သော်လည်းကောင်း၊ အခြေခံဥပဒေ တစ်ခုခုတွင်သော်လည်းကောင်း ပါရှိသည့် ပြဋ္ဌာန်းချက်သည် မလိုက်နာလျှင်မနေရသော ပြဋ္ဌာန်းချက်ဖြစ်သည်။ သို့မဟုတ် ညွှန်ကြားချက်မျှသာဖြစ်သည်ဆိုသော ပြဿနာမှာ အခြားတိုင်းပြည်များ၌လည်း မကြာခဏပေါ်ပေါက်ခဲ့သည်။

နိုင်ငံခြားတရားလွှတ်တော်များက ဆုံးဖြတ်သည့် စီရင်ထုံးများကို ဤရုံးတော်က လိုက်နာရန်တာဝန်မရှိသော်လည်း အခြေခံဥပဒေဆိုသည်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံတူသောအချက်အလက်များပါရှိ၍ ထိုတရားရုံးများ၏ ဆုံးဖြတ်ချက်များကိုလည်း ကောင်းမွန်သင့်လျော်ရာ၌ အကိုးအကားပြုထိုက်ပေသည်။ မြောက်မြားစွာသော စီရင်ထုံးများကို ဖတ်ရှုလေ့လာရာ အများကပင် လက်ခံသောအချက်မှာ အက်ဥပဒေဖြင့်သော်လည်းကောင်း၊ အခြေခံဥပဒေဖြင့်သော်လည်းကောင်း ကိစ္စတစ်ခုခုကို ဆောင်ရွက်ရန်ပြဋ္ဌာန်းထားလျှင် ထိုပြဋ္ဌာန်းချက်မှာ မလုပ်မနေရသော အချက်သော်လည်း ဖြစ်နိုင်သည်။ ညွှန်ကြားချက်မျှသော်လည်း ဖြစ်နိုင်သည်။ ခြားနားခြင်းမှာ မလုပ်မနေရဟူသောအချက်ကို ရှောင်ဖယ်၍မရ။ တစ်သွေမတိမ်းလိုက်နာရမည်။ ညွှန်ကြားချက်သာဖြစ်ခဲ့ပါမူ လိုက်နာနိုင်သမျှ လိုက်နာဆောင်ရွက်လျှင် လုံလောက်သည်။ တစ်သွေမတိမ်း မလိုက်နာမိသည့်အတွက် ဆောင်ရွက်ချက် ပျက်ပြယ်သည်ဟု မယူနိုင်ချေ။ (woodward U. Sarsons, (1875) K.B.10 C.P. 733 at 746)

မလိုက်နာလျှင်မနေရသော ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ ပြုခဲ့ပါမူ ပြုမှုချက်မှာ လုံးဝတရားမဝင်၊ ညွှန်ကြားချက်သာဖြစ်ခဲ့ပါမူ ပြုမှုခဲ့ခြင်းမှာ တည်မြဲသည်။ ပြဋ္ဌာန်းထားသည့် အချက်တစ်ခုသည် မလုပ်မနေရသော အချက်ဖြစ်သည်။ သို့တည်းမဟုတ် ညွှန်ကြားချက်သာဖြစ်သည်ဆိုသောပြဿနာကို ဆုံးဖြတ်ရာ၌ အမြဲတစေလိုက်နာရန် စည်းမျဉ်းကို တိတိကျကျ လှေနံဓားထစ်သတ်မှတ်၍မဖြစ်နိုင်၊ တရားရုံးများ၏တာဝန်မှာ စီရင်ထုံးတွင် ညွှန်းထားသည့်အတိုင်း ပြဋ္ဌာန်းချက်သည် မည်ရွေ့မည်မျှအရေးကြီးသည်။ ထိုပြဋ္ဌာန်းချက်သည် အဓိကရည်ရွယ်ချက်နှင့် မည်သို့သက်ဆိုင်သည်တို့ကို ချိန်ဆပြီးလျှင် ပြဋ္ဌာန်းချက်တစ်ခုတည်းကိုသာ အဓိပ္ပာယ်မကောက်ယူဘဲ သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်အားလုံးကို ခြုံ၍သုံးသပ်ရပေမည်။ (Howard v. Bodington, (1877) 2.P.D. 203 at 211; Craies on Statute Law, P.242)

ညှိနှိုင်းတိုင်ပင်ရမည်ဆိုသည်မှာ လိုက်နာနိုင်သမျှ လိုက်နာရမည်ဖြစ်သည်။ မလိုက်နာနိုင်၍ ပြဋ္ဌာန်းချက်ကို မလိုက်နာခြင်းနှင့် လိုက်နာနိုင်ပါလျက် မလိုက်နာခြင်းမှာ အလွန်ခြားနားသည်။ ပြည်နယ်နှင့်တကွ ပြည်ထောင်စုအကျိုးကိုထောက်ထား၍ ဆောင်ရွက်ရန်ကိစ္စရှိသမျှကို မိမိနှင့်အတူဆောင်ရွက်နိုင်မည့်သူကို ရွေးချယ်ရာ၌ ကောင်စီ၏သဘောထားကို သိရှိနိုင်စေရန် ညှိနှိုင်းတိုင်ပင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ညှိနှိုင်းတိုင်ပင်ပြီးမှ (after consultation with) ဆောင်ရွက်ရမည်ဆိုသော ပြဋ္ဌာန်းချက်မှာ ညွှန်ကြားချက်သာဖြစ်သည်။ (Biswanth Khemka V. Emperor, (1945) A-1-R, F.C 67)

တာဝန်တစ်ခုခုကို ဆောင်ရွက်ရာ၌ ပြဋ္ဌာန်းထားသောနည်းအတိုင်းလုပ်ရန် လုံးဝမဖြစ်နိုင်ပါက ပြဋ္ဌာန်းချက်ကို လိုက်နာရန်မလို (Lex non cogit impossibilia) ဥပဒေသည် မဖြစ်နိုင်သည်ကို မရည်ရွယ်။

ယခုကိစ္စတွင် ညှိနှိုင်းတိုင်ပင်ရန် မဆိုထားဘိ တွေ့ဆုံရန်ပင် မဖြစ်နိုင်လောက်သော အခြေအနေမျိုးဖြစ်နေသည်။

**တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်**

ထို့ကြောင့် စောလူလူနှင့် ဒူးဝါးဇော်ရစ်တို့၏ အမည်များကို တင်သွင်းရာ၌ အခြေအနေအရ ပြည်နယ်ကောင်စီများနှင့် ညှိနှိုင်းတိုင်ပင်ရန် နည်းလမ်းမရှိ၍ ညှိနှိုင်းတိုင်ပင်ခြင်းမပြုဘဲ ယာယီအားဖြင့် ခန့်အပ်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က တင်သွင်းခြင်းမှာ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု မယူဆနိုင်ချေ။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကောက်ယူရာတွင် -

အထက်ဖော်ပြပါ အကြောင်းခြင်းရာပြဿနာများအပေါ် ကြားနာစစ်ဆေးဆုံးဖြတ်မှုဖြစ်စဉ်ကို လေ့လာကြည့်ရှုခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူကြရာ၌ မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်၏ သုံးသပ်ရှုမြင်ပုံ၊ နိုင်ငံတကာတရားလွှတ်တော်များ၏ သုံးသပ်ရှုမြင်ပုံတို့ကို အကျဉ်းမျှသိရှိနိုင်ပါမည်။ ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကို ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ကနဦးအစ နိဒါန်းမျှသာဖြစ်ပါသည်။ တင်ပြချက်နှင့် အလားတူလွှဲအပ်မှုများ၊ စီရင်ထုံးများကို ဆက်လက်လေ့လာခြင်းအားဖြင့် ဥပဒေရေးရာ အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတတိုးပွားစေနိုင်ပါမည်။ တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ယုံကြည်ချက်ဖြင့် တင်ပြခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကောက်ယူရန် ပေါ်ပေါက်လာသည့်အခါများတွင်-

(က) ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားကောက်ယူနိုင်ကြပါစေ၊

(ခ) ပေါ်ပေါက်လာသည့်အကြောင်းခြင်းရာများကို လွှမ်းခြုံငုံမိအောင် ကောက်ယူနိုင်ကြပါစေ၊

(ဂ) အခြေခံဥပဒေ၏ တန်ခိုးအာဏာကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် ကောက်ယူနိုင်ကြပါစေ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်နိုင်ကြပါစေ။

## သတင်းတို

### စာပေချစ်သူများစုပေါင်း၍ စာပေဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီက စာပေချစ်သူများစုပေါင်းကာ စာပေဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲသို့ စာပေပညာရှင်များဖြစ်သည့် ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာအကြည်တော်တို့ တက်ရောက်ခဲ့ပြီး စာပေနှင့်ပတ်သက်၍ ဆရာချစ်နိုင်(စိတ်ပညာ) က 'လူငယ်ဆိုတာ အနာဂတ်ပါပဲ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက 'စာရေးသူမှ စာဖတ်သူသို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာအကြည်တော်က 'လမ်းနှစ်သွယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ရာ ကျောက်တံခါးမြို့နယ်အတွင်းမှ စာပေချစ်သူများ စုစုပေါင်း ၇၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### ရွှေဘို-မြစ်ကြီးနားကားလမ်းပိုင်း တိုးချဲ့ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းပိုင်း လမ်းတိုးချဲ့ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက လမ်းအထူးအဖွဲ့(၉)မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းအထူးအဖွဲ့(၉)သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းမိုင်တိုင်အမှတ် (၁၄၀) မှ (၁၆၈) ထိ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်ဦးက တာဝန်ယူဆောင်ရွက်မည်ဖြစ်သော်လည်း လမ်းအထူးအဖွဲ့(၉)မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သူဇာဆွေသည် ကားလမ်းမိုင်တိုင်အမှတ် (၁၆၁/၁၆၇) အထိ လမ်းအကျယ်တိုးချဲ့ခြင်းကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

လမ်းအထူးအဖွဲ့ကတာဝန်ယူဆောင်ရွက်မည့် လမ်းပိုင်းမှာ ယခင် ၁၂ ပေရှိ ကတ္တရာလမ်းအား ၁၈ ပေအကျယ်၊ အနက် ၁ ပေ၊ အမြင့် ၃ လက်မကိုမတ်လကုန်တွင် အပြီးဆောင်ရွက်ရမည်ဖြစ်ပြီး စက်ယန္တရားနှင့် လုပ်သားအင်အား ၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ (မော်လူး)**

# ရာသီဥတုဆိုးရွားမှုနှင့် ဘေးအန္တရာယ်များကျရောက်မှုအပေါ် ခံနိုင်ရည်စွမ်းနှင့် လိုက်လျောညီထွေနေထိုင်ခြင်းစီမံချက်ဆွေးနွေး

**ကျောက်ဖြူ ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုခန်းမ (OSS) ၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲခန့်က ရာသီဥတုဆိုးရွားလာမှုနှင့် ဘေးအန္တရာယ်များကျရောက်လာမှုအပေါ် ခံနိုင်ရည်စွမ်းတည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေနေထိုင်ခြင်းစီမံချက်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ကျောက်ဖြူမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအေးက အဖွင့်အမှာစကားပြောကြားကာ Aillznce Coordination Unit (ACU) အဖွဲ့ဝင် ဦးချစ်မင်းထွန်းက Building Resilience and Adaptation to Climate Extremes and Disaster Project (BRACED) စီမံကိန်းအဖွဲ့ခြောက်ဖွဲ့ဖြင့် ဆောင်ရွက်နေမှုအား မိတ်ဆက်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ Plan International (ပလန်မြန်မာ) နှင့် Community Development Association (CDA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များ၊ ရပ်ရွာများအတွင်း သဘာဝဘေးဒဏ်ခံနိုင်စွမ်းရှိမှု၊ စနစ်တကျဆန်းစစ်လေ့လာခြင်း၊ ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ကျောက်ဖြူတာဝန်ခံ ဒေါ်ငွေငွေမြင့်က ရှင်းလင်းတင်ပြခဲ့သည်။



BBC Media Action အဖွဲ့မှ တာဝန်ခံ ဒေါ်ဖြိုးဖြိုးက အာဆီယံဒေသ ရာသီဥတုပြောင်းလဲလာမှုနှင့် လူထုဝန်ဆောင်မှု သတင်းများထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး Myanmar Enviroment Institute (မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ) (MEI) အဖွဲ့တာဝန်ခံမှ အဖွဲ့အစည်းအကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် သိရှိလိုသည်များကို အခမ်းအနားတက်ရောက်လာကြသော ကျောက်ဖြူခရိုင်အတွင်းရှိ ဌာနဆိုင်ရာများက မေးမြန်းခဲ့သည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

## စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**စစ်တွေ ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်မှ ခေတ္တညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က ယခုသင်တန်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)က စီစဉ်ဖွင့်လှစ်သည့် Mobile Training ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူကိုအကျိုးပြုနိုင်သော ကျွမ်းကျင်သည့်ဝန်ထမ်းကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးရဲထွဋ်နိုင်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာခေါင်းစဉ်နှင့် မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းအင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က အရည်အသွေးစီမံခန့်ခွဲရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျဆွေက စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်နှင့် နည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွင်း ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဒီးမော့ဆို ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒုတိယနှစ်စက်ဝန်း) အတွင်း စီမံကိန်းကျေးရွာအုပ်စုများမှ တင်ပြလာသော စီမံကိန်းလုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေး ဒေါ်ခင်နန်းမြင့်က လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)အတွင်း စီမံကိန်းကျေးရွာအုပ်စုများမှ တင်ပြလာသော စီမံကိန်းလုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာများမှ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် မထပ်စေရေး ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက လုပ်ငန်းများအတည်ပြုဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း) အတွင်း ကျေးရွာပေါင်း ၇၆ ရွာမှ လမ်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၂၄ ခု၊ ရေဖြန့်ဝေခြင်းလုပ်ငန်း ၁၂ ခု၊ စာသင်ကျောင်းပြုပြင်၊ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ၁၉ ခုနှင့် ကျေးရွာခန်းမဆောင်ပြုပြင်၊ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ၂၃ ခု စုစုပေါင်းစီမံကိန်းလုပ်ငန်းခွဲ ၇၈ ခုကို ဆောင်ရွက်ရန် တင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## နွေစပါးစိုက်ပျိုးရန် ထွန်ယက်သရုပ်ပြသ

**ဝက်လက် ဇန်နဝါရီ ၂၆**

နွေစပါးစိုက်ပျိုးရန်အတွက် KUBOTA(၄၇) ကောင် ထွန်စက်ဖြင့် ထွန်ယက်သရုပ်ပြခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကွင်း ကွင်းအမှတ် (၃၄၅၇) ရှိ တောင်သူဦးအောင်စိ၏ လယ်မြေငါးဧကကို ထွန်ယက်သရုပ်ပြခဲ့သည်။

အဆိုပါ KUBOTA ထွန်စက်ဖြင့် ထွန်ယက်သရုပ်ပြရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မွန်မွန်(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဂန့်ဂေါ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်က ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လိှုင်က အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများနှင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၁၇၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

အလားတူ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က ဇာဟောရွာတွင် ၁၁၈ ဦးတို့ထံသို့ လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်က ဟံသာဝတီကျေးရွာတွင် ၂၉၂ ဦးထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

၀

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်

**ပဲခူး ဇန်နဝါရီ ၂၆**
ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ လေဆိပ်တည်ဆောက်မည့်ဧရိယာ အတွင်းရှိ အဆောက်အအုံများစာရင်းကောက်ယူရေးအတွက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် တိုင်းဒေသကြီးစာရင်းကောက်ယူရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီး ဦးဆောင်သော တိုင်းဒေသကြီး စာရင်းကောက်ယူရေးအဖွဲ့သည် ပဲခူးမြို့နယ် ဟံသာဝတီလေဆိပ်စီမံကိန်း တည်ဆောက်မည့်နေရာရှိ စီမံကိန်းရုံးအစည်းအဝေးခန်းမ၌ လေဆိပ်စီမံကိန်းနယ်မြေအတွင်း ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စာရင်းကောက်ယူရေးအဖွဲ့သုံးဖွဲ့၏ ကွင်းဆင်းစာရင်းကောက်ယူထားရှိမှုအခြေအနေ၊ စာရင်းကောက်ယူ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကြုံတွေ့ရသည့်အခက်အခဲများအပေါ် ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များကို ဝန်ကြီးက ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့နယ်ရပ်ကွက်ကြီး (၈) အနီး လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ စတင်ဆောင်ရွက်နေသည့် လေဆိပ်မြေနေရာ ရှင်းလင်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုပြီး ဒေသခံများနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရ၏ လေဆိပ်စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းပြီးစီးလျှင် ဖြစ်ပေါ်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အရေးရရှိလာမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံများဘက်မှလည်း ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။

အဆိုပါ တိုင်းဒေသကြီး စာရင်းကောက်ယူရေးအဖွဲ့တွင်ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ အဖွဲ့ဝင်များအဖြစ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တိုင်းအဆင့်ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ **သူရအောင်(ပြည်)**



## အိမ်မဲမြို့တွင်ပန့်သေး Battery Pump များဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု ကွင်းဆင်းစစ်ဆေး

**အိမ်မဲ ဇန်နဝါရီ ၂၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်နီလာဦး ဦးဆောင်မှုဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အိမ်မဲမြို့အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်များတွင် ပန့်သေး Battery Pump ဖြင့် ရောင်းချမှုများအား ဇန်နဝါရီ ၂၄ ရက်နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါပန့်သေး Battery Pump များသည် Non Licence အုပ်စုတွင် အကျုံးဝင်ပြီး နယ်စပ်ဝင်/ထွက်ပေါက်များမှ တရားဝင် တင်သွင်းရောင်းချမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်သုံးဆီဆိုင်များတွင် တရားမဝင်ပန့်သေး Battery Pump များ တင်သွင်းမှုမရှိစေရေးနှင့် တင်သွင်းဖြန့်ဖြူးနေခြင်းရှိ၊ မရှိ စက်သုံးဆီဆိုင်များတွင် ပန့်သေး Battery Pump များ အသုံးပြုထားခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ပြီး တရားမဝင် ပန့်သေး Battery Pump များဖြင့် ရောင်းချမှုရှိပါက တည်ဆဲဥပဒေ၊ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စက်သုံးဆီရောင်းချသည့်ဆိုင်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မိုင်ဒါကွင်း၌ ကျင်းပသည်။

အဆိုပါ အိုးကြီးချက်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်ထိ နံနက် ၁၀ နာရီမှ ည ၁၀ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ချက်ပြုတ်ထားသောထမင်းနှင့် ဟင်းလျာများကို စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ဆုရရှိသူများကို ပြိုင်ပွဲနောက်ဆုံးရက်ဖြစ်သည့် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒိုင်းဆု၊ ရွှေတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ ငွေတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ တတိယဆု ငွေကျပ်သိန်း ၂၀၊ ကြေးတံဆိပ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်များအားပေးသင့်သည့် မြန်မာ့ရိုးရာ စိန်ခေါ်ပွဲများနှင့် MAMA ရွှေအောင်လံလုပွဲများ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲနှင့် အခြားပရိသတ်နှစ်ခြိုက်စေမည့် ပွဲပေါင်းများစွာ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။ **မိုးမိုး**

## ရေပေးဝေရန် ရေသန့်စင်စနစ်တည်ဆောက်မှုကြည့်ရှု

**ပဲခူး ဇန်နဝါရီ ၂၆**
ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်နှင့် JICA Consultant Team မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးမြို့ရေပေးဝေရန်အတွက် Authentic Water and Wastewater Co.Ltd မှ တာဝန်ယူတည်ဆောက်သည့် မဲခုံရေသန့်စင်စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် မြို့တွင်းရေပိုက်လိုင်းများသို့ ရေစမ်းသပ်မောင်းနှင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုကြသည်။

မဲခုံရေသန့်စင်စက်ရုံမှ ပဲခူးမြို့တွင်း ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်၊ သွန်းဘုရားရပ်ကွက်၊ ရုံးကြီးရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်၊ နန်းတော်ရာရပ်ကွက်တို့ရှိ နဂိုမူလ ရေသွယ်ယူထားသောနေအိမ်များသို့ ၂၀၁၇ ခုနှစ် မေလ ဒုတိယပတ်အပြီး အိမ်တိုင်ရာရောက် ရေသွယ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ နောက်တိုးသွယ်ယူလိုသူများအနေဖြင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်ထားကြရမည်ဖြစ်ပြီး မေလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၅၈၇)**



## မင်္ဂလာတောင်ညွန့်၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီက ကျင်းပသည်။

မူခင်းအသိပညာပေးဟောပြောရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြို့နယ်လဝကဦးစီးမှူး ဦးရန်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးလွင်၊ သပြေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးထူးနှင့်အဖွဲ့တို့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ရပ်ရွာအခြေပြု ရဲလုပ်ငန်းစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး စသည့်မူခင်းအသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

# တိုင်းရင်းဆေးဆရာအသင်းနှင့် ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံတို့ပူးပေါင်း၍ ဇက်ကျီးပေါင်းရောဂါအကြောင်း စာတမ်းဖတ်ကြား

**ဘားအံ ဇန်နဝါရီ ၂၆**
ကရင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းနှင့် ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံတို့ပူးပေါင်း၍ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်ပညာပေး ဇက်ကျီးပေါင်းရောဂါအကြောင်း စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံ နှစ်ထပ်လူနာဆောင်သစ်တွင် ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ ဗဟိုအသင်းဝင် ဆရာကြီးဦးအောင်ပွင့်က ဆောင်ရွက်ပြီး ဘားအံခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိုင်းရင်းဆေးမှူး ဦးမြင့်ကိုနှင့် ဘားအံတိုင်းရင်းဆေးရုံမှ ဒုတိုင်းရင်းဆေးမှူး ဒေါ်စမ်းစမ်းခိုင်တို့က ဇက်ကျီးပေါင်းရောဂါနှင့်ပတ်သက်၍ ပြုစုရေးသားထားသော စာတမ်းအား ဖတ်ကြားသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှူးများ၊ ဘားအံတိုင်းရင်းဆေးရုံ ဆေးရုံအုပ်နှင့် ဝန်ထမ်းများ၊ ပြင်ပတိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ဖတ်ကြားသည့်စာတမ်းနှင့်ပတ်သက်၍ တက်ရောက်လာသူများမှ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံသည် ဝန်ထမ်းများအား တိုင်းရင်းဆေးပညာရပ်နှင့်ပတ်သက်၍ ပိုမိုထူးချွန်ထက်မြက်စေရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဝန်ထမ်းတစ်ဦးစီကို အလှည့်ကျစနစ်ဖြင့် အချိန်နှစ်နာရီစာ မိမိတို့စိတ်ကြိုက်စာတမ်းများအား ပြုစုရေးသားဖတ်ကြားစေခြင်း၊ သောကြာနေ့တိုင်း လူနာနှင့် လူနာစောင့်များအား တိုင်းရင်းဆေးပညာ ကျန်းမာရေးအသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆေးပညာရပ်များအား အပြန်အလှန်နှီးနှောဖလှယ်ဆွေးနွေးခြင်းဖြင့် အများပြည်သူ ရောဂါဝေဒနာရှင်များအား ပိုမိုထိရောက်သည့်ကုသမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများကို လစဉ် တစ်လလျှင်တစ်ကြိမ် ပြုလုပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲ ဖေဖော်ဝါရီ ၁၃ ရက်တွင် စည်ကားစွာကျင်းပမည်

**ကျုံပျော် ဇန်နဝါရီ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာဦးပန်းခြံအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထားရှိမည့် ရင်ပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲအား ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် ရင်ပြင်ကို ပေ ၅၀ ပတ်လည် ဆောင်ရွက်ထားပြီး လှျောက်လမ်း၊ တံတားများပါ ထည့်သွင်းဆောင်ရွက်ထားကြောင်း၊ ထားရှိမည့် ဗိုလ်ချုပ်ကြေးသွန်းရုပ်မှာ အမြင့်ကိုးပေဖြစ်ပြီး အောက်ခံခုံခြောက်ပေအမြင့်ပေါ်တွင် ထပ်မံထားရှိသွားမည်ဖြစ်ကြောင်း၊ အဆိုပါဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲတွင် စာပေဟောပြောပွဲ၊ ကရင်ဒုံးယိမ်းအကနှင့် တေးဂီတအခမဲ့ဖျော်ဖြေပွဲများထည့်သွင်း၍ စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



OpD;&m&(Gyd;) vk;dfeful efuifrlq;Murrfrl Hifweft rSpf0(1) oifwefzifht crf t em;ul Mef0&D3 &uf qnfajrmifyn m&yfLudrlavbuifk&;Xmec (ycl)ü uify&m qnfajrmifESh&t okdrlpDrHa&;OpD me 'kwd neTfum;a&;rSLyfOD;rifxefu oifwefzift rSpum;ajymum;chumifodonf "mwfyk588

# နွေစပါးစိုက်ပျိုးချိန်အမီ ရေဆိုးထုတ်မြောင်းများနှင့် မြောင်းကူးတံတားများ တိုးချဲ့ပြုပြင်ဆောင်ရွက်

**ပွင့်ဖြူ ဇန်နဝါရီ ၂၆**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကျေးလက်နေဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကြီးအုံ-ကြီးဝရေလှောင်တမံမှ တစ်ဆင့် ပို့လွှတ်သော မုန်းချောင်းရေအား မဲဇလီ ရေလွှဲဆည်မှတစ်ဆင့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ ဖြန့်ဝေသည့် စိုက်ပျိုးရေကို အားထားအသုံးပြု စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသခံတောင်သူများ နွေစပါး စိုက်ပျိုးချိန်အမီ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး စပါးစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးမှုများမှ ကာကွယ်နိုင်ရန် ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းနှင့် သွားလာရေးလွယ်ကူစေရန် မြောင်းကူးတံတားများ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မဲဇလီရေလွှဲဆည် တောင်မုန်းမြောင်းမကြီး၏ ဘိုကုန်းကျေးရွာအနီးရှိ ရေပေးမြောင်း လက်တံ(၆)နှင့် လက်တံ(၇)အကြား ရေဆိုးထုတ်မြောင်းအား အရှည် ပေ ၂၆၅၀၀၊ အကျယ် ၁၀ ပေ၊ အနက် ငါးပေအား စက်ယန္တရားများဖြင့် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ အဆိုပါ ရေဆိုးထုတ်မြောင်း တူးဖော်ပေးခြင်းဖြင့် ညောင်ပင်ရွာ၊ အင်းဒေါင်းကျေးရွာ၊ ကျောက်ကုန်းကျေးရွာ၊ ဘိုကုန်းကျေးရွာနှင့် ကျောင်းတော်ရာကျေးရွာအုပ်စုများအတွင်းရှိ လယ်ဧက ၅၀၀ ကျော် ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဘုမချောင်း(ခ)အုန်းပွဲချောင်း၊ ဖိုးဖျင်းချောင်း၊ ချောင်းဖြူချောင်းနှင့် ကျိုင်းချောင်းတို့တွင်လည်း စပါးစိုက်ခင်းများအတွင်း ချောင်းရေများ ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ရန် ရေဆိုးထုတ်မြောင်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ဆည်တော်ကျေးရွာအနီးရှိ ကျိုင်းချောင်း Super Passage ရေဆိုးထုတ် တံတားမှာ ယခင် ရေဆိုးထုတ်တံတားဖြင့် မလုံလောက်သဖြင့် အရှည် ၉၉ ပေ၊ အကျယ် ငါးပေ ပတ်လည်ရှိ ရေထုတ်ပေါက် နှစ်ပေါက်အား သံကူကွန်ကရစ်ဖြင့် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မဲဇလီကျေးရွာနှင့် ဆည်တော်ကျေးရွာအနီးရှိ မဲဇလီရေလွှဲဆည်မှ မြောင်းကူးတံတားများမှာ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းနေလျက်ရှိရာ တောင်မုန်းမြောင်းမကြီး ဆည်တော်ကျေးရွာအနီးတွင် မြောင်းကူးသံကူကွန်ကရစ်တံတားအား အရှည်ပေ ၁၂၀၊ အကျယ် ပေ ၁၄ ဖြင့်လည်းကောင်း၊ မဲဇလီကျေးရွာအနီးရှိ မြောင်းကူး သံကူကွန်ကရစ်တံတားအား အရှည် ပေ ၁၀၀၊ အကျယ် ၁၄ ပေဖြင့်လည်းကောင်း သံကူကွန်ကရစ် မြောင်းကူးတံတားများ တိုးချဲ့တည်ဆောက်ပေးနေလျက်ရှိသည်။ အဆိုပါ မြောင်းကူးတံတားနှစ်စင်းသည် ပုသိမ်-မုံရွာ ကားလမ်းမကြီးနှင့် ပွင့်ဖြူမြို့သို့ ဆက်သွယ်သည့် မြောင်းပေါင်လမ်းတွင် တည်ရှိပြီး ဒေသခံပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းပေါင်း ၄၄ ခုအား နွေစပါးစိုက်ပျိုးချိန်အမီ ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရန် ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဦးစီးမှူး၊ ဒု-ဦးစီးမှူးများက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## မယင်းငန်းချောင်းကူးတံတား အရည်အသွေးပြည့်မီရေး ကွင်းဆင်းကြည့်ရှု

**ပုလဲ ဇန်နဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက်လမ်းပိုင်းရှိ မယင်းငန်းချောင်းကူးတံတား အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၂ ပေကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၀ ဖြင့် အိုင်သဒီး Technology ကုမ္ပဏီက တာဝန်ခံ၍တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက် ညနေ ၄ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာများက လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အိုင်သဒီး Technology ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုဇင်နွယ်က မယင်းငန်းချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းတွင် ဘိုးပိုင်တူးခြင်း၊ သံခြင်းရက်ခြင်းလုပ်ငန်းနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းသည်။

ထို့နောက် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က တံတားတည်ဆောက်မှုတွင် အသုံးပြုသည့် သဲ၊ ကျောက်နှင့် ဘိလပ်မြေများ အရည်အသွေးပြည့်မီမှုရှိ-မရှိနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းအရည်အသွေးပြည့်မီရေး၊ ဘဏ္ဍာနှစ်မကုန်မီ လုပ်ငန်းများပြီးစီးနိုင်ရေးတို့ကို စေတနာထား၍ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လယ်ယာသုံးပစ္စည်းများဝယ်ယူ

**ကလေး ဇန်နဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို သမဝါယမအသင်းသူ အသင်းသားတောင်သူများအား အရစ်ကျဝယ်ယူစနစ်ဖြင့် လယ်ထွန်စက်၊ စပါးရိတ်သိမ်းစက် အပါအဝင် လယ်ယာလုပ်ငန်းသုံးပစ္စည်းစက် ယာဉ်အစီးရေ ၈၀ ဝန်းကျင် ယခုနှစ်အတွင်း ဝယ်ယူပေးခဲ့ကြောင်း သမဝါယမဦးစီးမှူး ဦးမျိုးကျော်ဇင်က ပြောကြားသည်။

“ကလေးမြို့နယ်အတွင်းမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ဖို့၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အမြန်ဆုံးကူးပြောင်းနိုင်ဖို့ သမဝါယမဦးစီးဌာနရဲ့ပံ့ပိုးမှုနဲ့ လယ်ယာသုံးဖြစ်တဲ့ ထွန်စက်၊ ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စင်၊ လုပ်ငန်းသုံးဖြစ်တဲ့ ရေစုပ်စက်စတာတွေကို တောင်သူများ အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ယင်းက ဆက်လက်ပြောကြားသည်။

ကလေးဒေသတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို မိမိကြိုက်နှစ်ရာကုမ္ပဏီတွင် သတ်မှတ်ဈေးဖြင့် တောင်သူများစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပြီး ယင်းပစ္စည်းများအတွက် ဒေသတွင်းသမဝါယမမှ ထောက်ခံ၍ ရယူပေးခြင်းဖြစ်ရာ ပစ္စည်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကိုသာ လက်ငင်းပေးဆောင်ရပြီး ကျန်သည့် ၈၀ ရာခိုင်နှုန်းကို ဝယ်ယူသည့် တောင်သူမှ ခြောက်လလျှင် တစ်ကြိမ် ခြောက်ရစ်ဆပ်၊ သုံးနှစ်လျှင် အကြေစနစ်ဖြင့် စီစဉ်ပေးထားကြောင်း သိရသည်။

**ဝေမာ(ကလေးကိုယ်ပွား)**

## ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

**နမ့်စန်(တ) ဇန်နဝါရီ ၂၆**
ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မီးဘေးအန္တရာယ်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီ က မြို့နယ် အ-ထ-က ကျောင်းတွင် ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက မီးလောင်ကျွမ်းခြင်းအကြောင်းအရာများနှင့် မီးအမျိုးအစားခွဲခြားခြင်း၊ မီးအမျိုးအစားအလိုက် ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး စနစ်တကျသုံးစွဲနည်းနှင့် မီးဘေးအန္တရာယ် မကျရောက်စေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်နည်းအမျိုးမျိုးကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပါ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ လက်တွေ့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



## စိုက်ပျိုးရေးသွင်းအားစု သဘာဝပိုးသတ်ဆေးနှင့် မြေဆွေးပြုလုပ်သုံးစွဲမှု ဆွေးနွေးသရုပ်ပြ

**မြို့သစ် ဇန်နဝါရီ ၂၆**
တောင်သူများကိုယ်တိုင် ထုတ်လုပ်သုံးစွဲနိုင်သည့် သဘာဝနည်းစနစ်ဖြင့် ပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲမှု ဆွေးနွေးသရုပ်ပြပွဲများအား မြို့နယ်၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများပူးပေါင်း၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ကျေးရွာ ၅၁ အုပ်စုအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးလုပ်ကိုင်သူများ ကိုယ်တိုင်နှင့် စားသုံးသူများ ဓာတုအန္တရာယ်ကင်းရှင်းစေရေး၊ ထုတ်ကုန်များ ဓာတ်ကြွင်းအန္တရာယ်မရှိဘဲ ပို့ကုန်ဈေးကွက်ဝင်နိုင်ရေး၊ တောင်သူများကိုယ်တိုင် လယ်ယာသုံးသဘာဝမြေဆွေးနှင့် သဘာဝပိုးသတ်ဆေးများ ထုတ်လုပ်သုံးစွဲခြင်းဖြင့် စိုက်ပျိုးမှုသွင်းအားစုစရိတ် အကုန်အကျသက်သာလျော့နည်းလာစေရေးတို့အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ စိုက်ကွင်းလက်တွေ့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ လုပ်ငန်းသုံး EM များ အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိပြီး မြေဆွေးပြုလုပ်ခြင်းလုပ်ငန်းအား ကျေးရွာအုပ်စု စိုက်ကွင်းအလိုက် တောင်သူများနှင့်အတူ စိုက်ပျိုးရေးဝန်ထမ်းများက ကူညီပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

မြို့သစ်မြို့နယ်တွင် ဆည်တမံ ငါးခုကို ရေသောက်နည်းလမ်းအရ ၂၀၁၆-၂၀၁၇ နွေစပါးစိုက်ဧရိယာ ၁၂၆၂ ဧကနှင့် နွေနှမ်းစိုက်ဧရိယာဧက ၈၀၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၁ ရက်မှစ၍ နွေစပါးပျိုးထောင်ရေများ စတင်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေယျာတု(မကွေး)**

MRS Myanmar Reliable Resource
BIG SALE
27 - 31 Jan 2017
UP TO 30% OFF TO 50% OFF
Notebook & Monitor
(ရန်ကုန်) - (၅၃)၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင် ☎ ၇၉၂၁၃၈၊ ၇၉၂၂၅၉ (မန္တလေး) - (၁၃၁)၊ (၃၁)လမ်း၊ (၇၆လမ်း နှင့် ၇၇လမ်းကြား) ☎ ၀၂-၆၄၉၇၃၊ ၆၄၉၇၄။

MPT ရှေ့သို့လှမ်း၍ မြန်မာပြည်
HAPPY FRIDAY
သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး
အပိုဆု
ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
| --- | --- | --- |
| 500 Ks | – – | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| 10,000 Ks | 420 MB | 800 MB |

EVERY

အောက်တိုဘာလ (၂၁) ရက်မှ စတင်၍ MPT ၏ ဆွေသဟာ အစီအစဉ်ရယူထားသော Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## PAWE Part-II စာမေးပွဲကျင်းပမည့်ရက်
## ကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် P.E. Part II အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်–

(က) **B.E ဘွဲ့ရရှိပြီး လုပ်သက် (၁၅) နှစ်နှင့်အထက် နှင့် P.E. Part I အောင်မြင်ပြီးသူများ**

စာမေးပွဲကျင်းပမည့်နေ့ရက် – ၂၅–၃–၂၀၁၇ (စနေနေ့)
စာမေးပွဲကျင်းပမည့်အချိန် – နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း ( မွန်းလွဲ ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ – မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ၊ ရန်ကုန်မြို့
စာမေးပွဲကျင်းပမည့်နေ့ရက် – ၂၆–၃–၂၀၁၇ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် – နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း ( မွန်းလွဲ ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ – ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ကြို့ကုန်း

မှတ်ချက်– B.E ဘွဲ့ရရှိပြီး လုပ်သက် (၁၅) နှစ်နှင့် အထက် နှင့် P.E Part I အောင်မြင်ပြီးသူများသည် P.E စာမေးပွဲ ဖြေဆိုရန်လျှောက်ထားရာတွင် P.E Part II စာမေးပွဲကို (၈)နာရီ ဖြေဆိုရမည် ဖြစ်ပါသည်။

(ခ) **R.S.E. လက်မှတ်ရရှိပြီး P.E. Part I အောင်မြင်ပြီးသူများ**

စာမေးပွဲကျင်းပမည့်နေ့ရက် – ၂၆–၃–၂၀၁၇ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် – နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း ( မွန်းလွဲ ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ – ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ကြို့ကုန်း

၂။ P.E Part II အရည်အချင်းစစ်ရေးဖြေစာမေးပွဲအတွက် စာမေးပွဲဝင်ခွင့်ကြေး ကျပ် –၃၀၀၀၀/– (ကျပ်သုံးသောင်း တိတိ)ကို KBZ Bank ငွေစာရင်းအမှတ် 253-304-23500040101 သို့ ပေးသွင်း၍ လျှောက်လွှာနှင့် အတူ စာမေးပွဲကြေး ငွေသွင်းချလန်မိတ္တူ(၂)စောင် ၊ဘွဲ့လက်မှတ်မိတ္တူ (၁)စောင် ၊ ဓာတ်ပုံ (၂)ပုံ ပူးတွဲတင်ပြလျက် (၂၈–၂–၂၀၁၇) ရက်မတိုင်မီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးတွင် လျှောက်ထားကြရမည် ဖြစ်ပါသည်။

၃။ သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ ၊ အချက်အလက်မှန်ကန်မှုမရှိသော လျှောက်လွှာများ၊ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများအား စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703275
Website : www.myanmarengc.org
E.mail : headquarters@myanmarengc.org

HOME GALAXY Interior Mall
Manufacturing UPVC Window & Door
UPVC Window & Door များကို Korea နိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကုန်ကြမ်းများကိုတိုက်ရိုက်တင်သွင်းပြီး Korea စက်ကြီးများဖြင့် Korea နည်းပညာအတိုင်း ထုတ်လုပ်ထားပါသည်။ ပူလွန်းအေးလွန်းသည့် ရာသီဥတုဒဏ်ကိုခံနိုင်၍ ရေယိုစိမ့်မှုမရှိခြင်း၊ UV Coated ပါသောကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည်စွာ ခံနိုင်ခြင်း၊ အသံလုံ၍ အသုံးပြုရ ပေါ့ပါးခြင်း စသည့်အားသာချက်တိုကိုရရှိစေပါသည်။
PVC printing Sheet
ABS Door
UPVC Window & Door တို့၏ Size, Design & Colour အမျိုးမျိုးတို့ကို မိမိတို့စိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။
UPVC window နှင့် Sliding Door များကို နှစ်ထပ်မှန် ( Double Glass ) များဖြင့်လည်း အသုံးပြုနိုင်သည်။
Showroom I - Junction Square Shop-House (7) , Pyay Road , Yangon . 01-2304351,2304352,2304337
ShowroomII - No (15),Pyay Road & Corner of Weikzarnyinaung St , 9Mile ,Yangon . 01-664675

FrieslandCampina

# နိုင်ငံတကာစံချိန်မီအရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းလာမည်ဖြစ်ကြောင်း ကတိပြုပါသည်။

နယ်သာလန်နိုင်ငံအခြေစိုက် Royal FrieslandCampina ကုမ္ပဏီသည် ကမ္ဘာ့အကြီးမားဆုံးသော နို့ထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းစုကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်း ၁၄၀ တိုင်ပြီဖြစ်သည့် နို့ထွက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်အတွေ့အကြုံများနှင့်အတူ အရည်အသွေးမြင့်ဥရောပစံချိန်မီ နို့ထွက်ပစ္စည်းများကိုတစ်ကမ္ဘာလုံးရှိ သန်းပေါင်းများစွာသော စားသုံးသူများအတွက် ထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားလူကြိုက်များသည့် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များထဲတွင် MYBOY၊ FALCON၊ DUTCH LADY၊ FOREMOST နှင့် YOMOSTတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ ဖွန်လမှစတင်ပြီး ကျွန်ုပ်တို့သည် ယခင်ဖြန့်ချိရေးအစီအစဉ်ကို အပြောင်းအလဲလုပ်လိုက်ပြီဖြစ်ပြီး အောက်ပါဖြန့်ချိရေးကိုယ်စားလှယ်ကုမ္ပဏီ၁၂ ခုကို မြို့နယ်ဒေသအသီးသီးတွင် ခန့်အပ်လိုက်ပါသည်။

| မြို့နယ်ဒေသ | ဖြန့်ချိရေးကိုယ်စားလှယ်အမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|
| ရန်ကုန်မြို့ | New Strength ကုမ္ပဏီလီမိတက် | အမှတ် ၆၈ (၁၄၃၀) ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ ကျွန်းစံသာရိပ်မွန်ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၄၂၁၁၀ ၂၀၆၈ |
| | TMM Distribution ကုမ္ပဏီလီမိတက် | အမှတ် R ၃၉၊ ကံကော်၅ လမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၉၆၂၀၁၁၈၈၈<br>၀၉ ၄၂၀၀၈ ၂၀၈၁ |
| | Future Glow ကုမ္ပဏီလီမိတက် | အမှတ် 91/C ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၄၂၀၁ ၂၄၁၇၆ |
| မန္တလေးမြို့ | UMT Distribution Group ကုမ္ပဏီလီမိတက် | အမှတ် (၁၄)၊ ၃၈ လမ်း၊ ၇၈ - ၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၀၂ ၆၅၆၇၇ |
| | New Strength ကုမ္ပဏီလီမိတက် | အမှတ် (၅၃၂)၊ မြနန်းဆီလမ်း၊ ၁၄ - ၁၅ လမ်းကြား၊ ၈၇ - ၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၀၂ ၃၄၃၃၁<br>၀၂ ၆၄၆၆၉ |
| ပုံရွာမြို့ | Shwe Pyae San Distribution | ဗိုလ်ချုပ်လမ်း၊ ပုံရွာတောင်ရပ်ကွက်။ | ၀၉ ၂၁၃၀၅၂၃ |
| မကွေးမြို့ | ShweYaung Myay Minbu ကုမ္ပဏီလီမိတက် | အမှတ် (၉)၊ ဈေးလမ်း၊ အမှတ် ၃ ရပ်ကွက်၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၀၉ ၅၀၁၆၀၉၁၊<br>၀၉ ၇၉၀၁၆၇၆၇၇ |
| မြစ်ကြီးနားမြို့ | Phyo Distribution | အမှတ် (၁၂၅)၊ အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်။ | ၀၉ ၂၄၀၀ ၂၃၉၊<br>၀၇ ၄ ၂၀၆၇ |
| မိုးကောင်းမြို့ | Ever Smile Distribution, ဦးအေးဆွေ | အမှတ် ၁၅၀၊ မြို့မ(တောင်ပိုင်း)ရပ်ကွက်၊ ဟိုပင်၊ မိုးကောင်းမြို့နယ်။ | ၀၉၉၇၃၇၅၆ ၂၆၂<br>၀၉ ၂၅၆၃၅၄၇၉၂ |
| နေပြည်တော်မြို့ | Top Star Distribution | အမှတ် ၈၁၉၊ ဗိုလ်တောက်ထိန်လမ်း၊ ပျဉ်းမနားမြို့နယ်။ | ၀၉ ၇၉၅၉၉၉၉၁၁ |
| တောင်ကြီးမြို့ | AML Distribution ကုမ္ပဏီလီမိတက် | အမှတ် က၊ ၂၄၁၊ အနောက်မြို့ပတ်လမ်း၊ ချမ်းမြေသာစည်ရပ်ကွက်၊ တောင်ကြီးမြို့နယ်။ | ၀၈၁ ၂၁၂၁၈၉၁ |
| မော်လမြိုင်မြို့ | Sky Holding ကုမ္ပဏီလီမိတက် | အမှတ် ၂၇၊ နီလာလမ်း၊ ဈေးချိုပွဲရုံတန်း၊ မော်လမြိုင်မြို့နယ်။ | |

ကျွန်ုပ်တို့၏ ဖြန့်ချိရေးကိုယ်စားလှယ်သစ်များနှင့် အတူလက်တွဲပြီး ကျွန်ုပ်တို့သည် FrieslandCampina မှ အရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မှန်ကန်သောဈေးနှုန်းနှင့် အမြဲပုံမှန်ဖြန့်ချိသွားမည်ဟု ရည်ရွယ်မျှော်မှန်းထားပါသည်။

ပိုမိုသိရှိလိုပါက သက်ဆိုင်ရာ ဖြန့်ချိရေးကိုယ်စားလှယ်သို့ ဆက်သွယ်၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၁ - ၂၃၀ ၅၃၇၄ သို့မဟုတ် ၀၁ - ၂၃၀ ၅၃၇၅ (extension နံပါတ် ၁၄၃)သို့ ဆက်သွယ်၍ လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။



**E.F.R** Seconda Casa Beach Resort & Restaurant

ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် **E.F.R**

Hot Line: (Yangon) 01-381010, 381066, 09-420286301
(Ngwe Saung) 042-40282, 40398, 09-49322843

London Pearson LCCI (UK)

ဒေါ်သူဇာဝင်း

Approved Centre

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

**LCCI 1,2,3**

June-2017 Series (February)

**MYOB & AutoCount**

Center-1
Center-2

Ph:09-5029621,09-5402724,01-373030
Website:www.Facebook/winnlcci.com

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

"ကျောက်လိုက်ဂူကြီးမှင့်ချိန် အရောက်ပို့ပေးမည်"

**ရွှေစက်တော်အလောင်းတော်ကဿပ**

(9.2.2017)

(8.2.2017)

ရွှေစေတီ

Ph:09 450024419
09 790629747

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ရွှေတိဂုံစေတီ**

ရွှေတိဂုံဘုရား

Jan-31, Feb-17,24
March - 3 / 17,
April - 11, 28

▲ရွှေစက်တော်-ရှုလေးရုံဘုရားများ

▲မွန္တလေး-အညာသီတာတော-မြကုတ်-လိုက်ဂူတော်-မြင်းခြင်း

**GETC**
building a better future

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်



Communicative English
General English
Business English
Enroll Now for January Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း(ကမ္ဘာအေး) |
|---|---|---|---|
| 01-537895, 09263337702 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

ထူးခြားစာပေ

- နှစ်တွေကြာရှည်ပြောင်းသော်လည်း ဝိုလ်ချုပ်ကိုတော့ မမေ့နိုင်ကြပါ။
- ၂၀၁၇ ဇန်နဝါရီ ၁၃ ဝိုလ်ချုပ်အောင်ဆန်း ၁၀၂ နှစ်ပြည့်မွေးနေ့အမှတ်တရ ထုတ်ဝေထားပါသည်။
- ဝိုလ်ချုပ်ကို "ကိုအောင်ဆန်း" လို့ ချစ်ခင်စွာ ခေါ်ဝေါ်သွားသည့် ဆရာဒဂုန်တာရာ ကိုအောင်ဆန်းအကြောင်း ခေတ်အဆက်ဆက်ရေးသွားသည့် သူ့ရဲ့အမှတ်တရဆောင်းပါးများနှင့်အတူ
- လူငယ်တွေ သိမ်မွေ့နူးညံ့တဲ့ စိတ်တွေဝင်လာအောင် ရသစာပေတွေဖတ်ကြ ဗိုဒ် နိုင်ငံတော်သမ္မတ တိုက်တွန်းသွားတဲ့ရသစာပေရဲ့ အခန်းကဏ္ဍ
- ဗုန်းတလုံးရှိရုံနဲ့ ရသစာပေတွေကို ပစ်မထားကြပါနဲ့လို့ စာရေးဆရာများရဲ့ ရသစာပေအပေါ်အမြင် သုံးသပ်တိုက်တွန်းချက်များ-
- ဝိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် လူကြီး လူလတ် လူငယ်များ၏ စာပေများ ရုပ်ပါတတ်ပုံ ရုပ်ပါစာပေများနှင့် အထူးအမှတ်တရ ထုတ်ဝေလိုက်ပါသည်။

ထွက်ပြီ






**Mingalar Cinemas**
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ (သိမ်ကြီးဈေး) | မင်္ဂလာ (ဒဂုံစင်တာ(၂)) | နေပြည်တော် | ရွှေဆောင် | မင်္ဂလာစံပြ |
| Top Royal | မင်္ဂလာဝဇီရာ (လှိုင်သာယာ) | မင်္ဂလာ (ဂမုန်းပွင့်) | ဝင်းလိုက် (မန္တလေး) | မြို့မ (မန္တလေး) | မင်္ဂလာဒိုင်းမွန်း (မန္တလေး) | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် |
| မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာ ICON Mall(ပဲခူး) | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ(မကွေး) | | | |

၂၇.၁.၂၀၁၇ ရက်မှစတင်ပြသမည့်ဇာတ်ကားသစ်များ

**ဘယ်ရည်းစားကို အချစ်ဆုံးလဲ**
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - ဝင်းလိုက်၊ မြို့မ ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall

**RAEES**
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON

**ချန်ပီယံလေး**
ရန်ကုန် - ရွှေဆောင်

**တီတီ နှင့် ဦးနတ်**
မကွေး - မင်္ဂလာစံပြ

**xXx:RETURN OF XANDER CAGE(3D)**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ
မင်္ဂလာဒဂုံစင်တာ(၂)၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း မကွေး - မင်္ဂလာစံပြ

**SWORD MASTER(3D)**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ
မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**THE GREAT WALL(3D)**
ရန်ကုန် - နေပြည်တော်
မန္တလေး - မန်းနေပြည်တော်
တောင်ငူ - NEW 3D CINEMA

**CJ7**
ရန်ကုန် - မင်္ဂလာဝဇီရာ(လှိုင်သာယာ)

















ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

UNIQUE
## UNIQUE STAR TRAVELS & TOURS

ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4400)
ဥရောပ (3) နိုင်ငံ Apr:10,12 ($ 3300)
နီစ်–စပိန်–ပေါ်တူဂီ Apr:11,12 ($ 3300)
ဂရိ Apr:10,12 ($ 4200)
ဟာနွိုင်း–ဟာလောင်း Apr: 9,10 ($ 650)
အမေရိကား (East + West) Apr:7,9 ($ 4700)
စင်ကာပူ Apr:11,12,14 ($ 850)
စင်ကာပူ–မလေးရှား Apr:11,12,13 ($ 1200)
စင်ကာပူ–လန်ကာဝီ Apr:11,13 ($ 1300)
ဟိုချီမင်း–ဟာနွိုင်း–ဟာလောင်း Apr: 11,12 ($ 850)
သြစတြေးလျ Apr:10,11,12,13 ($ 2800)
ဂျပန် Apr:10,11,12,13 ($ 3300)
ကိုရီးယား Apr:11,12 ($ 2000)
အိန္ဒိယ Apr:12 ($ 3300)
ဟိုချီမင်း–ဒါနန်း–ဘနားဟေးလ် Apr: 11,13 ($ 1050)
ဗန်ကောက်–ပတ္တရား Apr: 9,10,11,12,13 ($ 590)
ဗန်ကောက်–ဖူးခက်/ ချင်းမိုင် Apr: 12, 13 ($890 / 790)
ပီကင်း–ရှန်ဟိုင်း Apr: 12, 13 ($ 1900)
ဗန်ကောက်–ကမ္ဘောဒီးယား Apr: 12, 13 ($ 790)
ဗီယက်နမ်–ကမ္ဘောဒီးယား Apr: 12,13 ($ 950)

### သင်္ကြန်ခရီးစဉ်များ
ဗန်ကောက်၊ပတ္တရား (4 / 5 / 6) D Feb: 4,11,18,25/ Mar:11, 25 ($ 299 /399 /499)
ဗန်ကောက်၊ဖူးခက်/ ချင်းမိုင် (6)D Feb: 4, 18 / Mar: 4, 11, 18, 25 ($ 790/690)
ဟိုချီမင်း–မွေနဲ–ဒါလတ် (6)D Feb: 4, 18, 25 / Mar: 4, 11, 18, 25 ($ 360)
ဟာနွိုင်း–ဟာလောင်း (4)D Feb: 4, 18 / Mar: 4, 11, 18, 25 ($ 490)
ဟိုချီမင်း–ဟာနွိုင်း–ဟာလောင်း (6)D Feb: 11, 18, 25 / Mar: 4, 18, 25 ($ 690)
ဗီယက်နမ်–ကမ္ဘောဒီးယား (6)D Feb: 11, 18, 25 / Mar: 4, 18, 25 ($ 650)
ဗီယက်နမ်–ကမ္ဘောဒီးယား–ဗန်ကောက် (6) D Apr: 9, 10, 11 ($ 950)
ဟောင်ကောင်–မကာအို–ကွမ်ကျိုး (8) D Apr: 11, 12 ($ 1700)

No.(70/A), Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp.Ph: 860 4964, 860 4965, 860 4966, 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

CHAW CHAW
SILK & LUXURY FASHION
2ND YEAR ANNIVERSARY SALES PROMOTION
(၂)နှစ်ပြည့် အရောင်းမြှင့် အစီအစဉ်

- Myanmar Traditional Handmade 'Acheik'
- European and Asian Laces
- European and Asian Brocade
- Various Thai Silk
- Fabrics from World Famous Brand (Chanel, Prada, Valentino,...)
- Various Myanmar Silk, Silk Cotton and Cotton

50% Off For All 'Acheik'
up to 80% Off For Other Items

Date : 27th January 2017 to 29th January 2017 (Friday to Sunday)
Time : 9:00 am to 7:30 pm
Address : Chaw Chaw Silk & Luxury Fashion Gallery
No.241, Dhammazedi Road, Bahan Township, Yangon.
Ph: +95 1 542997, +95 1 701393, +95 1 559124, + 95 9 73245173, +95 9 5015946





## တစ်လှမ်းချင်းတက် ကမ်းလင့်လက်
တိုးတက်ကြီးပွားရေး ရသစုံစာစုများ •••
လူငယ်တက်လမ်းအတွက် အခြေခံရေးသားထားသည့်
မောင်တင့်ဇော် (ကနေဒါ) ၏ ဒုတိယမြောက် စာအုပ်•••
ချမ်းမြေ့ဆရာတော် ကြီး၏အကြောင်း(အင်္ဂလိပ်-မြန်မာ)
အမြင်သစ်ဖြင့် ရေးသားထားချက်လည်း ပါဝင်သည်။
ယဉ်မျိုး စာပေမှ တစ်နိုင်ငံလုံးဖြန့်ချိပါသည်။
ထွက်ပြီ

ဒဂုံမြို့သစ်
အငှားပိုင်း
အိမ်ကမ်းမြေနယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## Golden Valley Inn(GVI)
US သံရုံး၊ တောင်ကိုရီးယားသံရုံးအနီး ပြင်ဆင်မှုအသစ်၊
ဝန်ဆောင်မှုအသစ်နှင့်ကျယ်ဝန်းသော Car Parking ရှိ
17(A),အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်း။
PH: 01-524 173
09-253 000 201
09-253 000 202
Wifi Free
အထူး Discount -10000
(With Breakfast) 25000
(With Breakfast) 35000
Foreigner (With Breakfast) $40
Facebook (Golden Valley Inn) တွင် Promotion အစီအစဉ်များကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

SPRING LINE
★ Hlaing River Landmark ★

- ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
- Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဂန်းရံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
- ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျှင်စွာရရှိစေပါသည်။

## FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160 /sq.ft မှစ၍၊ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်



ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက်
အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township,
Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.




福
POLO CLUB (ASIA)
RESIDENCE
恭喜发财
HAPPY PROSPEROUS LUNAR NEW YEAR 2017
WWW.POLOCLUBASIA.COM
HOTLINES : 09-795889588 | 09-796889688 | 09-797889788
Sales Gallery | No 51/A, Corner of East Race Course Road and Laydaungkan Road
Tamwe Township, Yangon, Myanmar

# ကြော်ငြာ


**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**FORWARD**
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
09259259180
09259259181
09259259182

**ရွှေထိပ်တန်း**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)
ဖုန်း-၀၁-၇၀၀၀၀၅ ၀၉-၅၄၀၁၈၄၄
၀၉-၅၀၄၄၈၃၀

**သုံးရာသီ** ဝပ္ပဒါန်
မန္တလေး ပေမြို့ စစ်ကိုင်း မုံရွာ
Jan-27
420144148, 421153797

**ခရီးမိမင်း** 09-444450446, 09-250144709
+အလောင်းတော်ကဿပ(သီးသန့်)35000 +ရွှေဘော်ဖော်ဖွဲ့မွှ(သီးသန့်)35000
+မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မုံရွာ အလောင်းတော်ကဿပ 50000
+ပုဂံ(ရွှေစည်းခုံ)၊ ပုပ္ပါး မဂ္ဂါ၊ ဘိုကုန့်-အိုင်ဒိုင်ရွှင် 40000
+ထားဝယ်(ရွှင်ကိုးရွှင်)၊ မောင်းမကန်၊ ပေါ်လမြို့ ကျိုက်ကဿ 65000
+တောင်ကြီး အင်းလေး ပင်းတယ ကုံလုံ ထမ်းဖိုး ရွှေတော်ကဗြုံ 50000
ကျိုက်ထီးရိုး ချောင်းသာ January 27th
Guest House/ Hotel

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အဲစတုံး (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (ရွှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားသည်။ လာချိမ်ရားပါ။
Ph: 09-252522200, 09-33345545, 09-5089800

**Royal Gandamar** Travels & Tours
Hotel (၃)ည ခရီးစဉ်များ
ရှမ်း - ကလော ခရီးစဉ် Jan-27, Feb-10,24, Mar-10,24
အလောင်းတော်ကဿပ-မန္တလေး ခရီးစဉ် Jan-27, Feb-10,24, Mar-10,24
ပုဂံ-ပုပ္ပါး-ရွှေဖက်တော် Jan-27, Feb-10,24, Mar-10,24
ထားဝယ်- မြိတ်ကျွန်းစု ခရီးစဉ် Feb-24, Mar-24
Hotel (၂)ည ခရီးစဉ်များ
ထားဝယ်-ရှင်ကိုးရှင်-ပုဲ့ဇင်ကျွန်း ခရီးစဉ် Jan -27, Feb-24, Mar-24,10
တောင်ကြီး-ကလော ခရီးစဉ် Jan -27, Feb-24, Mar-24,10
ပုဂံ-ပုပ္ပါး-ပခုက္ကူ ခရီးစဉ် Jan -27, Feb-24, Mar-24,10
အလောင်းတော်ကဿပ-မုံရွာ ခရီးစဉ် Jan -27, Feb-24, Mar-24,10
Hotel (၀)ည ခရီးစဉ်များ
အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ-မန္တလေး ခရီးစဉ် 120000 အပတ်စဉ် သောကြာ
ပုဂံ-ပုပ္ပါး-ရွှေဖက်တော်လေးဆူ ခရီးစဉ် 110000 အပတ်စဉ် သောကြာ
လွိုင်ကော်-တောင်ကွဲစေတီ-ကြက်ဂူ ခရီးစဉ် 120000 (Feb-10,24)
ကလော Trekking ပင်းတယ-ရွာဝ် ခရီးစဉ် 140000 (Feb-13,24)
မြဝတီ-မဲဆောက်-ဘားအံ ခရီးစဉ် 120000 (Jan-27,Feb-10,24)
ပြင်ဦးလွင်-ကျောက်မဲ-ဒီးဇုတ်ရှေ့ချောဂိုင် ခရီးစဉ် 120000 (Feb-3,24)
Car Rental Service
01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533
Office (1)- အမှတ်(၁၇၅/၁၇၇) မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

**ကား** မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး
တန်စတုံး ၂၄/၃၃/၃၇/၄၅/၄၉ယောက်
စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ရှိသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126

ODYSSEY
0973070193, 0973187799

သာသနာရေးဝန်ကြီးဌာနမှ ရုံးအပ်ပုံ (ငြိမ်း) ဦးမောင်မောင်မြင့်ဦးစီးသော
**နာလန္ဒာ** ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
အိန္ဒိယ/နီပေါနိုင်ငံတို့ရှိ သံဝေဇနီယအဓိဋ္ဌာနလေးဌာနတို့သို့ ဘုရားဖူးပို့ဆောင်ပေးလျက်ရှိပါသည်။ အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့် သွားရောက် ဖူးမြော်နိုင်ရန် စီစဉ်ထားပါသည်။ ဘုရားဖူးခရီးသည်များမှ စိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် သက်မှတ်ထားသောရက်များအား ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ မိသားစုသီးသန့်ခရီးစဉ်များနှင့်(၁၄)ညအိပ်(၁၅)ရက်ခရီး၊ (၁၁)ညအိပ်(၁၂)ရက်ခရီး၊ (၇)ညအိပ်(၈)ရက်ခရီးစဉ်များကိုပို့ဆောင်ပေးပါသည်။ (၁၆)ဦးလျှင်(၁)ဦးအခမဲ့ ပေးပါသည်။ ခရီးစဉ်တလျှောက်ဝန်ဆောင်မှုများမှာ စရိတ်ငြိမ်းဖြစ်ပါသည်။
(၁၄)ညအိပ်(၁၅)ရက် ခရီးစဉ် ထွက်ခွာမည့်ရက်များ (၁)၀၃.၀၂.၂၀၁၇ (၂)၁၉.၀၂.၂၀၁၇ (၃)၂၀.၀၃.၂၀၁၇ // (၇)ညအိပ်(၈)ရက်ခရီးစဉ်များ(၁)၀၆.၀၂.၁၇ (၂)၂၀.၀၃.၁၇ (၃)၁၂.၀၄.၁၇ ရက်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။
*Hot Line ph no: 09421082257*
အမှတ်-(၂၂၃) ဓမ္မညီထပ်၊ ဗိုလ်တထောင်ဈေးလမ်း(ယခင်အိုးဒင်လမ်း)၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း--၀၉၄၂၁၀၈၂၂၅၇၊ ၀၉၇၃၁၃၈၅၀၁၊ ၀၉၄၂၁၀၈၂၂၅၆၊ ၀၉၉၆၄၂၁၀၈၂၂ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
**ဂုဏ်ထူး ဦးအောင်ခိုင်**
ဖွင့် March 8
Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ်စကားပြော)
ဒေါ်ဖူးအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
၂၅၂ ပန်းဆိုးတန်း။ 01 252 919, 09 964 252 919 ပညာနန်းတော်၊ သုဝဏ္ဏ။ 09 798 443 320

ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
မြန်မာပြည်တွင်ပထမဆုံးတင်သွင်းသော Since 1996
Home
Buy Flooring → Wall Covering
၂ ကျပ်ဖြင့် ဝယ်ရှင် ၁ ကျပ်ဖိုး လက်ဆောင်
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်းချိုသာ
★ လက္ခဏာ ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
Grade A,B,C,D
ဝင်ရောက်ဝယ်ယူရန်
HOTLINE: 09-79 700 70 71
09-79 700 70 81

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

LCCI - EDI (UK) မှချီးမြှင့်သောထူးချွန်သင်တန်းကျောင်းဆုဝ
**စီးပွားယှဉ်းဆင်း**
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount Computerised Accounting
2017 - June Series (February) တန်းခွဲသစ်များ(4.2.2017)ဖွင့်မည်။
(15.2.2017) အတွင်းအပ်နှံသူများ 10% Discounts ရမည်။
09-5118647-73009869-73013432-73028433




# အိန္ဒိယသမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး တက်ရောက်ချီးမြှင့်

သတင်းစာမျက်နှာ - ၈



# အငှားအိမ်ရာများအား နိုင်ငံတကာစနစ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သင့်

ရန်ကုန် ဇန်နဝါရီ ၂၆

**မြန်မာနိုင်ငံအတွင်း၌ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်မှုအပြင် အငှားအိမ်ရာများကိုပါ နိုင်ငံတကာအတိုင်း ပြည်သူများအတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪



မြန်မာဂေါက်သီးရိုက်ကစားသမား ရဲထက်အောင် ယှဉ်ပြိုင်နေစဉ်။

# MNL ပြိုင်ပွဲ ပွဲစဉ်(၃) မကွေး-ရတနာပုံ၊ ရန်ကုန်-ရောဝတီတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

ယခုတစ်ပတ်ကျင်းပမည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)တွင် ပရိသတ်များအကြိုက်တွေ့မည့် ပွဲကောင်းများပါဝင်နေပြီး လက်ရှိချန်ပီယံရတနာပုံနှင့် ရှုံးထွက်ချန်ပီယံမကွေး၊ အသင်းကြီးများဖြစ်သည့် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၃)အဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဟံသာဝတီအသင်း၊ မော်လမြိုင်ကျောင်းသားကွင်း၌ Southern အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၂)အပြီးတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



**ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်း။**

# အာဆီယံဖူဆယ်ချန်ပီယံရှစ် မြန်မာအသင်းနှင့် တီမောလက်စ်တေအသင်းတို့ အကြိုဗိုလ်လုမည်

နေပြည်တော် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် တီမောလက်စ်တေအသင်းတို့ ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို ညနေ ၃ နာရီ မိနစ် ၅၀ မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

Asian Tour နှင့် Japan Golf Tour တို့ ပူးပေါင်း၍ Leopalace 21 ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 ၏ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အားကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**










# "အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မှ

စတုတ္ထမြောက် နိုင်ငံအဝန်းဆက်သွယ်ရေးအော်ပရေတာလိုင်စင်အား

Myanmar National Tele & Communications Co.,Ltd. သို့

(၁၂.၁.၂၀၁၇)ရက်နေ့တွင် ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ်

မြန်မာမဟာထွန်းကုမ္ပဏီလီမိတက်အနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်

ဆတက်ထမ်းပိုးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

MYANMAR MAHAR HTUN CO., LTD.



CROWN EDUCATION

မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်

"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ . . .

- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီဝင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာဖြေဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ

5th Feb
10 Am - 12 Noon
CROWN Edu: Center

ACT

Register Now :
01 527 838,
09 732 56 965,
09 732 732 77

ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း၊ (Educational Consultant) British Council Education UK Agents Certificate Distinction


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄) သုတ(၄)လမ်း မြေကွက်အမှတ် (၁၂၄)၊မြေအကျယ်အဝန်း (၄၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးသိန်းဆွေ (၁၂/အစန(နိုင်) ၁၂၈၁၃၀) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း နှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကား ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)**

**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၈၆၅) သရေခေတ္တရာ(၂၂)လမ်း (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၁၁၄၆၅၄

## ueYfuGufEdkifaMumif;

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆၀)၊ မြေအကျယ်အဝန်း အလျားပေ ၄၀× အနံပေ ၆၀၊ ဧရိယာ ၀. ၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့မြေစာရင်းဌာနတွင် ဗိုလ်ကြီးဘိုဘို(WKA-188936)[၉/ပသက(နိုင်)၀၆၄၂၄၀]အမည်ဖြင့် မှတ်သားတည်ရှိနေပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိရာ ယင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်မ ဒေါ်မေဝါလွင်[၁၂/ခရန(နိုင်)၀၉၀၁၂၃] ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် နှစ်ဦးသဘောတူညီကြပြီး မြေကွက်အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ၂၁-၁-၂၀၁၇ ရက်စွဲပါ မြေကွက်အရောင်းဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့် ချုပ်ဆိုပေးချေထားပြီးဖြစ်ရာ ယခုအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်မဒေါ်မေဝါလွင်ထံသို့ စာချုပ်စာတမ်းမူရင်းနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ဤမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဝါလွင်**

**[၁၂/ခရန(နိုင်)၀၉၀၁၂၃]**

**တိုက်(၂/၁၀၂)၊ စင်းဂါးအိမ်ရာ၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**ဖုန်း-၀၉-၅၀၉၃၂၅၈**


ကွန်ကရစ် အုတ်ခဲ၊ ကွန်ကရစ်ဝေ
ဒေတ်မိမြေအုတ်ကိုက်ဂ်ရှိပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းခုနှ်(၂)တောင်အုံ။


## jyifqifzwf&efjyifqif

၁၇-၉-၂၀၁၆ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာမှ ဦးကျော်ဝင်းအောင်၏ ပါမစ်လျှောက်အစား ပါမစ်ပျောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## Face Book ypf ,ltqmS ,ifrSzif azmfjyrdonfhtwGuf awmif;yefjcif;

ကျွန်ုပ်၏အမှုသည်ဖြစ်သော ကိုဇော်ဇော်အောင် [၁၂/ဥကမ(နိုင်)၀၃၉၅၈၄]၊ ကိုကျော်ဇင်[၁၂/လမတ(နိုင်)၀၂၆၀၂၈]နှင့် ကိုသန်းဝင်း [၁၂/ဒဂတ(နိုင်)၀၁၆၁၆၆] တို့မှ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ကိုဇော်မျိုးမြင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ နစ်နာစေလိုသော ရည်ရွယ်ချက်မပါဘဲ အယူအဆလွဲမှားပြီး Zaw Aungဆိုသော အကောင့်တွင် ဖော်ပြမှုအတွက် ခင်မင်ရင်းနှီးစွဲအတိုင်း တစ်စုံတစ်ရာ အာဃာတမထားကြဘဲ ကျွန်ုပ်၏အမှုသည်မိတ်ဆွေများမှလည်း နောက်နောင် ထပ်မံမပြုလုပ်တော့ပါဟူသော ကတိခံဝန်ဖြင့် အပြီးအပြတ်တောင်းပန်ပါသည်။

**ကိုဇော်ဇော်အောင်၊ ကိုကျော်ဇင်၊ ကိုသန်းဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ရောဘတ်စန်းအောင်**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၆၉/၈၃)**

**အမှတ်-၁၇၃၊ ပထပ်၊ သိမ်ဖြူလမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**

**ဖုန်း-၀၉-၄၃၀၄၉၃၁၃၊ ၀၁-၃၉၄၃၂၄**

အဘသကြန်ကျောင်းပိတ် ရက်ရှည်မှာ "သားသား" "မီးမီး" "ဦးဦး" "ဒေါ်ဒေါ်" "အိုးတွား" "မိတ" ညီအစ်ကိုမောင်နှမသူငယ်ချင်းမိတ်ဆွေများ ပျော်ရွှင်မှုနှင့် အတွေ့အကြုံသစ်များ ရရှိစေဖို့ Nice Fare Travel IATA နှင့်ခရီးသွားကြစို့ ............

- ဗန်ကောက်၊ပတ္တရား (၁၂-၁၆ / ၁၃-၁၇ ခြီး)
- ကိုရီးယား - ဂျပန် (၁၂ - ၂၀ ခြီး)
- ကိုရီးယား (၁၂-၁၉ / ၁၃-၂၀ ခြီး)
- လန်ဒန် (၁၂ - ၂၇ ခြီး)
- ဗီယက်နမ် (၁၃-၁၉ / ၁၂-၁၅ ခြီး)
- ဟောင်ကောင် (၁၃-၁၇ ခြီး)
- စင်္ကာပူ (၁၂-၁၅ / ၁၃-၁၆ ခြီး)
- အမေရိကား (၁၀ - ၂၆ ခြီး)
- ဥရောပ (၁၀ - ၂၄ ခြီး)
- ဂျပန် (၁၃-၂၀ ခြီး)

(ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ဈေးနှုန်းလည်း Fair ဖြစ်ရမည်။)

အထူးဝန်ဆောင်မှု - ခရီးစဉ်အားလုံး စရိတ်ငြိမ်း မည်သည့် အကြောင်းပြချက်နှင့် အပိုကြေးထပ်မံမကောက်ယူပါ။
Nice Fare Travel မိသားစုမှ အနီးကပ် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပို့ဆောင်ပေးပါသည်။

ဆက်သွယ်ရန် ၀၁-၂၅၅၆၉၉၊ ၀၉-၅၁၃၉၂၆၃၊ ၀၉-၇၈၈၇၇၃၀၁၀ ၊ ၀၉-၉၆၀၂၅၆၀၀၀ ၊ ၀၉-၇၇၇၇၇၂၃၅၄ ၊ ၀၉-၇၉၈၁၀၈၇၆၁၁


(25)!udkjrmufai&wk xdkt rSjrwfq&mylZmf zdkfum;vT

ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အထက (၁)ကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော အနန္တဂိုဏ်းဝင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးဆပ်လိုကြသည့် တပည့်များက စုပေါင်း၍ "(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ" နှင့် "ကျောင်းသား/သူဟောင်းများ ပြန်လည်တွေ့ဆုံပွဲ"ကို စာပေဟောပြောပွဲ၊ မြန်မာ့မုန့်ရောင်းချပွဲ၊ လှည့်လည်ဖျော်ဖြေပွဲနှင့် မိတ်ဆုံစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက် ငယ်ပေါင်းသူငယ်ချင်းများ ကြည်နူးပီတိဖြစ်ဖွယ်ရာ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းရန် - ဦးခင်ဦး ၀၉-၇၃၀၁၃၈၄၈၊ ဦးကျော်ဆန်းနိုင် ၀၉-၅၀၂၆၈၃၃၊ ဦးမျိုးဝင်းနိုင်(ခ)ဦးဝီချိုင်း ၀၉-၄၂၂၄၇၈၈၉၉၊ ကိုဇော်ဇော်လင်း- ၀၉-၄၅၀၀၅၀၉၃၃၊ ဒေါ်လှလှဦး ၀၉-၇၈၁၄၂၄၅၄၁

အထက(၁)
ကျောင်းသား၊ ကျောင်းသူဟောင်းများ

**အစီအစဉ်**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၄-၂-၂၀၁၇ ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | မွန်းတည့် ၁၂:၀၀ နာရီ |
| ကျင်းပမည့်နေရာ | - | အထက(၁) ပင်မကျောင်းရှေ့ရင်ပြင် |

tdkt u(r) t vdk6nf

လစာ(၇၀၀၀၀)
မှတ်ပုံတင် မူရင်းပါရမည်။
Ph-09-421108179

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ဖြင့်

ဂျပန်နည်းပညာ စင်တီမီတာဖြင့် အင်္ဂလိပ်ဆွဲနည်း မိန်းမဝတ် ရင်စေ့၊ ရင်ဖုံး နှင့် ခေတ်ပေါ်ပုံ အမျိုးမျိုးအတွက် စက်ချုပ် သင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | |
|---|---|
| ဖွင့်လှစ်မည့်နေ့ | (၁၁.၂.၂၀၁၇) |
| သင်တန်းချိန် | နံနက်(၀၉း၃၀)နာရီမှ ညနေ(၀၃း၀၀)နာရီထိ |
| သင်တန်းကာလ | ၈ပတ်(စနေ+တနင်္ဂနွေနေ့တိုင်း) |

သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်-
မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ်(၆၅)၊ တော်ကိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၆၁၀၇၁၂၊ ၀၉-၄၂၀၀၀၃၅၆၀၊ ၀၉-၂၅၀၇၉၇၀၂၁







(၁၉-၁-၂၀၁၇) ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ (အချပ်ပို-၇) တွင်ပါရှိသော ကန်ထရိုက်တာ ဦးမောင်ဘ [၁၂/သဃက (နိုင်) ၁၂၇၁၁၄] နှင့် ချုပ်ဆိုသော ၂၄-၄-၂၀၁၆ ရက်စွဲပါ လုပ်ငန်းအပ်နှံခြင်းစာချုပ်နှင့် ဦးတင်မြင့် [၁၂/သဃက (ဃ) ၀၀၂၂၃၀] နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း။

ဦးတင်မြင့် (၁၂/သဃက (ဃ) ၀၀၂၂၃၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာ အပ်သည်မှာ -

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမောင်မောင်ထွန်း B.A(LAW), LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ (စဥ်-၂၆၅၃)
အမှတ်(၂၄/A)၊ ပုသိမ်ညွန့် (၇) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ 09-421023822

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

# ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ ဆေးရုံဟောင်းလမ်း၊ ကွင်းအကွက် အမှတ်(၈)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀. ၀၆၄)ဧကရှိ ဂရန်မြေကွက် အနက်မှ တောင်ဘက်ခြမ်းရှိ (၀. ၀၃၂)ဧကရှိ မြေကွက်၏ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူဦးမြင့်ဝေနှင့် ဒေါ်ဂျတီနာတို့၏ သားသမီးများဖြစ်သော (၁) ဦးသောင်းထွန်း[၉/မနမ(နိုင်)၀၃၂၄၀၇]၊ (၂) ဒေါ်လှလှဝင်း[၁၂/တမန(နိုင်)၀၉၀၅၆၀]၊ (၃) ဒေါ်ခင်မျိုးဝေ[၉/ မနမ(နိုင်)၀၃၂၄၀၆]၊ (၄)ဦးအောင်မြင့်[၁၂/တမန(နိုင်)၀၀၃၈၆၄]တို့ မှလည်းကောင်း၊ ၎င်းမြေကွက်နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သော ဦးပိုင် အမှတ်(၆၇)၊ မြေဧရိယာ(၀. ၀၃၁)ဧကရှိ ဂရန်မြေကွက်၏အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးဘာဘူနှင့် ဒေါ်စလေခါတို့၏ သားသမီးများဖြစ်သော ဦးလှသိန်း[၁၂/တမန(နိုင်)၀၈၈၉၉၆] ပါ(၁၀) ဦးတို့မှလည်းကောင်း ပိုင်ဆိုင်ထားရှိပါသည်။ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူ တစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ကျူးကျော်ခြင်း၊ မြေဂရန် အမည်ပြောင်းလျှောက်ထားခြင်းတို့ကို လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၄၈၀၄)**
**အမှတ်(၁၄၉)၊ ရွာသစ်တောင်ပိုင်း၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၇၃၆၁၃၅၆၁၊ ၀၉-၇၇၅၆၆၅၇၁၉**

